
http://www.dhammadownload.com

ဘဝတက္ကသိုလ်

# တရားတွေ့ဖို့ ချမ်းမြေ့ဖို့

ဆန်းလွင်



http://www.dhammadownload.com




# တရားတွေ့ဖို့ ချမ်းမြေ့ဖို့

**ဆန်းလွင်**

[ဒုတိယ အကြိမ်]

'တရား တွေ့ဖို့ ချမ်းမြေ့ဖို့' သည်
မြန်မာနိုင်ငံသို့ လာ၍
အမြိုက် တရားကို ရှာသူ
ဂျပန်ပြည်သား တစ်ယောက်ကို
အကြောင်းပြု၍ ဖြစ်လာသော
ဓမ္မစုရ စာမျိုး ဖြစ်ပါသည်။

http://www.dhammadownload.com



၁၄၉၊ ၃၇ လမ်း၊ ရန်ကုန်။

http://www.dhammadownload.com

စာမူ ခွင့်ပြုချက် အမှတ် [၃၂၀၅၆၁၀၈၀၇]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၃၂၀၀၈၁၀၂၀၈]

ဒုတိယ အကြိမ်၊ ၂၀၀၈၊ မတ်လ
[ပထမ အကြိမ်၊ ၁၉၉၀၊ ဇန်နဝါရီလ၊ ဘဝတက္ကသိုလ် စာပေ]

| | |
|---|---|
| မျက်နှာဖုံး | ဒီဇိုင်း မောင်မြင့်လွင် |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၅၀၀ ကျပ် |
| မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်၊ ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ၊ ၁၀၊ ရတနာမြိုင်လမ်း၊ လှည်းတန်း၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ |

http://www.dhammadownload.com

ဆန်းလွင်

# တရားတော့မို့ ချမ်းမြေ့မို့


http://www.dhammadownload.com

http://www.dhammadownload.com



ချမ်းမြေ့ ရိပ်သာ ဆရာတော် ဘဒ္ဒန္တ အရှင် ဇနကာဘိဝံသ။

http://www.dhammadownload.com




မစ္စတာ ကော၊ ကီတာတာနီအား ရဟန်း ဒကာက ဆံချပေးစဉ်
အနီးမှ ကြည်ညိုနေသူ ယောဂီမှာ မစ္စက် ကီတာတာနီ ဖြစ်သည်။

http://www.dhammadownload.com



ဦးပညာနန္ဒ ဘွဲ့ရှိ မစ္စတာ ကော၊ ကီတာတာနီ
သပိတ်ဖြင့် ဆွမ်းဘုဉ်း ပေးစဉ်။

http://www.dhammadownload.com



ရဟန်း ဒကာများက ဂျပန် ရဟန်းတော် ဦးပညာနန္ဒအား
သင်္ကန်း ဆက်ကပ်စဉ်။



သိမ်မှ ထွက်လာသော ဂျပန် ရဟန်းတော် ဦးပညာနန္ဒအား
မစ္စက် ကေ၊ ကီတာတာနီနှင့် ရဟန်း ဒကာ ဦးကြည်စိုးမော်၊ ဒေါ်နန်းခမ်းဖူးတို့
ကြည်ညိုနေကြစဉ်။

http://www.dhammadownload.com



ချမ်းမြေ့ ရိပ်သာ ဆရာတော်ကြီးက ဂျပန် ရဟန်းတော်အား ပထမ အကြိမ် တရားအားထုတ်ပြီးနောက် သိက္ခာ ချခါနီးတွင် ဆုံးမ ဩဝါဒ ပေးစဉ်။



ပထမ အကြိမ် တရား အားထုတ်စဉ် အတွေ့အကြုံများကို စာရေးသူ ဆန်းလွင်က ဦးပညာနန္ဒအား သိက္ခာ မချမီ တွေ့ဆုံ မေးမြန်းစဉ်။

http://www.dhammadownload.com



အီးကဖီး ဦးညွန့်၊ တရား ရှာသူ ကော၊ ကီတာတာနီနှင့်
ရဟန်း ဒကာ ဦးကြည်စိုးမော်။

http://www.dhammadownload.com

## ဤစာ နိဒါန်း

'တရား တွေ့ဖို့ ချမ်းမြေ့ဖို့' သည်
မြန်မာနိုင်ငံသို့ လာ၍
အမြိုက် တရားကို ရှာသူ
ဂျပန်ပြည်သား တစ်ယောက်ကို
အကြောင်းပြု၍ ဖြစ်လာသော
'ဓမ္မစရ' စာမျိုး ဖြစ်ပါသည်။
၁၉၈၆-၈၇ ခုနှစ်များက
ဤစာစုကို မိုးဝေ မဂ္ဂဇင်းတွင်
လစဉ် အခန်းဆက် ရေးခဲ့ပါသည်။
တရား ရှာသူတို့
သတိပြုစရာ
စဉ်းစားစရာ
မှတ်သားစရာ
အတုယူစရာ
လေ့လာစရာ
လိုက်နာစရာ
ကျင့်ကြံစရာ
အားထုတ်စရာများ
ဤစာမှာ ပါပါသည်။

http://www.dhammadownload.com



စာဖတ်သူတို့က ဤဆောင်းပါး စာစုကို
စာအုပ်ငယ် ဖြစ်စေချင်ကြပါသည်။
ဖြစ်နိုင်လျှင်
မြန်မာ ဘာသာဖြင့်သာမက
အင်္ဂလိပ် ဘာသာပြန်ကိုပါ
ထုတ်ဝေ ဖြန့်ချိစေချင်ကြပါသည်။
ဖြစ်နိုင်လျှင် လုပ်ချင်သော
ထိုထို ဆန္ဒများလည်း ရှိခဲ့ပါသည်။
သို့သော်
ကြံတိုင်းလည်း မဖြစ်
လုပ်တိုင်းလည်း မပြီး ဖြစ်တတ်ပါသည်။
လောလောဆယ်တွင်
အင်္ဂလိပ် ဘာသာပြန် ကိစ္စ မပြီးသေးပါ။
နောင်အခါ ပြီးမြောက်အောင်
ဆောင်ရွက်ဖို့ စိတ် အဓိဋ္ဌာန် ရှိပါသည်။

ဤစာ ဖြစ်လာသည့်
နောက်အကြောင်းကို အနည်းငယ် ဆိုပါမည်။
၁၉၈၆ ခုနှစ်က ဖြစ်ပါသည်။
ရန်ကုန်မြို့ ချမ်းမြေ့ ရိပ်သာသို့
ဂျပန်ပြည်သား အရာရှိကြီး တစ်ဦး
အမှတ်မထင် ရောက်လာပါသည်။
သူ့အမည်မှာ မစ္စတာ ကီတာတာနီ၊
သူ့ အလုပ်မှာ ကုလသမဂ္ဂ၏
ဖွံ့ဖြိုးရေး အစီအစဉ် ဌာနေ ကိုယ်စားလှယ်၊
သူ နေထိုင်ခဲ့သည်မှာ အမေရိကန် ပြည်ထောင်စု၊
သူ ကိုးကွယ်ခဲ့သည်မှာ မဟာယာန၊
သူ ရှာဖွေခဲ့သည်မှာ တရားဓမ္မ။

http://www.dhammadownload.com



သူသည်
လောကီ အမြင့်ဘုံမှာ နေခဲ့သည်။
လောကီ စည်းစိမ် ချမ်းသာကို ခံစားခဲ့သည်။
လောကီ တန်ခိုး အာဏာကို ရရှိခဲ့သည်။
လောကီ အဆောင်အယောင်ကို ပိုင်ဆိုင်ခဲ့သည်။
လောကီ ဂုဏ်ဒြပ်ကို စိုးမိုးခဲ့သည်။
သို့ပါလျက်လည်း သူ့ ခန္ဓာသည်
သူ့ကို ရန်ရှာခဲ့သည်။
သူ့ကို အသေ သတ်ခဲ့သည်။
သူ့ကို ပျက်စီးစေခဲ့သည်။
သူ့ကို နာကျင်စေခဲ့သည်။
သူ့ကို ဆေးရုံသို့ ပို့ခဲ့သည်။
သူ့ အစာအိမ် ပျက်စီးခဲ့သည်။
သူ့ကိုယ်ကို ခွဲစိတ်ခဲ့သည်။
သူ့ အစာအိမ်ကို လှီးဖြတ်ခဲ့သည်။
သူ့ အသက်ကို ဆရာဝန်တွေ လုခဲ့ကြသည်။
သူ့ ရောဂါကား မပျောက်သေး။
သူ့ အသက် အန္တရာယ်ကား မကင်းသေး။
သူ့ ဆင်းရဲကား မငြိမ်းသေး။
ကင်ဆာ ရောဂါသည် သူ့ ကိုယ်ထဲမှာ ရှိနေသေးသည်။
အသက်ရှင်နေရမည့် သူ့ နေ့များသည်
တိုတောင်းသွားပြီ။
သေခြင်းကို သူ မျက်မှောက်ပြုပြီ။
ထိုအခါ ခန္ဓာပေါ်သို့
သူ့ဉာဏ် ရောက်လာသည်။
သူ ဘာလုပ်မည်ကို စဉ်းစားရပြီ။
ဂုရုများက တရား အားထုတ်ပါဟု
စေတနာ စကားဖြင့် ဆုံးမသည်။

http://www.dhammadownload.com



ဆေးဝါးသည်လည်း အားထားစရာ မဟုတ်တော့။
သူ သိမြင် နားလည်လိုက်ပြီ။
တရား ဓမ္မသာ အားထားရမလား။
သူ့မှာ စဉ်းစားနေချိန် မရှိပါ။
ဒွိဟ ဖြစ်ချိန် မရပါ။
အငြင်းပွားချိန် မရှိပါ။
ရှေ့ ပတ္တမြား ရှေ့ နဂါး
တရားကိုသာ အားထုတ်လိုက်သည်။
တရားသည်သာ သူ့ ဘဝမှာ
အားထားစရာ ဖြစ်သည်။
ပွားများစရာ ဖြစ်သည်။
ငြိမ်းအေးစရာ ဖြစ်သည်။
လွတ်မြောက်စရာ ဖြစ်သည်။
ဆောက်တည်စရာ ဖြစ်သည်။
ခိုနားစရာ ဖြစ်သည်။
စိတ်ချစရာ ဖြစ်သည်။
တရားကသာ သူ့ကို
စိတ်အား သတ္တိ ပေးသည်။
ကျန်းမာ ရွှင်လန်းစေသည်။
ရောဂါ ခပ်သိမ်း ကင်းငြိမ်းစေသည်။
ဘဝ အဓိပ္ပာယ်ကို ဖော်သည်။
ဘဝ ရည်မှန်းချက်ကို ပြသည်။
ဘဝ ကိစ္စကို ပြောသည်။
ဘဝ တန်ဖိုးကို ပေးသည်။
ဘဝ သစ္စာကို ရှင်းပြသည်။
ထိုအခါ သူသည်
အသက်ရှင်စဉ် ကာလ၏
ကျန်ရှိသော အချိန်တွေကို

http://www.dhammadownload.com



တရားရှာသူ အဖြစ်ဖြင့်သာ
ကုန်လွန်ဖို့ ဆုံးဖြတ်ခဲ့လေသည်။
ထေရဝါဒသည်
တရားစစ် တရားမှန် ဖြစ်သည်ဟု
သူ ဆုံးဖြတ်ချက် ချခဲ့သည်။
ထေရဝါဒ ထွန်းကားရာ
မြန်မာပြည်သည်
သူ တရားရှာရာ
ဂေါစရဂါမ ဖြစ်သင့်သည်ဟု
သူ ရွေးချယ် ပိုင်းခြားခဲ့လေသည်။

သူ ဆုံးဖြတ်ပုံ
သူ ရွေးချယ်ပုံ
သူ ပြုမူပုံ
သူ ကျင့်ကြံပုံ
သူ အားထုတ်ပုံ
သူ ပြောဆို ဆွေးနွေးပုံ
အလုံးစုံကို
ဤစာတွင် တင်ပြထားပါသည်။
၁၉၈၆-၈၇ ခုနှစ်များက
ဤစာစုကို မိုးဝေ မဂ္ဂဇင်းမှာ
လစဉ် အခန်းဆက် ဆောင်းပါး ရေးခဲ့သည်။
ရေးခဲ့သည့် အတိုင်း
အနည်းငယ်သာ တည်းဖြတ်ပြီး
ဤစာအုပ်ကို ဖန်တီးပါသည်။
ဆောင်းပါးစုသည်
စာအုပ်ငယ် ဖြစ်လာသော်လည်း
ဘာသာရေး ကျမ်းတစ်စောင်တော့ မဟုတ်ပါ။

http://www.dhammadownload.com



တရားရှာသူများ နည်းယူစရာ
ကလျာဏ ပုထုဇဉ်တို့ မျှော်လင့်စရာ
ဘုံစဉ် စံလိုသူတို့ နှစ်ခြိုက်စရာ
တရား ဓမ္မစာ တချို့ဟု
ဆိုသော်ကား ဆိုနိုင်မည် ထင်ပါသည်။

**ဆန်းလွင်**

http://www.dhammadownload.com

# ၁။ ဘယ်လို သေမည်နည်း။

သတ္တဝါတို့၌ စွဲလမ်းတတ်သော အာရုံသည် ရှိ၏။ ကျမ်းဂန်တွင် ထိုအာရုံကို ဥပါဒါန်ဟု ပြပါသည်။ အကျယ်အားဖြင့် ဆန္ဒ ရာဂစွဲကို ကာမုပါဒါန်၊ ငါစွဲကို အတ္တဝါဒုပါဒါန်၊ ဘဝ လွတ်မြောက်ရေး အတွက် ဝိပဿနာ မပါဘဲ ကျင့်လည်ရသည်ဟု ထင်သော အကျင့်မှား အစွဲကို သီလဗ္ဗတု ပါဒါန်၊ လွဲမှားသော ဝါဒစွဲကို ဒိဋ္ဌုပါဒါန် ခေါ်ပါသည်။ ထိုစွဲလမ်းမှု လေးမျိုးကို ခြုံ၍ သုံးသပ်သော် တဏှာစွဲနှင့် ဒိဋ္ဌိစွဲ ဟူ၍ နှစ်မျိုးသာ အပြားအားဖြင့် ရပါလိမ့်မည်။

တဏှာစွဲနှင့် ဒိဋ္ဌိစွဲတို့တွင် သမ္မာဒိဋ္ဌိစွဲ ဖြစ်မှုကား အကျိုးပေး သန့်သည်ဟု ယူသင့်သော အကြောင်းများ ရှိပါသည်။ မကြာမီက ဆရာကြီး ဒဂုန် ဦးစန်းငွေ ရေးသားသော ဝတ္ထု တစ်ပုဒ်ကို ပိဋကဘာသာပြန် နှစ်လည် မဂ္ဂဇင်းတွင် ဖတ်ရလေသည်။ ဝတ္ထုမှာ သီဟိုဠ် မဇ္ဈ ရသ သဝါဟိနီ ကျမ်းလာ သီဟိုဠ် ဝတ္ထု ဖြစ်ပါသည်။ မိဂ ပေါတက ဝတ္ထု မည်သည်။ ဝတ္ထု အကြောင်းမှာ ဤသို့ ဖြစ်ပါသည်။

သီဟိုဠ်ကျွန်းတွင် ဥတ္တလောမိက အရပ်တွင် တောရ ဆောက်တည် နေသော ဈာန်အဘိညာဉ်ရ ရဟန်းတော် တစ်ပါး နေရာ တောကြီး အတွင်း သားကောင် မျိုးစုံ နေထိုင် ကျက်စားကြလေသည်။

တစ်နေ့သ၌ ထိုတောသို့ သားလိုက် မုဆိုး တစ်ဦး ရောက်လာသည်။ သားကောင်များကို ချောင်းပစ်ရန် ကျောင်းသခ်မ်း ရေကန်ကို အမှီပြု၍

http://www.dhammadownload.com



စောင့်နေစဉ် တစ်ကောင်သော သမင်သည် ထိုရေကန်သို့ ရေသောက် ဆင်းလာ၏။ မုဆိုးလည်း သမင်ကို ပစ်ခတ်ရန် လေးကို တင်၏။

ထိုစဉ် မထေရ်ကြီး၏ 'လာကြကုန်၊ တရား နာကြကုန်' ဟု ဖိတ်ကြားသော အသံကို သမင်သည် ကြားသဖြင့် သမင်လည်း လှမ်းနေသော ခြေကို မြေသို့ ပြန်မချဘဲ အဘယ အမည် ရှိသော ထိုမထေရ်၏ တရား ကြွေးကြော်သံကို နာခံလျက် ရပ်နေမိလေ၏။

အရှိန် ပြင်းစွာဖြင့် လွှတ်လိုက်သော မုဆိုး၏ မြားလည်း သမင်၏ ရင်ဝသို့ (ထိုစဉ် ခဏမှာပင်) စူးဝင်လေ၏။ တရား၌ ရောက်သော အာရုံကို စွဲလျက် သမင်သည် ချက်ချင်း အသက်ထွက်၍ သေရရှာလေသည်။

တရားသံအားဖြင့် အသက် ထွက်ရသောကြောင့် ထိုသမင်သည် ဘဝကူး ကောင်းကာ မထေရ်၏ နှမ ဝမ်းတွင် သန္ဓေ ရလေ၏။ ဖွားသော် ယောကျ်ားကလေး ဖြစ်လာ၏။

ပါရမီ ဘုန်းကံသည် ထိုသူငယ်၌ ပါလာရကား သူငယ်ကို သင်္ကန်း ဆီးရန် ဆံချစဉ်မှာပင် တစပဥ္စက ကမ္မဋ္ဌာန်းကို အာရုံပြုလျက် အာသဝေါ ကုန်သော ရဟန္တာ အဖြစ်သို့ ရောက်လေတော့၏။

တစ်နေ့သ၌ ထိုရဟန္တာ သာမဏေသည် အမိ အိမ်တွင် ဆွမ်းစားပြီးသော အခါ အနုမောဒနာ တရားကို ဟော၏။ တရား၏ အဆုံး၌ အနုသာသနိက (ဆုံးမ) စကားကို ဆိုရာတွင် သာမဏေက

'မြက် သစ်ရွက်ကိုသာ စားလျက် အသက်ရှင်ရသော တိရစ္ဆာန်ပင် ဖြစ်ပါလျက် တရား နိမိတ်ကို အာရုံပြုလျက် သေသည် ရှိသော် အသစ် ဖြစ်သော ဘဝ၌ မြတ်သော လူယောကျ်ား ဘဝကိုလည်း ရသည်၊ ဘဝ၏ လွတ်မြောက်ရာ ချမ်းမြေ့သော အသင်္ခတဓာတ် မြတ်နိဗ္ဗာန်ကိုလည်း ရခဲ့ဖူး ပြီ။

'သတိ သမ္ပဇဉ် ဉာဏ် အမြင် ရှိသော ပုဂ္ဂိုလ်သည် ဟောအပ်သော တရားတော်ကို ရိုသေစွာ လိုက်နာ ကျင့်သုံးခြင်း၊ ဘုရား၌ အကြွင်းမဲ့ ယုံကြည် သက်ဝင်ခြင်း ရှိသည် ရှိသော် နတ်ရွာ သုဂတိဘုံ၌ အဘယ်မှာ လျှင် မမွေ့လျော် မခံစားရဘဲ ရှိပါအံ့နည်း'

ဝတ္ထုကား ဤတွင် ဆုံး၏။ ဆရာကြီး ဒဂုန် ဦးစန်းငွေက သူ့

http://www.dhammadownload.com



ဆောင်းပါး၏ နိဂုံးတွင် 'ငါသေလျှင်ကော ဘယ်လို သေမည်နည်း' ဟု သူ့ကိုယ်သူ မေးခွန်း ထုတ်ထားလေသည်။

'ငါသေလျှင် ဘယ်လို သေမည်နည်း'

ဤမေးခွန်းကို မေး၍ အမြတ်တရားကို အားကြိုးမာန်တက် ရှာဖွေရန် ကြီးမားသော အဓိဋ္ဌာန်ကို ပြုလျက် မြန်မာပြည်သို့ လာ၍ တရားအားထုတ်သော ဗုဒ္ဓဘာသာ ဉပသကာ တစ်ဦးကို မမြင့်မီ ကာလက အမှတ်မထင် ရန်ကုန်မြို့ ကမ္ဘာအေး ဘုရားလမ်း ချမ်းမြေ့ ရိပ်သာတွင် ပွဲတွေ့ ကြုံရသော အခါ အကျွန်ုပ်၏ ရင်၌ ဖြစ်တက်လာသော ပီတိသည် သမုဒ္ဒရာ လှိုင်းတံပိုးနှင့်ပင် နှိုင်းရ မထင်တော့ပါ။

သူကား ဂျပန်ပြည်သား တစ်ဦး ဖြစ်လေသည်။ သူ့ အမည်က မစ္စတာ ကတ်ဆုဟိဒေး ကီတာတာနီ *(Katsuhide Kitatani)*။ သာမည ပုဂ္ဂိုလ်ကား မဟုတ်။ မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂ ဌာနေ ကိုယ်စားလှယ်ကြီး။ ရောမ ကမ္ဘာ့ လူသား အကျိုးဆောင် ပုဂ္ဂိုလ်ကြီး။

သူသည် ကမ္ဘာ့ ကုလသမဂ္ဂမှာ အမှုထမ်းရင်း အမေရိကန် နိုင်ငံ နယူးယောက် မြို့တွင် နေခဲ့သည်မှာ ကာလအားဖြင့် ဆယ့်ကိုးနှစ်ပင် ကြာခဲ့၏။ ကြီးကျယ်ခြင်း များစွာ၊ လောကီ ဝတ္ထု ချမ်းသာ များစွာတို့ဖြင့် ကာလ ကြာမြင့်စွာ ဆက်ဆံ ပေါင်းသင်းလျက် အသက်၏ ထက်ဝက် မကသော အချိန်တို့ကို ကုန်စေခဲ့ပြီ ဖြစ်သော မစ္စတာ ကီတာတာနီသည် ယခု မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းမှာ ကုလသမဂ္ဂ၏ သဘောဖြင့် စေလွှတ်၍ ရောက်ရှိလာခြင်း မဟုတ်ပါ။

သူ့ သဘောနှင့် သူ မြန်မာ နိုင်ငံသို့ သွားပါရစေဟု တမင်တကာ လိုလိုချင်ချင် တောင်းဆိုပြီး ပြောင်းရွှေ့လာခြင်း ဖြစ်သည်ဟု မမစ (စာရေးဆရာမကြီး ခင်နှင်းယု) က ပြောပြတော့ အံ့ဩလိုက်ရသည်မှာလည်း ကျားသားမိုးကြိုး မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်ရပြန်ပါသည်။ ဘာကြောင့်များ မြန်မာပြည်ကို သူ လာချင်စိတ် ဖြစ်ခဲ့လေသနည်း။

ထို့ထက် ထူးစွာ မစ္စတာ ကီကာတာနီနှင့် လူချင်း ဆုံဖို့ ဖြစ်လာရသည့် အကြောင်းကို ယခု ဆိုချင်ပါသည်။

မမြင်သာသော ပစ္စည်းဆက်တရားတို့သည် နေရာတကာမှာ ရှိပင်

http://www.dhammadownload.com



ရှိပြား မမြင်သာသော တရား ဖြစ်၍ သိနားလည်ဖို့ မလွယ်ချေ။ သို့ရာတွင် တမင်တကာ အားထုတ်ရခြင်း၊ မိမိ ပယောဂဖြင့် ဖန်တီးရခြင်း မရှိဘဲ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရသည့် ကိစ္စများဖြင့် ပက်ပင်း ကြုံလာသောအခါ ထိုပစ္စည်းဆက် အကြောင်းတရားတွေမှာ ထင်ရှားလာတတ်ပါသည်။

အကျွန်ုပ်သည် ချမ်းမြေ့ ဆရာတော်ဘုရား၏ နိုင်ငံခြား သာသနာပြု အကြောင်း သတင်း စကားများကို ကြားသိ နေခဲ့ရသည်မှာလည်း ကြာပါပြီ။ သို့သော် ဆရာတော်ကို ကိုယ်တိုင် ဖူးတွေ့ဖို့မှာ အကြောင်း မပေါ်သေး၍ မဖြစ်ဘဲ နေခဲ့ပါသည်။

မကြာသေးသော ကာလကမူ အကျွန်ုပ်သည် ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး၏ ဝိဇ္ဇာမဂ္ဂ ဒီပနီ အမည် ရှိသော ကျမ်းကို အင်္ဂလိပ် ဘာသာသို့ ရေးသား ပြန်ဆိုပြီးခဲ့၏။

ထိုအင်္ဂလိပ် ဘာသာပြန်ကို ပုံနှိပ်ခြင်း မပြုမီ ဆရာတော် ဖတ်ရှုပြီး ဆုံးမ အကြံပြုဖို့၊ ထင်မြင်ချက် ရေးသား ချီးမြှင့်ဖို့ ချမ်းမြေ့ ဆရာတော်ထံသို့ ရောက်ရလေတော့၏။ အစစအရာရာ ကူညီ ဆောင်ရွက်သူမှာ မမစု (ဒေါ်ခင်နှင်းယု) ဖြစ်ပါသည်။

ဆရာတော်သည် အကျွန်ုပ်၏ ဘာသာပြန် စာမူကို လှန်လှော ကြည့်ပြီးနောက် နှစ်ခွန်းသော စကားကို ဦးစွာ မိန့်တော်မူပါသည်။

'ဒီကျမ်းဟာ အင်္ဂလိပ် ဘာသာပြန်ပြီး မရှိသေးဘူး၊ ဒီခေတ်မှာ ခုလို ကြိုးပမ်းပြီး ဘာသာပြန်တာ ဝမ်းသာစရာ ကောင်းတယ်'

ထိုစကား နှစ်ခွန်းဖြင့် ဆရာတော်က အကျွန်ုပ်၏ ဘာသာပြန်ကို ထုတ်ဝေသောအခါ ထင်မြင်ချက်စာ ချီးမြှင့်ဖို့ သဘောတူလေသည်။ အကျွန်ုပ်အားလည်း

'နောက် တနင်္ဂနွေနေ့ နံနက် ရှစ်နာရီကို ရောက်အောင် လာခဲ့၊ ဘုန်းကြီးတို့ ဒီမှာ ဂျပန် အမျိုးသား တစ်ဦးကို ရဟန်းခံပြီး တရား ချီးမြှင့်ဖို့ ရှိတယ်' ဟု နှုတ်ဖြင့် ဖိတ်လိုက်ပါသည်။

တနင်္ဂနွေနေ့။

နေသန့်သည်။ မိုးမရွာ။ နံနက်ခင်းသည် လန်းဆန်းနေလေသည်။ ချမ်းမြေ့ ရိပ်သာတွင် ရှစ်နာရီ မထိုးခင် ဆုံကြဖို့ ဘ၀ တက္ကသိုလ်

http://www.dhammadownload.com



ကိုနေဝင်း၊ မိုးဝေ မဂ္ဂဇင်းမှ ကိုသိန်းဦးတို့ကိုလည်း ချိန်းထားသည်။ ကျောင်းဝင်းထိပ်ရှိ လက်ဖက်ရည်ဆိုင်တွင် ကိုနေဝင်း၊ ကိုသိန်းဦးတို့က ကြို၍ စောင့်နေကြလေ၏။ သမီးငယ် ယာယာကလည်း လိုက်ပါလာသည်။

ကျောင်းဝင်းထဲ ရောက်တော့ ရုံးခန်းရှိ မမစုကို သွားရှာသည်။ မမစု ဆယ်နာရီကျော်မှ ပြန်ရောက်မည်၊ ခေတ္တ အိမ်သို့ ပြန်သည်ဟု စာရေးမနှင့် တူသော မိန်းကလေးက သတင်းပေးသည်။

'ဓမ္မာရုံ သိမ်ပေါ်မှာ ဆရာတော် ဘုရား ရှိပါတယ်၊ ရဟန်းခံပွဲ ရှိတယ်၊ သွားပြီး ကြည့်ညိုပါလား' ဟု ထိုမိန်းကလေးက ဆိုသည်။ ဓမ္မာရုံ သိမ်ကြီးပေါ်သို့ ရှေ့လှေကားမှ တက်ခဲ့ကြသည်။

ရဟန်းခံပွဲ စတင်တော့မည်။ ပရိသတ်များ ပြည့်နေသည်။ နောက်ဘက်က လှည့်ဝင်လျှင် ကောင်းမည် ဆိုပြီး အကျွန်ုပ်တို့ လူစု နောက်လှေကားမှ တက်ကာ နောက်ပေါက်မှ ဝင်ခဲ့ကြပါသည်။ နောက်ကျကျ တစ်နေရာမှာ ထိုင်ပြီး ရဟန်းခံပွဲကို ကြည့်ညိုကြပါသည်။

ထိုအချိန်တွင်

'ဥပဇ္ဈာယော မေဘန္တေ ဟောတိ' ဟူသော ပါဠိသံနှင့် အတူ *'Venerable Sir, would you please be kind enough to be my preceptor.'* ဆိုသော ဥပဇ္ဈာယ်ပြုရန် ဆရာသခင်အား ပန်ကြားသော အင်္ဂလိပ် ဘာသာပြန် အသံ ရုတ်တရက် ထွက်ပေါ်လာလေ၏။

တစ်သက်နှင့် တစ်ကိုယ်တွင် တစ်ခါမှ မကြုံဖူးသော အတွေ့အကြုံပါတကား။ ရဟန်းလောင်း ဂျပန် အမျိုးသား၏ စိတ်ဘဝင်တွင် မည်သို့ ခံစားရမည်ကို အတပ် မသိပါ။ မိမိမှာမူကား ကြက်သီးမွေးညင်းထမျှ စိတ်နှလုံး တုန်လှုပ်စွာ ဝမ်းသာအားရ ဖြစ်မိပါသည်။

မကြာမီကမှ မိမိသည် အင်းလေး ဒေသ ဝက်သကင် ရွာကလေးရှိ ရေသိမ်ထဲတွင် ရဟန်းခံခဲ့သော ပူပူနွေးနွေး အတွေ့အကြုံကိုလည်း လောလောလတ်လတ် ပြန်လည် ခံစားနေရဘိသကဲ့သို့ ဖြစ်နေပါသည်။ မိမိ၏ ဥပဇ္ဈာယ် ဆရာမြတ်၏ မျက်နှာတော်ကိုလည်း တရေးရေး မြင်ယောင်လျက် ရှိသည်။

ထိုစဉ် တည်ကြည် လေးနက်သော ချမ်းမြေ့ ဆရာတော် ဘုရား၏

http://www.dhammadownload.com



ထည့်ဝါ ခံ့ညားလှသော အင်္ဂလိပ်ဘာသာဖြင့် ရဟန်းလောင်း (နာဂ) အား ညွှန်ပြ ဆုံးမသော အသံတော် ထွက်ပေါ်လာသဖြင့် မိမိ၏ အတွေး အလျဉ် ပြတ်သွားပြန်လေသည်။ သပိတ် တစ်လုံး၊ သင်္ကန်း သုံးထည်ကို ရဟန်းလောင်း (နာဂ) ပိုင်ဆိုင်ကြောင်း ပြောဆိုပြီးနောက် ယခု ရဟန်း လောင်းအား နာဂ ဟူ၍ လည်းကောင်း၊ ဥပဇ္ဈာယ်အား တိဿ ဟူ၍ လည်းကောင်း အမည်သစ်ဖြင့် ခေါ်မည့် အကြောင်း၊ ရဟန်းခံစဉ် သံဃာ များက ထိုအမည်များကိုသာ အသုံးပြုကြမည် ဖြစ်ကြောင်းကို ရှင်းပြတော် မူလေသည်။

ထို့နောက် အနုသာသန ဆရာ ဖြစ်သော ဦးရေဝတ၏ အင်္ဂလိပ် ဘာသာဖြင့် ရဟန်းလောင်းအား 'ယခုအခါသည် ညွှန်ကြား ဆုံးမရမည့် အခါ ဖြစ်၍ သံဃာတို့နှင့် ဟတ္ထပါသ် လွတ်ရာသို့ သင် ရဟန်းလောင်း နာဂသည် မတ်တတ်ရပ်လျက် နောက်ဆုတ်သော ခြေလှမ်းတို့ဖြင့် လက်အုပ် ချီကာ ဆုတ်သွားပါလော့' ဆိုသော ညွှန်ကြားသည့် အသံ ထွက်ပေါ် လာပြန်သည်။

ဦးရေဝတ၏ လက်တော်တွင် အစိမ်းရောင် အဖုံး တပ်ဆင်ထားသော စာအုပ်ငယ် တစ်အုပ်ကိုလည်း အမှတ်မထင် မြင်လိုက်ရသည်။

*'Please standup Naga and go backward with your palms put together in the manner paying respect to the Assembly.'*

ခံ့ညားလိုက်သည့် အင်္ဂလိပ် စကား။ ဘာမျှ အပိုအလို မရှိ။ တိကျလှပါတကား။

ဂျပန် ရဟန်းလောင်း ထိုင်ရာက ထလျက် သံဃာကို မျက်နှာပြုကာ လက်အုပ်ချီလျက် နောက်သို့ ဆုတ်သော ခြေလှမ်းတို့ဖြင့် ပေနှစ်ဆယ်ခန့် အကွာသို့ ရောက်သည့်တိုင် ဆုတ်လေသည်။ အနုသာသန ဆရာတော် ဦးရေဝတသည် ရဟန်းလောင်း နာဂ၏ ရှေ့တွင် ရပ်လျက် သံဃာ အလယ် သို့ ရောက်သောအခါ ရဟန်းလောင်းအား သံဃာတော်တို့က မေးစစ်ကြ မည့် စကားတို့ကို ဤသို့ ဖြေရန် သင်ကြားတော်မူလေသည်။ သင်ကြားချက် အားလုံး အင်္ဂလိပ်လို ဖြစ်၏။

http://www.dhammadownload.com



*'When you are back in the middle of the Assembly of Sangha you will be asked some questions concerning hindrancess to Bhikkuship (Full Ordination). Then you shall answer the truth and the fact: Do not be at a loss; Do not be embarrassed.'*

'သင့်အား သံဃာတော်တို့ အလယ်သို့ ပြန်ရောက်သော အခါ၌ ရဟန်း ဖြစ်ခြင်းကို အနှောင့်အယှက် ဖြစ်စေသော အချက်များနှင့် ပတ်သက်၍ မေးမြန်း စုံစမ်းကြကုန်အံ့၊ ထိုသို့ မေးမြန်းကြသောအခါ သင်က အရှိကို အရှိ အတိုင်း အမှန်ကိုသာ ဖြေကြားရမည်၊ ဤသို့ မေးမြန်းခံရခြင်းအတွက် သင်၏ စိတ်မှာ ကြံရာမရ မဖြစ်ပါလင့်၊ ကသိကအောက် အနှောင့်အယှက်လည်း မဖြစ်ပါလင့်'

နှစ်သက်ဖွယ် ကောင်းလိုက်သည့် ဆုံးမစကား။

အနု သာသန ဆရာက သင်ကြား ဆုံးမနေစဉ် ဂျပန် ရဟန်းလောင်း၏ မျက်နှာ၌ လင်းလက်၍ နေသော လေးစားစွာ ခံယူ သိမ်းပိုက်လျက်ရှိသော ယောနိသော မနသိကာရသည် ခံ့ညားသော ဣန္ဒြေ အဖြစ်သို့ ကူးပြောင်းနေကြသည်ကို ထင်ရှားစွာ မြင်နေရပါသည်။ အလွန် နက်မှောင်၍ ထူပျစ်သော မျက်ခုံးတော် နှစ်ခုကလည်း ဥပသမ္ပဒါ ကံကို ဆောင်ယူနေခြင်းအား သိသာစေသော နိမိတ်များပင်တည်း။

သံဃာ့ အလယ်သို့ ပြန်လည် ရောက်ရှိလာသောအခါ ရဟန်းလောင်းနာဂအား သံဃာများ ကိုယ်စား အနုသာသန ဆရာက မေးစစ်ရန် ဖြစ်လေသည်။ ရဟန်း ပြုပေးပါရန် ရဟန်းလောင်းက ပန်ကြားသော 'သုဏာတုမေ ဘန္တေ သံဃော အယံ နာဂေါ အာယသ္မတော' အစရှိသော ကမ္မဝါစာကို အင်္ဂလိပ်လိုရော ပါဠိလိုပါ ဆိုသည်။

သံဃာတော်များက ဥတ် ကမ္မဝါစာဖြင့် ဂျပန် ရဟန်းလောင်းအား မြတ်သော ရှင်ရဟန်း အဖြစ်သို့ သွတ်သွင်းလိုက်ကြလေသည်။

ဤကမ္ဘာပေါ်တွင် ချမ်းမြေ့သော ဘဝကို ဖန်တီးပေးနိုင်သော ဗုဒ္ဓ သာသနာတော် တည်တံ့ ပြန့်ပွားရန် အလို့ငှာ ကမ္ဘာ့ သာသနာပြု လုပ်ငန်းကြီးကို လုပ်ကိုင် ဆောင်ရွက်တော်မူလျက် ရှိသော ချမ်းမြေ့ ဆရာတော်သည်

http://www.dhammadownload.com



ဤဂျပန် ရဟန်းတော် (ဦးပညာနန္ဒ) ကို အကြောင်းပြုလျက် ရဟန်း သံဃာတို့ သိအပ် လိုက်နာအပ်သော ဝိနည်းတော်များကိုလည်း အင်္ဂလိပ် ဘာသာသို့ လေးရက်ဖြင့် အပြီး ကတိုက်ကရိုက် ပြန်ဆိုခဲ့ရာ ပြီးစီးခဲ့ လေသည်။ ထိုစာကို ဒေါ်ခင်မမက သားဖြစ်သူ ကိုခင်မောင်ကျော်ကို ရည်စူး၍ ဓမ္မဒါန ပြုခဲ့ပေရာ အချိန်မီပင် စာအုပ်ငယ် ဘဝသို့လည်း ရောက်နိုင်ခဲ့ပါပြီ။

ကြိုးပမ်းချက် အားလုံး အတွက် အကျွန်ုပ်သည် သာဓု အကြိမ်ကြိမ် ခေါ်ပါ၏။

ရဟန်းခံပွဲ အပြီး သိမ်ထွက်သောအခါ အကျွန်ုပ် ဘဝတွင် ထူးကဲစွာ ခံစားရသော မြတ်သော အတွေ့အကြုံ တစ်ရပ်ကိုလည်း ချမ်းမြေ့ရိပ်သာ တွင် ရရှိလိုက်ပါ၏။

အကျွန်ုပ်သည် ဓမ္မာရုံရှိ 'သတ္တဝါ ဟူသမျှေ တရားတွေ့ ချမ်းမြေ့ သာယာ ကြပါစေ' ဆိုသော စာတန်းကို မြင်တွေ့ပြီးနောက် ဖတ်ရှုနေစဉ် ဗဟို တရားရုံး ရှေ့နေကြီး ဦးအုန်းမောင်က အကျွန်ုပ်အား လာပြီး ပြုံးရွှင်စွာ လက်ဆွဲ၍ နှုတ်ဆက်ပါ၏။ ထိုစဉ် အကျွန်ုပ်၏ နှလုံးသား၌ 'ချမ်းမြေ့ခြင်း' ဟူသော ပီတိ သဘော တစ်ရပ်ကို အမှန်ပင် ခံစားနေရပါသည်။ ထိုသို့ ခံစားနိုင်ရန် အတွက် အကျွန်ုပ်၏ နှလုံးသား၌ မေတ္တာစာတ် အမှန်ပင် ကိန်းနေသည်ဟု ဆိုခြင်းမှာ အကျွန်ုပ်၏ နှလုံးသား၌ ထိုအချိန်တွင် အဒေါသ စေတနာ အမှန်ပင် တည်ကိန်းလျက် ရှိကြောင်းကို အကျွန်ုပ်သာ အသိဆုံး ဖြစ်သောကြောင့် ဖြစ်၏။ ဤကိစ္စကို ဤမျှ ရေးပြရခြင်းသည် အကြောင်း ရှိပါ၏။ အဘယ်ကြောင့်နည်း ဆိုသော် တရား တွေ့ဖို့ လမ်းစကို ရသည့် အကြောင်း ဆိုသော် ဆိုသင့်ပါသည်။

တကယ့် အကြောင်းမှာ သာမန် ပုထုဇဉ် စိတ်မျိုးသာ ရှိနေခဲ့ပါလျှင် ရှေ့နေကြီး ဦးအုန်းမောင် အကျွန်ုပ်အား လက်ဆွဲ နှုတ်ဆက်စဉ် အကျွန်ုပ် သည် အလွန် ဒေါသ ဖြစ်မိပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် ဦးအုန်း မောင်သည် အကျွန်ုပ်အား အိမ်ရှင်ဘက်က တရားစွဲပြီး အိမ်ပေါ်က နှင်ချ အောင် ဆောင်ရွက်ခဲ့သော (အကျွန်ုပ်အား နေရာမဲ့ ဘဝသို့ ရောက်အောင် ဖန်တီးခဲ့သော) ရှေ့နေကြီး ဖြစ်သောကြောင့်ပေတည်း။

http://www.dhammadownload.com



'တရား တွေ့မှ ချမ်းမြေ့ရ' သော ဘဝ၏ လျှို့ဝှက်ချက် တစ်ရပ်ကို အကျွန်ုပ် ကိုယ်တိုင် ချမ်းမြေ့ ရိပ်သာ အတွင်းမှာ တွေ့ကြုံ ခံစားရပြီး နောက် မမစုနှင့် ဆယ်နာရီကျော်မှာ ပြန်တွေ့ပါသည်။ မမစုက ထမင်း သုံးဆောင်ပြီးမှ ပြန်ကြပါ ဆို၍ ထိုင်စောင့်နေစဉ် မမစုကပင် မစ္စတာ ကီကာတာနီသည် မြန်မာနိုင်ငံသို့ တမင်တကာ ရွေးချယ်ပြီး ပြောင်းရွှေ့ လာခြင်းမှာ တခြားကြောင့် မဟုတ်။

'သစ္စာလေးပါး မြတ်တရားကို တွေ့အောင် ရှာဖို့၊ သူ မသေမီ တရားထူး တစ်ခု ရရှိသွားအောင် အားထုတ်ဖို့ လာတာ၊ သူ့ အစာအိမ်က ကင်ဆာ ရောဂါ ဖြစ်လို့ နယူးယောက်မှာတုန်းက လေးပုံ သုံးပုံလောက် ဖြတ်ထုတ်ခဲ့ရတယ်၊ သူ့ ကိုယ်သူ သိပ် အသက် မရှည်တော့ဘူးလို့လည်း ဉာဏ်မှာ ထင်မြင်နေရတာပေါ့၊ ဒီတော့ သတိသမ္ပဇဉ် ဉာဏ်ပညာ ရှိတဲ့ ပုဂ္ဂိုလ်မျိုး မဟုတ်လား၊ သူ့ဟာသူ စဉ်းစားတာပေါ့၊ မသေခင် သူ ဘာလုပ် သင့်သလဲ၊ သေရင် သူ ဘယ်လို သေသင့်သလဲ ဆိုတာတွေ စဉ်းစား ခဲ့တယ်တဲ့၊ ဒါ မမစု သိရသလောက် ပြောတာ'

ထို့နောက် ဧည့်သည်များ ရောက်လာသဖြင့် စကားစ ပြတ်သွား ပါသည်။

သို့သော် အကျွန်ုပ်၏ အတွေးမျှင်ဝယ် အတွေးစသည် တန်းလန်း ဖြစ်လျက်သာ နေခဲ့ပါသည်။ အဘယ်ကြောင့် ဆိုသော် သူသည် ယခုပင် တရား တွေ့ဖို့ ချမ်းမြေ့ဖို့ အတွက် တစ်စုံတစ်ခုကို ထူးကဲစွာ ပြုခဲ့ပြီ မဟုတ်ပါလား။

သူသည် ဥပသမ္ပဒါ ကံဆောင် ရဟန်းတော်မြတ် အဖြစ်ဖြင့် တရား အားထုတ်နေပြီ မဟုတ်ပါလား။

http://www.dhammadownload.com

http://www.dhammadownload.com

## ၂။ မသေမီ ဘာလုပ်သင့်သနည်း။

ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် မြန်မာနိုင်ငံ ဌာနေ ကိုယ်စားလှယ်တော်ကြီး မစ္စတာ ကီတာတာနီ၏ အကြောင်းသည် အကျွန်ုပ်၏ ခေါင်းမှာ စွဲလျက်နေလေသည်။ စွဲရသည့် အကြောင်းမှာ သူ၏ ယောနိသော မနသီကာရ ခေါ် နှလုံးသွင်းပုံ ထူးခြားသောကြောင့် ဖြစ်ပါသည်။

သူ၏ နှလုံးသွင်း ဆင်ခြင်ပုံ ထူးခြားလှသည့် အကြောင်းကို မဆိုမီ ဤတွင် မစ္စတာ ကီတာတာနီ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိ အကျဉ်းမျှကို ဆိုဦးမှ သင့်မည် ထင်ပါသည်။ သို့မှသာ သူလို ပုဂ္ဂိုလ်၏ နှလုံးသွင်း ထူးခြားပုံ၊ ပါရမီ ကံအထောက်အပံ့ ကောင်းပုံ၊ (လူချင်း တူသော်လည်း ကံချင်း မတူပုံ၊ ကံချင်း တူသော်လည်း ဉာဏ်ချင်း မတူပုံ၊ ဉာဏ်ချင်း တူသော်လည်း ပါရမီချင်း မတူပုံ၊ ပါရမီချင်း တူသော်လည်း ဆုတောင်းချင်း မတူကြပုံ) သဘောတို့ကို 'တရား တွေ့ဖို့ ချမ်းမြေ့ဖို့' အတွက် ဝါယမ စိုက်ထုတ်နေသူများကလည်း ကြည်ညို သဒ္ဓါ ပွားများနိုင်မည် ထင်ပါသည်။

မစ္စတာ ကီတာတာနီသည် ဂျပန် အမျိုးသား တစ်ဦး ဖြစ်ပါသည်။ အမည်ရင်း အပြည့်အစုံမှာ ကတ်စုဟိဒေး ကီတာတာနီ ဖြစ်သည်။ ဖခင် အမည် ဆုဆုမု။ မိခင် အမည် ချိုဆေးကို။ မိဘ နှစ်ပါးစလုံး ကွယ်လွန်ပြီး ဖြစ်ကြလေသည်။

၁၉၃၁ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဂျပန် နိုင်ငံ တိုကျို မြို့တော်တွင် သူ့ကို ဖွားမြင်ခဲ့လေသည်။

http://www.dhammadownload.com



တိုကျိုမြို့ ရိကျို (စိန့်ပေါ) တက္ကသိုလ်၊ တာမာဂါဝါ တက္ကသိုလ် များတွင် ပညာ သင်ကြားခဲ့ရာ လစ်ဘရယ်လ် အတ် *(Liberal Arts)* ခေါ် လွတ်လပ်စွာ တွေးကြံ ဖန်တီးမှု အခြေခံ အတတ်ပညာကို သင်ယူ ပြီးနောက် ထိုပညာတွင် ဘွဲ့ထူးများ ရရှိခဲ့လေသည်။ လစ်ဘရယ်လ် အတ် ပညာရပ်သည် အဆင့်မြင့် ကမ္ဘာ့ တက္ကသိုလ်ကြီးများမှာ သင်ကြား ပေးသော ဘာသာရပ် ဖြစ်၏။ လစ်ဘရယ်လ် အတ် ပညာ သင်ကြား သူသည် အနုပညာ အပါအဝင် ဝိဇ္ဇာ ဘာသာရပ်များကိုလည်း သင်ကြား ရသည်။ သဘာဝ သိပ္ပံ ပညာရပ်များကိုလည်း သင်ကြားရသည်။ လူမှု သိပ္ပံ ပညာများနှင့် စာကြီးပေကြီးများကိုလည်း သင်ကြားရလေသည်။ စာကြီး ပေကြီး ဆိုသည်မှာ လူတို့၏ အကျင့် သီလ စရဏနှင့် ဆိုင်သော ကျမ်းဂန် စာပေများ ဖြစ်ကြပါသည်။

မစ္စတာ ကီတာတာနီ၏ မိဘများ လက်ထက်ကတည်းက ဗုဒ္ဓ ဘာသာကိုပင် ယုံကြည် ကိုးကွယ်ကြသည်။ သို့သော် ဂျပန် ဗုဒ္ဓဘာသာမှာ မဟာယာန ဗုဒ္ဓဘာသာ ဖြစ်ရာ မစ္စတာ ကီတာတာနီလည်း ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ငယ်စဉ်က ရင်းနှီးခွင့် မရခဲ့ချေ။

သူ့ မိဘများမှာလည်း အစိုးရ ဝန်ထမ်းများ ဖြစ်ကြရာ မျိုးရိုး အားဖြင့်ပင် သူသည် ဝန်ထမ်းမျိုးထဲက ဖြစ်သဖြင့် သူလည်း ဘမျိုး ဘိုးတူ ဖြစ်ခဲ့ရလေသည်။ ဂျပန်ပြည်မှာ နေစဉ် ကာလကတည်းက သူသည် ကုလသမဂ္ဂ အဖွဲ့အစည်း၌ အမှုထမ်းလေသည်။ ဘွဲ့ရပြီးကတည်းက သူ သည် ကုလသမဂ္ဂ ဝန်ထမ်း တစ်ဦး ဖြစ်ခဲ့ရာ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ မလာမီ ကုလသမဂ္ဂ ဌာနချုပ်တွင် ဆယ့်ကိုးနှစ် ကြာမျှ အမှုထမ်းခဲ့ သေးသည်။

တစ်နည်း ဆိုလျှင် သူ့ဘဝသည် ဂျပန်ပြည်တွင် မွေးပြီးနောက် အမေရိကန် ပြည်တွင် ကြီးပြင်းခဲ့ရသည်ဟုပင် ဆိုသင့်တော့သည်။ ကြီးပြင်း သည် ဆိုခြင်းမှာ အသက်အားဖြင့် ကြီးပြင်းခြင်းကို ဆိုလိုသည် မဟုတ်ပါ။ လူ့ဂုဏ် အဆင့်အတန်းအားဖြင့် ကြီးပြင်းခြင်းကို ဆိုခြင်း ဖြစ်ပါသည်။

မြန်မာ နိုင်ငံသို့ ပြောင်းရွှေ့လာခြင်းသည် ကုလသမဂ္ဂ အဖွဲ့အစည်း ၏ အစီအစဉ်ဖြင့် ပြောင်းရွှေ့လာခြင်း မဟုတ်ပါ။ သူ့သဘောနှင့် သူ

http://www.dhammadownload.com



တမင်တကာ မြန်မာ နိုင်ငံသို့ ပြောင်းရွှေ့ နေထိုင်ခွင့် ပြုပါဟု တောင်းဆိုပြီး ပြောင်းရွှေ့လာခြင်းသာ ဖြစ်ပါသည်။ မစ္စတာ ကီတာတာနီသည် အမေရိကန် နိုင်ငံ နယူးယောက် မြို့ကြီးရှိ ကုလသမဂ္ဂ ဌာနချုပ်တွင် အမှုထမ်း နေရာမှ သူ့သဘောနှင့်သူ နယူးယောက်လို မြို့ကြီးမှာလည်း မနေချင်ပါ၊ ဂျပန် နိုင်ငံ တိုကျိုလို မြို့ကြီးပြကြီးမှာလည်း မနေချင်ပါ၊ အလျှံပယ် ကြွယ်ဝသော လောကီ အာရုံ ကာမဂုဏ် တရားတို့ ဝန်းရံခသော ထိုထို လောက အမြင့်ဘုံကြီးများထဲမှာ ပျော်လိုက် ပါးလိုက် မူးလိုက် မိုက်လိုက်နှင့် ခက်ခဲ စွာသာ ရထိုက်သော ဘဝ၏ နေ့ရက်များကို ကုန်လွန်ချင်သော ဆန္ဒလည်း မရှိတော့ပါ၊ လောကီ ချမ်းသာ အပေါင်းတို့ကို နှစ်ပေါင်း များစွာ ခံစံခဲ့ဖူးပြီ ဖြစ်သော်လည်း ထိုတရားတို့သည် မစ္စတာ ကီတာတာနီ၏ နှလုံးသားကို ချမ်းမြေ့စေခြင်းငှာလည်း မတတ်သာခဲ့ကြ၊ ဗုဒ္ဓမြတ်စွာ ဘုရား၏ အရိယ သစ္စာတရားမှ တစ်ပါး မိမိ နှလုံးသားကို အေးမြ ကြည်လင်အောင် ဖန်တီး နိုင်မည့် တရားလည်း ထိုမြို့ကြီးပြကြီး တက္ကသိုလ်ကြီးများမှာ ရှိတော့ မည်လည်း မဟုတ်၊ ရှုပ်ထွေး လေးလံလှသော ကမ္ဘာ့ နိုင်ငံတကာ ရေးရာ ဝန်ထုပ်ကြီးကို မနိုင့်တနိုင် ထမ်းဆောင်လျက် အသက်ရှင်သော နေ့ရက်များ ကို ကုန်စေခြင်းသည် မိမိအဖို့ အချည်းနှီးသော နေခြင်း ဖြစ်ပေတော့မည်၊ မိမိသည် ဘဝ အတွက် စိတ်ချရသော တရားကို တွေ့အောင် ရှာမှ ဖြစ် ပေတော့မည်၊ ထိုတရားကို ယှဉ်ပြိုင် ရင်ဆိုင် တိုက်ခိုက်မှုများ၊ လောဘ ဒေါသ မောဟ မာန ဣဿာ မစ္ဆရိယ ဗျာပါဒ တရားများသာ ထွန်းကား သော အရပ်တွင် နေထိုင် ဆက်ဆံလျက် ရှာခြင်းသည် ရေသာ များ၍ ငါးမတွေ့သော ဝမ်းဘဲ ဟသ်ာမျိုးနှင့် တူတော့မည် အောက်မေ့ပြီး လောကီ အာရုံ ကာမဂုဏ် ချမ်းသာမျိုး အလွန် နည်းပြီး မြတ်သော အရိယာ သစ္စာတရား တည်ထွန်းရာ ဗုဒ္ဓ ရှင်တော်မြတ်ဘုရား၏ ဓာတ်တော် မွေတော် စစ်များ ကိန်းဝပ်ရာ ဘူမိနက်သန် ဖြစ်သော မြန်မာနိုင်ငံသို့ မိမိ ဆန္ဒ အလျောက် ပြောင်းရွှေ့လာခြင်းသာ ဖြစ်ပါသည် ဆိုသော ထိုပါရမီရှင် ပုဂ္ဂိုလ်ကြီးကို အကျွန်ုပ်သည် မတွေ့ မမြင်ရလျှင် မနေနိုင်အောင်ပင် ဖြစ် ရလေတော့သည်။

အကျွန်ုပ် အဖို့မူ မစ္စတာ ကီတာတာနီ မြန်မာနိုင်ငံသို့ မိမိ ဆန္ဒ

http://www.dhammadownload.com



အလျောက် ပြောင်းရွှေ့လာခြင်း၌ လျှို့ဝှက် နက်နဲသော (ပို၍ မြတ်သော) အခြား အကြောင်းထူးများလည်း ရှိဦးမည်ဟု ထင်စရာ အကြောင်းများ ရှိပြန်သည်။

အဘယ်ကြောင့် ဆိုသော် မစ္စတာ ကီတာတာနီသည် မြန်မာ နိုင်ငံသို့ ရောက်ရှိလာပြီးနောက် မမြင့်မီ ကာလတွင် ချမ်းမြေ့ရိပ်သာ၌ ရဟန်းခံကာ တရား အားထုတ်နေသောကြောင့် ဖြစ်ပါသည်။

ရဟန်းတော် ဦးပညာနန္ဒ ဖြစ်နေပြီ ဖြစ်သော ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် ဌာနေ ကိုယ်စားလှယ်တော်ကြီး မစ္စတာ ကီတာတာနီသည် ပဗ္ဗဇိတ ဝေသ (ရဟန်း အသွင်) ဖြင့် နေပြီ ဖြစ်သည်။

ထည်ဝါ ရှုပ်ထွေးသော ဌာနန္တရ ပတ်ဝန်းကျင်ကို စွန့်လျက် တစ်ဦး တည်းသော အရိယာတို့၏ နေခြင်းဖြင့် ရောယှက်ခြင်း ငါးပါးမှ ကင်းစွာ ချမ်းမြေ့ရိပ်သာ၏ စံကျောင်းဟောင်း အပေါ်ထပ်တွင် တစ်ပါးတည်း သီတင်း သုံးနေတော်မူလေပြီ။ သိရသည်မှာ ထိုကိုယ်တော်သည် နံနက် သုံးနာရီတွင် အိပ်ရာမှ ထတော်မူသည်။ လေးနာရီမှ ငါးနာရီ အထိ ဝိပဿနာ ကမ္မဋ္ဌာန်း တရား အားထုတ်သည်။ ငါးနာရီခွဲ အရုဏ်ဆွမ်း ဘုဉ်းပေးပြီးနောက် ခြောက်နာရီ တိတိတွင် ဆရာတော်နှင့် တရား ဆွေးနွေးရသည်။ ဆရာ တော်က တရား စစ်ဆေးတော်မူသည်။ ထို့နောက် ခုနစ်နာရီမှ ဆယ်နာရီ အထိ တရား အားထုတ်ပြန်သည်။ ဆယ်နာရီတွင် နေ့ဆွမ်း ဘုဉ်းပေးသည်။ ဆယ့်တစ်နာရီမှ ဆယ့်နှစ်နာရီ အတွင်း ရေမိုး သန့်စင်တော်မူလေသည်။ ဆယ့်နှစ်နာရီမှ နှစ်နာရီ အထိ ကမ္မဋ္ဌာန်း တရား အားထုတ်ပြန်သည်။ မွန်းလွဲ နှစ်နာရီမှ လေးနာရီ အထိ တရားနာသည်။ လေးနာရီ နောက်ပိုင်း ည ဆယ်နာရီ အထိကို ထိုင်ခြင်း ဣရိယာပုတ်ဖြင့် တစ်နည်း၊ စင်္ကြံ လျှောက်ခြင်း ဣရိယာပုတ်ဖြင့် တစ်ဖုံ တရား တွေ့ဖို့ ချမ်းမြေ့ဖို့ အတွက် ဝိပဿနာ တရား အားထုတ်တော်မူပြန်သည်။

ချမ်းမြေ့ ဆရာတော်ထံတွင် ဂျပန် ရဟန်းတော် ဦးပညာနန္ဒနှင့် အင်တာဗျူး လုပ်ခွင့် ပြုပါ ဘုရားဟု ခွင့်ပန်စဉ် အခါက ဆရာတော်က 'လောလောဆယ်တော့ အင်တာဗျူး လုပ်လို့ မဖြစ်သေးဘူး၊ သူ့မှာ အချိန် မပေးနိုင်တာ တစ်ကြောင်း၊ ပြီးတော့ သူ့ရဲ့ တရား ရှုမှတ်မှုမှာ စိတ်

http://www.dhammadownload.com



အနှောင့်အယှက် ဖြစ်မှာ စိုးတာလည်း တစ်ကြောင်းကြောင့်ပဲ၊ ဒီတော့ ဒကာကြီး ဦးဆန်းလွင်ကို သူ လူထွက်မယ့် နေ့မှ တွေ့ခွင့် ပြုမယ်' ဟု ဆိုသော ချမ်းမြေ့ ဆရာတော်၏ မိန့်မှာချက်ကို ထိုရဟန်းတော် အကြောင်းကို သိလာရသောအခါ ပိုပြီး သဘောပေါက်မိသည်။

'တပည့်တော်ကို ဦးပညာနန္ဒ တရား အားထုတ်နေပုံ ဓာတ်ပုံကလေးများလည်း ရိုက်ကူးခွင့် ပြုပါ ဘုရား'

'အဲဒီနေ့ မနက် ခုနစ်နာရီကို လာရိုက်ပါ၊ အဲဒါ တရား စစ်ချိန်ပဲ၊ ညနေ လေးနာရီကျတော့ အင်တာဗျူး လုပ်ပေါ့'

'တင်ပါ့ ဘုရား'

ထိုအချိန်သည် ဂျပန် ရဟန်းတော် တရားခွင် ဝင်စ အချိန် ဖြစ်ပါသည်။

မကြာမီ ဆရာတော် ခွင့်ပြုသောနေ့ ဆိုက်ရောက်လာပါသည်။

အကျွန်ုပ်နှင့် အတူ မိုးဝေ အယ်ဒီတာ မောင်မျိုးဝင်း (မဟာ နန္ဒာ) နှင့် အဖွဲ့သားများ ပါဝင်လျက် ဦးပညာနန္ဒ၏ ဓာတ်ပုံများ ထိုနေ့ မနက်ပိုင်းတွင် သွားရောက် ရိုက်ကူး ယူကြပါသည်။ ဆရာတော်က အင်တာဗျူးကိစ္စ တစ်လက်စတည်း လျှောက်လိုက်ပါဟု ခွင့်ပြုသဖြင့် ထိုနံနက်တွင် လျှောက်ထားပါသည်။ အင်တာဗျူး ထုံးစံ အတိုင်း ရဟန်းတော်အား မိမိ မေးလိုသည့် မေးခွန်းများနှင့် ဖြည့်ပေးလိုသော ပုံစံကို ဆရာတော်မှ တစ်ဆင့်လည်း ဆက်ကပ်ထားပြီး ဖြစ်ပါသည်။

ထိုနေ့ ညနေပိုင်း အင်တာဗျူး ပြုလုပ်စဉ် အခါ၌မူ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စ အဖွဲ့ ဥက္ကဋ္ဌ ဦးဘသိန်းတို့ ဇနီး မောင်နှံ၊ ရဟန်း ဒကာများ ဖြစ်ကြသော ဦးကြည်စိုးမော်၊ ဒေါ်နန်းခမ်းဖူးနှင့် တကွ စိတ်ဝင်စားသူ ပရိသတ်များ စုံညီ ရှိကြလေသည်။ ယောဂီ အသွင်ဖြင့် ရှိနေသော မစ္စက် ကီတာတာနီနှင့် အတူ ဒေါ်ခင်နှင်းယုလည်း ရှိနေလေသည်။ ရဟန်းတော် ဦးပညာနန္ဒကို အင်တာဗျူး မေးခွန်းများ မမေးမီ အကျွန်ုပ်က မိမိ၏ ဗုဒ္ဓဘာသာ ဉပါသကာ ဖြစ်လာပုံ ဖြစ်စဉ် အကျဉ်းချုပ်ကို လျှောက်ထားလိုက်ပါသည်။ ဂျပန် ရဟန်းတော် မိမိ အပေါ် စေတနာ သဒ္ဓါထား၍ အားရပါးရ စိတ်ပါလက်ပါ ဖြေချင်သော စိတ်များ ဖြစ်ပေါ်လာအောင် ဖြစ်ပါသည်။

http://www.dhammadownload.com



အကျွန်ုပ်တို့ တွေ့ဆုံသော နေ့သည် စက်တင်ဘာလ ၂၁ ရက်နေ့ ဖြစ်ပါသည်။ အကျွန်ုပ်က မိမိ အသက် သုံးဆယ့်ငါးနှစ်ကျမှ အဝဇ္ဇ ပသာဒသဒ္ဓါဖြင့် ရတနာ သုံးပါး အပေါ် မဖောက်မပြန် ယုံကြည် သက်ဝင်သူ ဥပါသကာစစ် ဖြစ်လာကြောင်း လျှောက်ထားရာ ဂျပန် ရဟန်းတော်က

'ခင်ဗျားက သုံးဆယ့်ငါးနှစ်မှာ ဥပါသကာ စစ်စစ် ဖြစ်လာတယ် ဆိုတော့ ကျွန်တော့်ထက် အနှစ် နှစ်ဆယ်တောင် စောပြီး လိမ္မာလာတယ်လို့ ဆိုရလိမ့်မယ်၊ ကျွန်တော့်ကျတော့ ခုလာမယ့် စက်တင်ဘာလ ၂၄ ရက် အသက် ငါးဆယ့်ငါးနှစ် ကျမှပဲ ဗုဒ္ဓဘာသာ ဥပါသကာ စစ်စစ် ဖြစ်လာတယ်လို့ မှတ်ရတော့မှာပဲ' ဟု ဆိုလေသည်။

အကျွန်ုပ်ကလည်း သာခု ခေါ်ပါကြောင်း ပြောပြီးနောက် ကြိုတင်ဆက်ကပ်ထားသော အင်တာဗျူး ပထမ မေးခွန်းကို မေးပါသည်။ ထိုမေးခွန်းမှာ ဤသို့ ဖြစ်ပါသည်။

'အရှင်ဘုရား၊ အရှင်ဘုရားကို မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လာပြီး ယခုကဲ့သို့ ရဟန်း အသွင်ဖြင့် ဝိပဿနာ တရား အားထုတ်အောင် ဖန်တီးခဲ့သော နောက်ကြောင်း အခြေအနေများကို တပည့်တော် သိခွင့်ရှိရင် သိပါရစေ ဘုရား'

ထိုမေးခွန်းသည် ရဟန်းတော် ဦးပညာနန္ဒ (မစ္စတာ ကီတာတာနီ)၏ တရား တွေ့ဖို့ ချမ်းမြေ့ဖို့ အားထုတ်လာရသည့် အကြောင်း ငုပ်နေသည်များကို ဖော်ထုတ်ရန် မေးသည့် အမေး ဖြစ်ပါသည်။ သူ့ အဖြေမှာ 'မသေခင် သူ ဘာလုပ်သင့်သလဲ' ဆိုသော အချက်ကို ဖြေရှင်းထားသဖြင့် စိတ်ဝင်စားစဖွယ် ကောင်းလှပါသည်။ အဖြေမှာ ဤသို့ ဖြစ်ပါသည်။

'မြန်မာနိုင်ငံကို ကျွန်တော် ဘာကြောင့် ရောက်လာသလဲ၊ မြန်မာနိုင်ငံကို ရောက်ပြီး မကြာမီ ယခုလို ရဟန်း အသွင်နှင့် ဝိပဿနာ တရား အလုပ်ကို လျင်လျင်မြန်မြန် ဘာကြောင့် လုပ်ခဲ့ရသလဲ ဆိုတဲ့ ဒီမေးခွန်းကို ဖြေရမယ့် အဖြေက အရှည်သားဗျ၊ ပျင်းစရာကြီး ဖြစ်နေမလား မပြောတတ်ပါဘူး'

'မပျင်းပါဘူး ဘုရား၊ အလွန် စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ အမိန့်ရှိပါ ဘုရား'

http://www.dhammadownload.com



'ပထမဆုံး ပြောသင့်တဲ့ အကြောင်းက ကျွန်တော့် ဘဝ ဆိုပါတော့၊ ကျွန်တော်ဟာ ကုလသမဂ္ဂ ဌာနချုပ်က အထက်တန်း အရာရှိကြီး တစ်ဦး အနေနှင့် အမေရိကန်ပြည် နယူးယောက် မြို့ကြီးကို သွားရောက်ပြီး အမှုထမ်းနေခဲ့တာ ဆယ့်ကိုးနှစ်လောက် ကြာပါပြီ၊ သက်တမ်း ထက်ဝက်နီးပါးပါပဲ၊ ကုလသမဂ္ဂ ဌာနချုပ် ဆိုတော့ နိုင်ငံတကာရဲ့ ခေါင်မိုးပေါ်မှာ နေရသလိုပါပဲ၊ ဒီအထဲ နယူးယောက်လို နေရာမှာ နေရတယ်၊ ဒါလည်း လောကရဲ့ အမြင့်ဆုံး အပြည့်စုံဆုံး လိုလေသေး မရှိတဲ့ အမြင့်ဘုံ တစ်နေရာကို ရောက်နေရသလိုပဲလေ၊ ဒီတော့ ကမ္ဘာ အရပ်ရပ်မှာ ရှိတဲ့ ပစ္စည်းသာ မှန် ဘာမဆို ရနိုင်တဲ့ နေရာ၊ လောကီချမ်းသာ လောကီ စည်းစိမ်သာ မှန်ပါစေ၊ ဘာမဆို ခံစားခွင့် ရှိတဲ့ နေရာကို ကျွန်တော် ရောက်နေတယ်လို့ပဲ ဆိုကြပါစို့။

'ကျွန်တော့် စိတ်ထဲမှာလည်း တစ်ဖက်က လောကီ စည်းစိမ် မျိုးစုံကို ခံစားနေရသလို တစ်ဖက်ကလည်း ငါဟာ လူသားတွေရဲ့ အကျိုး၊ လူသားတွေရဲ့ ဘဝ ငြိမ်းချမ်း သာယာရေးနှင့် တိုးတက် ဖွံ့ဖြိုးရေး ကိစ္စတွေကို အချိန်ရှိသရွေ့ ဆောင်ရွက်နေရတာပဲ၊ ဒါဟာ အကောင်းဆုံး ကုသိုလ်ကောင်းမှု ပြုနေရတာပဲ၊ တခြား ဘာအယူဝါဒကိုမှ အထူး ကိုးကွယ်နေစရာ မလိုတော့ပါဘူးလို့ အောက်မေ့ခဲ့ဖူးပါတယ်၊ တစ်နည်း ပြောကြစို့ ဆိုရင်တော့ စိတ်ရော ရုပ်ရော အတွက် ပြည့်စုံ လုံလောက်တဲ့ အခြေအနေ တစ်ခုကို ငါ ရောက်နေပြီပဲလို့ ဒီလိုပဲ တွေးထင်ပြီး နေခဲ့ပါတယ်။

'ဒီလို ဘဝ အတွက် ကျေနပ်လောက်တဲ့ အခြေအနေမှာ ရောက်နေတုန်း ဇွန်းဆို ၁၉၈၁ ခုနှစ်လောက်မှာ ကျွန်တော့် အစာအိမ်မှာ ကင်ဆာရောဂါ ဖြစ်ပေါ်လာပါတယ်၊ ဒီရောဂါ ကုသခံဖို့ ကျွန်တော် ဆေးရုံကို တက်ရပါတယ်၊ ဆေးရုံပေါ်မှာ ကျွန်တော် လချီ ကြာပါတယ်၊ ကျွန်တော့် ခန္ဓာကိုယ်ကို ခွဲစိတ်ပြီး ကျွန်တော့် အစာအိမ်ရဲ့ လေးပုံသုံးပုံကို ဆရာဝန်များက ဖြတ်ထုတ်ပစ်လိုက်ကြပါတယ်၊ ဒီတော့ စည်းစိမ်ဘုံကြီးထဲမှာ နေပေမဲ့ ကျွန်တော်ဟာ စားချင်တိုင်းလည်း မစားရတော့ပါဘူး၊ နေချင်သလိုလည်း မနေရတော့ပါဘူး၊ သွားချင်တိုင်းလည်း သွားခွင့် မရတော့ဘူးပေါ့၊ ကျွန်တော့် ခန္ဓာကိုယ်ရဲ့ ဆုံးရှုံးမှုကို ဖြစ်စေတဲ့ ဒီအဖြစ်ဟာ ကျွန်တော့် အဖို့ စိတ်ပိုင်း

http://www.dhammadownload.com



ဆိုင်ရာ ဆုံးရှုံးမှု များစွာကိုပါ ဖြစ်ပေါ်စေခဲ့ပါတယ်။

'ပထမ ကျွန်တော် ရင်ဆိုင်ရတဲ့ စိတ်ပိုင်း ပြဿနာက ဘာလဲ ဆိုတော့ ကျွန်တော့်ကို ခွဲစိတ်ကုသတဲ့ ဆရာဝန် ဆရာမများ အနေနှင့် ဗိုက်ထဲက အနာကို ခွဲထုတ် ဖြတ်လှီးပစ်ခဲ့နိုင်လို့ ခွဲစိတ်ကုသမှု အောင်မြင်ခဲ့တယ်လို့ ဆိုရပေမဲ့ ဘယ်ဆရာဝန်ကမှ ကျွန်တော် အသက်ရှင်မယ် မရှင်ဘူး ဆိုတာ အတပ် မပြောနိုင်ကြဘူး။

'တကယ်လို့ အသက်ရှင်မှာပါလို့ ပြောနိုင်ဦးတော့ ဘယ်ဆရာဆရာမကမှ ကျွန်တော့်ကို နောက်ထပ် ဘယ်နှနှစ် ကြာအောင် သို့တည်းမဟုတ် ဘယ်နှလ ကြာအောင် ... ဆိုကြပါစို့၊ တစ်နှစ်လား ခြောက်လလား တစ်လလား၊ အဲဒီလို အချိန်ကာလ သတ်သတ်မှတ်မှတ်ပေါ့ဗျာ၊ ဘယ်လောက် ကြာအောင် အသက်ရှင်ဦးမယ်လို့ ဘယ်သူမှ မပြောနိုင်ကြဘူး။

'ဒီကိစ္စကို မပြောနိုင်တာလောက် ဆိုရင် တော်သေးတာပေါ့၊ ကျွန်တော့် ဘဝက ဘယ်လောက်တောင်မှ မသေချာသလဲဆို ကျွန်တော့် အစာအိမ်ရဲ့ လေးပုံမှာ သုံးပုံလောက် ဖြတ်ထုတ်ရပြီးသည့်တိုင်အောင် ဒီကင်ဆာ ရောဂါဟာ အမြစ်ပြတ်ပေါ့ဗျာ၊ လုံးလုံးလျားလျား ကောင်းမွန်စိတ်ချရပြီလို့ ဘယ်သူမှ မပြောနိုင်တော့ပါဘူး။

'ဒီတော့ ခင်ဗျား စဉ်းစားကြည့်လေ၊ ကျွန်တော် အသက်ရှင်နေရတဲ့ အဖြစ်ဟာ ဘာရေရာတာ ရှိသေးလဲ၊ ဘာစိတ်ချမ်းသာစရာ ရှိသေးလဲ၊ ဘာဘုံကြီးပေါ်ပဲ ရောက်နေ ရောက်နေ ဘာတပ်မက်စရာ ရှိသေးလဲ၊ ကျွန်တော်ဟာ သေခြင်းတရားနှင့် နာခြင်းတရားကို ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စောင့်နေဖို့ပဲ ကောင်းတော့တယ်၊ ဘာလုပ်လုပ် ဘယ်လို နေရ နေရ ဘာပျော်စရာ ရှိတော့မှာလဲ။

'စိတ်ဓာတ် အကြီးအကျယ် ကျစရာ ကောင်းတဲ့ ဒီအခြေအနေဟာ ကျွန်တော့်ကို နှိပ်စက်နေပေမဲ့ ကျွန်တော့် ကိုယ်ခန္ဓာပေါ် ဉာဏ်ရောက်အောင် တွန်းပို့လိုက်တယ်လို့ ဆိုရမလိုပါပဲဗျာ၊ ဘာဖြစ်လို့လဲ ဆိုတော့

'ကျွန်တော်ဟာ ဒီအခြေအနေက လွတ်မြောက်အောင် ငါ ဘယ်လို လုပ်ရမလဲ။

'တစ်နေ့ တစ်ရက်ပဲ အသက်ရှင်ပြီး နေရ နေရ အဲဒီ မသေမီ

http://www.dhammadownload.com



နေရတဲ့ နေ့ရက်တွေကို ဒီဘဝ အတွက် အသုံးချမလား၊ ဘဝကူး ကောင်းမွန်ရေး အတွက် အသုံးချရမလား။

'ငါ့မှာ အချိန် (အသက်ရှင်လျက် နေဖို့) မရှိတော့ဘူး၊ ဒီတော့ ခုချက်ချင်း ငါ ဘာလုပ်မလဲ။

'အဲဒီ အချက် သုံးချက်ကို ကျွန်တော် စဉ်းစားပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ် မကျအောင် လုပ်ရတာပေါ့၊ ကျွန်တော့်ကို အချုပ်အနှောင် ပြုနေတဲ့ ဒီရောဂါ အကျဉ်းအကျပ်ထဲက လွတ်မြောက်အောင် ငါ ဘာလုပ်ရမလဲ ဆိုတဲ့ အချက်ကို စပြီး စဉ်းစားပါတယ်။

'ပထမတော့ ဆရာဝန်တွေ ညွှန်ကြားတဲ့ ကင်ဆာ ရောဂါ ဆဲလ်တွေကို သတ်တဲ့ ဆေးကို သုံးဆောင်ပါတယ်၊ ဒီဆေးက အလွန် ပြင်းတယ်၊ ဘေးထွက် ဥပဒ် အန္တရာယ်ကလည်း သိပ်များတယ်၊ စသောက်တဲ့ အချိန်ကစပြီး ဆံပင် ကျွတ်တယ်၊ လက်သည်း ပုပ်တယ်၊ အူထဲမှာလည်း တခြား ရောဂါတွေ ဖြစ်လာနိုင်တယ်ပေါ့ဗျာ၊ သက်သာအောင်လို့ သူ့ဆေး စားမိကာမှ ဒီဆေးကြောင့် ဖြစ်လာတဲ့ ဆင့်ပွား ရောဂါက မူလ ရောဂါ ထက်တောင် များဦးမယ်၊ ဒီတော့ ပူပါတယ် ဆိုပြီး ဆီအိုးထဲက ခုန်ချမှ မီးပုံထဲ ရောက်ရတယ် ဆိုတဲ့ စကားလိုပါပဲ၊ ကျွန်တော့် အဖြစ်ကတော့ မျှော်လင့်ချက်တွေ မှေးမှိန်သည်ထက် မှေးမှိန်တဲ့ အခြေအနေကို တစ်နေ့ ထက် တစ်နေ့ ဆိုက်ရောက်လာပါတယ်၊ ဒီအချိန်မှာ ဟိုလူ အကြံပေး ကောင်းနိုးနိုး ဒီလူ အကြံပေး ကောင်းနိုးနိုးပဲ လိုက်လုပ်နေရတော့တာပေါ့၊ ကံကောင်းတယ်ပဲ ဆိုရမလား မပြောတတ်တော့ပါဘူးဗျာ၊ နယူးယောက်မှာပဲ ကျွန်တော် ဂုရု နှစ်ပါးနှင့် တွေ့ပါတယ်၊ သူတို့က ကျွန်တော့်ကို ကုထုံး နှစ်ခုနှင့် ကုဖို့ အကြံပေးပါတယ်၊ ပထမ ကုထုံးက အာဟာရ ကုထုံးပေါ့၊ ဓာတ်စာနှင့် ကုတာ၊ သူတို့က ကျွန်တော့်ကို ဆန်လုံးညို စားဖို့ အကြံပေးကြပါတယ်၊ သူတို့ အကြံပေးတဲ့ အတိုင်း ကျွန်တော် စားခဲ့ပါတယ်။

'ဒုတိယ ကုထုံးကတော့ ဘာဝနာ ကုထုံးလို့ ဆိုရမှာပေါ့ ခင်ဗျာ၊ မိမိ စိတ်ကို သမာဓိ ရအောင် အားထုတ်ပြီး ဒီစိတ်တန်ခိုးနှင့် မိမိကိုယ်ကို မိမိ ပြန်ကုတဲ့ နည်း၊ ဒီနည်းဟာ အမှန်တော့ အရှေ့တိုင်းက ကမ္မဋ္ဌာန်းနည်း

http://www.dhammadownload.com



ယောဂီနည်း တစ်ခုပါပဲ၊ အနောက်တိုင်းသားတွေကတော့ ဒီနည်းကို *(self hypnoticism)* ကိုယ့်ကိုယ်ကိုယ် စိတ်ညှို့ ကုသနည်းပဲ ခေါ်တယ်၊ ဒီနည်းဟာ သူတို့ဆီမှာ တော်တော် ခေတ်စားနေတယ်'

'ဟုတ်ပါတယ် ဘုရား၊ ဟားဘတ် တက္ကသိုလ်က ဒေါက်တာ ဟားဗတ် ဘင်ဆင် အမ်ဒီရဲ့ စိတ်လျှော့ တုံ့ပြန်မှု *(Relaxation Response)* ဆိုတဲ့ စာအုပ်ကို တပည့်တော် ဖတ်ဖူးပါတယ်၊ ဒီစာအုပ်မှာ ဘာဝနာနည်းနှင့် ရောဂါ တော်တော်များများကို ကုသလို့ ရတာ အထောက် အထားတွေနှင့် ဖော်ပြထားပါတယ်'

'ဟုတ်တယ်၊ အဲဒီနည်းပါပဲ၊ နည်းလမ်းတွေကတော့ တော်တော် စုံပါတယ်၊ *Zen* နည်း၊ *T.M* နည်း အစရှိသည်ပေါ့၊ ကျွန်တော်လည်း နည်းလမ်း တော်တော်များများပဲ စမ်းလုပ်ပါတယ်၊ ဆိုကြပါစို့၊ ဒီနည်း နှစ်နည်းနှင့် လုပ်တဲ့ အခါ ကျွန်တော့် အခြေအနေဟာ သိသိသာသာ တိုးတက် ကောင်းမွန်လာတယ် ခင်ဗျ၊ နောက်ဆုံး ၁၉၈၃ ခုနှစ်လောက် ရောက်တော့ ကျွန်တော် မသေသေးဘူး၊ ဒါ လက်တွေ့ ကျွန်တော် မြင် တွေ့ရတဲ့ အခြေအနေပဲ၊ အစက ခြောက်လတောင် စိတ်မချရတဲ့ ကျွန်တော့် အခြေအနေဟာ အသက် မသေဘဲ နှစ်နှစ်ကျော် ရှင်နေသေးတယ် ဆိုတော့ ကျွန်တော်လည်း စိတ်အား တက်လာတာပေါ့ ခင်ဗျ'

'ဟုတ်တာပေါ့ ဘုရား၊ အံ့သြစရာပါပဲ'

'ဟုတ်တယ် အံ့သြစရာပဲ၊ ဒီတင် ကျွန်တော် စဉ်းစားတယ်၊ စဉ်းစားတယ် ဆိုတာထက် ဒို့ဟ ကင်းတဲ့ ရှင်းလင်းတဲ့ အမြင်ကို ရတယ်လို့ ဆိုရင် ပိုပြီး မှန်ပါလိမ့်မယ်၊ ဒါက ဘာလဲ ဆိုတော့ စိတ်မှာ တန်ခိုး ရှိတယ်၊ ငါ ဒီလောက်ကလေး အားထုတ်ရုံနှင့်တောင် ဆရာဝန်တွေ ခေတ်မီ သိပ္ပံနည်းတွေနှင့် မကုနိုင် အတိအကျ မပြောနိုင်တဲ့ ဒီကင်ဆာ ရောဂါကြီး ပျောက်သေးတာပဲလို့ မြင်လာပါတယ်၊ ဒါနှင့် ဆေးရုံမှာ ပြန်ပြီး ကျွန်တော် ဆေးစစ်ခံပါတယ်၊ ဒီအခါမှာတော့ ဆရာဝန်တွေ ဆရာမတွေ အားလုံးလည်း ပဲ အံ့အားသင့်ကြတာပေါ့၊ ဘယ်လိုလုပ်ပြီးများ ကင်ဆာ ရောဂါ ဆဲလ် တွေဟာ စိတ်တန်ခိုးနှင့် သတ်လို့ သေသွားသလဲပေါ့၊ ဒါ သူတို့ မစဉ်းစား တတ်တော့ဘူးလေ၊ လက်တွေ့ ကင်ဆာ ဆဲလ်တွေ ပျောက်ကင်းသွားလို့သာ

http://www.dhammadownload.com



သူတို့ လက်ခံလိုက်ကြရတာ၊ ဆရာဝန်တွေက ကင်ဆာ ရောဂါ ဆိုလို့ နမ်းတစ်စေ့တောင် မရှိတော့ဘူးလို့လည်း ဝန်ခံချက် ပေးရော ကျွန်တော် လည်း ဟဲ့ ငါ မသေနိုင်သေးပါဘူး၊ ဒါပေမဲ့ ခန္ဓာကိုယ်ထဲက အစာအိမ်က လေးပုံ တစ်ပုံသာ ကျန်တော့တယ် ဆိုတော့ အလျင်ကလို လူကောင်း ပကတိလို့ ကိုယ့်ကိုယ်ကိုယ် မှတ်လို့လည်း မရတော့ဘူး၊ ကဲ ဒီတော့ ခု ငါ ဘာလုပ်မလဲ၊ ဒါ ကျွန်တော် စဉ်းစားပါတယ်။

'အသက်ကလည်း ငါးဆယ်ကျော် ငါးဆယ့်ငါးနှစ်ထဲ ရောက်လာပြီ၊ စောစောက ခင်ဗျား ပြောတဲ့ စကားမှာ ခင်ဗျားက အသက် သုံးဆယ့် ငါးနှစ်မှာ ဗုဒ္ဓဘာသာ ဥပါသကာ ဖြစ်လာတယ် ဆိုတော့ ကျွန်တော့်ထက် ဆယ့်ငါးနှစ် အနှစ် နှစ်ဆယ် စောပြီး လူလိမ္မာ ဖြစ်တယ်လို့ ဆိုရမှာပဲ၊ ကျွန်တော်က ခု စက်တင်ဘာလ ၂၄ ရက်နေ့ကျမှ ဗုဒ္ဓဘာသာ ဥပါသကာ အစစ် ဖြစ်တော့မှာကိုး။

'ဒါနှင့် စကားကို ပြန်ကောက်ကြစို့၊ ကဲ အဲဒီလို ရောဂါ ပျောက် ကင်းပြီ ဆိုတော့ အသက်မသေ ကျန်ရှိနေတဲ့ အချိန် ကာလတွေဟာ တစ်ရက် တစ်လပဲ ဖြစ်ဖြစ် ဒီအချိန် ကာလတွေကို ငါ ဘယ်လို အသုံးချ မလဲ၊ ခု လုပ်နေတဲ့ လောကီ အလုပ်တွေ လုပ်ရင်းပဲ အချိန်ကုန်ခံလိုက် မလား၊ အစတုန်းကတော့ ပင်စင်ယူ အငြိမ်းစားချိန်ကျမှ တရား အားထုတ် မယ်လို့ စိတ်ကူးဖူးပါတယ်၊ ခုဟာက အဲဒီ အခြေအနေမှ မရှိတော့တာ၊ နေ့သေမလား ည သေမလား မသိ၊ ဘယ်လောက်ပဲ ရောဂါ ပျောက်ကင်း သွားပြီဆိုဆို ကျွန်တော့် အခြေအနေက လူကောင်း ပကတိ မဟုတ်တော့ ပါဘူး၊ ဒီတော့ ငါ အချိန် ဆွဲနေလို့ မဖြစ်တော့ဘူး၊ လောကီ အလုပ်တွေ ကတော့ တစ်သက်လုံးလည်း လုပ်ခဲ့ပြီပဲ၊ ဒီတော့ ငါရတဲ့ အချိန်ကလေးမှာ ဘဝကူး ကောင်းဖို့ တစ်ခုခု လုပ်မှပဲလို့ ဆုံးဖြတ်လိုက်ပါတယ်။

'ဒါဆို ခုချက်ချင်း ငါ ဘာလုပ်ရမလဲ ဆိုပြီး စဉ်းစားတယ်၊ ဒီပုံ အတိုင်းတော့ အမေရိကန်ပြည်လို လောကီ စည်းစိမ်ဘုံမှာ နေပြီး အချိန် ကုန်သွားရင် ငါ့အတွက် အရှုံးပဲ ဖြစ်မယ်၊ ဒီတော့ ငါဟာ စိတ်ငြိမ်းချမ်းရေး တရားကို ရှာဖို့ အတွက် ထေရဝါဒ နိုင်ငံ တစ်နိုင်ငံကို သွားမှ ဖြစ်မယ်လို့ ဆုံးဖြတ်ပြန်တယ်။

http://www.dhammadownload.com



'ဒါဆို ဘယ်နိုင်ငံကို သွားမလဲ၊ ထေရဝါဒ နိုင်ငံ ငါးနိုင်ငံ ရှိတယ်၊ ခုအချိန်မှာ လာအို၊ ကမ္ဘောဒီးယား နှစ်နိုင်ငံကတော့ ထည့်စဉ်းစားဖို့ မလိုဘူး၊ သီဟိုဠ်၊ ထိုင်းနှင့် မြန်မာ သုံးနိုင်ငံပဲ ရှိတယ်၊ သီဟိုဠ်ကို စဉ်းစားတော့ ပြည်တွင်း ဆူပူမှုတွေနှင့် ရှုပ်ထွေးနေတယ်၊ ထိုင်းကို စဉ်းစားပြန်တော့ ထိုင်းက မဆိုးပါဘူး၊ သို့သော် ထိုင်းက ခု ခေတ်မီအောင် ဆိုပြီး မြို့ပြ ယဉ်ကျေးမှုက တအား ခေတ်စားလာတာလည်း တစ်ကြောင်း၊ နောက်ပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးရေး လုပ်ငန်းတွေကလည်း အဆမတန် များတော့ ကျွန်တော့် အတွက် ဝန်ပိမှာလည်း တစ်ကြောင်းကြောင့် ထိုင်းကိုလည်း ပယ်လိုက်ပါတယ်၊ မြန်မာနိုင်ငံကတော့ ခုချိန်မှာ ဘာပဲပြောပြော အရှေ့တောင်အာရှမှာ အတည်ငြိမ်ဆုံး ဣန္ဒြေ အရဆုံး အခြေအနေမှာ ရှိပါတယ်'

'ဒါဆို ခုချက်ချင်း ငါ ဘာလုပ်ရမလဲ ဆိုပြီး စဉ်းစားတယ်၊ ဒီပုံအတိုင်းတော့ အမေရိကန်ပြည်လို လောကီ စည်းစိမ်ဘုံမှာ နေပြီး အချိန် ကုန်သွားရင် ငါ့အတွက် အရှုံးပဲ ဖြစ်မယ်၊ ဒီတော့ ငါဟာ စိတ်ငြိမ်းချမ်းရေး တရားကို ရှာဖို့ အတွက် ထေရဝါဒ နိုင်ငံ တစ်နိုင်ငံကို သွားမှ ဖြစ်မယ်လို့ ဆုံးဖြတ်ပြန်တယ်'

ရဟန်းတော် ဦးပညာနန္ဒ အသွင်ဖြင့် ဖူးမြင်နေရသော ကမ္ဘာ့ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ ဌာနေ ကိုယ်စားလှယ်တော်ကြီး ဂျပန် အမျိုးသား မစ္စတာ ကီတာတာနီ၏ အထက်ပါ စကားများသည် အကျွန်ုပ်၏ နှလုံးသားကို မိုးခြိမ်းသံဖြင့် အိပ်စက်ခြင်းမှ လှုပ်နှိုးလိုက်သလို ရှိ၏။ အကျွန်ုပ်လည်း ထိတ်လန့်ခြင်းဖြင့် လန့်နိုးလေတော့၏။ ထိုအခါ မှောင်မည်းနေသော လိုဏ်ဂူကြီး တစ်ခု အတွင်းသို့ လင်းထိန်နေသော နေခြည်တန်း တစ်ခု စူးဝင်လာသလို မောဟဖြင့် မိုက်မှောင်ဆဲ အကျွန်ုပ်၏ နှလုံးသားသို့ သံဝေဂ အလင်း တစ်ခု ရောက်ရှိလာလေသည်။ ထိုအခါ ဦးနှောက်၌ ဉာဏ်သည်လည်း ဖျတ်ခနဲ ပေါ်လေသည်။

'လောကီ စည်းစိမ်ဘုံမှာ နေပြီး အချိန် ကုန်သွားရင် ငါ့အတွက် အရှုံးပဲ ဖြစ်မယ်' ဆိုသော ဤဒုလ္လဘ ရဟန်းတော်၏ စကားက ပညာ

http://www.dhammadownload.com



ပါလှချေသည်။ သူသည် သံဝေဂကို ဖော်ပြနေပါကလား။ သူသည် ကာမဂုဏ် လောက၏ အနှစ် မရှိကြောင်း တရား (ဓမ္မ) ကို အလွယ်ဆုံးသော စကားများဖြင့် ဖော်ပြနေပါကလား။ အကျွန်ုပ်အားလည်း သင် ဘဝကို နားလည်ဖို့ အချိန်တော်ပြီဟု ဆုံးမနေသလိုပါပဲလား။

လောကီ စည်းစိမ် (ကာမဂုဏ် အာရုံတရားတွေ) ကို အထင်ကြီးသူ၊ တပ်မက်သူ၊ တန်ဖိုးထားသူ၊ တောင့်တသူတွေထဲတွင် အကျွန်ုပ်သည် ရှေ့ဆုံးက ပါဝင်သူ ဖြစ်ဆဲကို မငြင်းနိုင်ပါ။ လောကီ စည်းစိမ်များ စုဝေးရောက်ရှိရာ အနောက်တိုင်း စက်မှု နိုင်ငံကြီးများနှင့် အရှေ့တိုင်းမှ စက်မှုနိုင်ငံ ဂျပန်ပြည်ကို လောကီ အမြင့်ဘုံ လောကီ သုခဘုံဟု အကျွန်ုပ်သည် အစဉ်သဖြင့် စွဲလမ်းနေခဲ့သည်လည်း အမှန်ပင် ဖြစ်ပါသည်။ ယခုမူ ဂျပန်ပြည်လို လောကီ သုခဘုံမှာ မွေးပြီး အမေရိကန်ပြည်လို လောကီ အမြင့်ဘုံမှာ ကြီးပြင်းသူ၊ အလိုရှိသမျှ လောကီ စည်းစိမ်တွေကို ခံစား စံစားခွင့် ရှိသူတစ်ဦးက ထိုလောကီ စည်းစိမ်ဘုံမှာ နေပြီး ဘဝ၏ အချိန်ကာလများကို အကုန်ခံလိုက်လျှင် အရှုံးပဲ ဖြစ်မည် ဆိုသော တရားကို အကျွန်ုပ်အား ပြသနေလေသည် တကား။ သူ၏ နောက်ဆက် စကားကလည်း 'စိတ်ငြိမ်းချမ်းရေး တရားကို ရှာဖို့ ထေရဝါဒ နိုင်ငံ တစ်နိုင်ငံကို သွားမှ ဖြစ်မည်' ဟု ဆိုလေသည်။

ထိုစကားသည် အကျွန်ုပ်၏ ပိတ်လှောင်နေသော ဦးနှောက်ကို ဖွင့်ပြီး ဘဝ အတွေးအမြင်၏ သစ္စာ အလင်းကို ပြသော စကားပါပဲ။ ဒါဖြင့် လောကီ စည်းစိမ်တွေ စုပုံနေသော အဆင့်အတန်း မြင့်သည့် တိုးတက်သည် ဆိုသော နိုင်ငံတွေ၊ လူ့ အဖွဲ့အစည်းတွေမှာ စိတ် ငြိမ်းချမ်းရေး တရား မရှိလေရော့သလား။

အမှန်ဆို မေးစရာပင် မလိုပါ။ ထိုလောကီ အမြင့်ဘုံ ဆိုသော အရပ်ဒေသတို့တွင် စိတ် ငြိမ်းချမ်းရေး တရားသာ အမှန် ရှိလျှင် မစ္စတာ ကီတာတာနီသည် ဤထေရဝါဒ မြန်မာနိုင်ငံသို့ လာရောက်ရန် အတွက် အကြောင်း ရှိပါဦးမည်လား။ သူသည် လက်တွေ့သမား ဖြစ်သည်မှာလည်း ထင်ရှားသည်။ သူသာ စိတ်ကူးယဉ်သမား ဖြစ်လျှင် ဟိုနိုင်ငံတွင် နေပြီး အချိန် ကာလများကို အကုန်ခံလိုက်မှာပေါ့။ ယခုတော့ သူသည် ထိုသို့

http://www.dhammadownload.com



မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေခြင်းကို ဘဝ၏ အရှုံး ဖြစ်သည် ဟု ဆုံးဖြတ်ချက် ချခဲ့ရုံမျှမက စိတ်၏ ငြိမ်းချမ်းခြင်း ရှိရာ ဤထေရဝါဒ မြန်မာနိုင်ငံသို့ အချိန်မကုန်မီ ရောက်အောင် လာခဲ့လေပြီ။

http://www.dhammadownload.com

## ၃။ ဝိပဿနာ ရှိရာ ပြည်မြန်မာ။

ထေရဝါဒ နိုင်ငံချင်းပင် တူသော်လည်း မြန်မာနိုင်ငံကို သူ အကဲခတ်ပုံကလည်း အကျွန်ုပ်၏ နှလုံးသားကို ငြိမ်းအေး ကြည်နူးစေပါသည်။

'မြန်မာနိုင်ငံကတော့ ခုအချိန်မှာ ဘာပဲပြောပြော အရှေ့တောင်အာရှမှာ အတည်ငြိမ်ဆုံး ဣန္ဒြေအရဆုံး အခြေအနေမှာ ရှိပါတယ်'

သူ၏ အထက်ပါ စကားသည် စဉ်းစားစရာ များစွာကို အကျွန်ုပ်အား လက်ဆောင်ပေးပါသည်။

သြော် ပစ္စည်း ဥစ္စာ ချမ်းသာ ကြွယ်ဝခြင်း ရှိသော်လည်း ဘဝ၏ တည်ငြိမ်ခြင်း၊ ဣန္ဒြေရခြင်း၊ အေးချမ်း ငြိမ်သက်ခြင်း မရှိ၊ ဆောက်တည်ရာ ဘဝ ဒဿန မရှိသော အရပ်သည် စင်စစ် ပတိရူပ ဒေသဝါသောစ ဟူသော မင်္ဂလာ တရား မရှိသော အရပ်ပါပဲကလား။ ပစ္စည်း ဥစ္စာ မချမ်းသာသော်လည်း ရောင့်ရဲတတ်သော၊ ဘဝ အတွက် ဆောက်တည်ရာ ဒဿန (ထေရဝါဒ) ရှိသော အရပ်သည် စင်စစ် တည်ငြိမ်သည်၊ ဣန္ဒြေ ရသည်၊ ငြိမ်းအေးမှု ရှိသည် ဖြစ်ရကား ထိုဒေသသည်သာ မင်္ဂလာ ရှိသော အရပ်ပါကလား။

ထိုစကားများကို နားမှာ ဆတ်ဆတ် ကြားရသော အခါမှပင် ဤမြန်မာနိုင်ငံတွင် လူဖြစ်ရခြင်းကို အောက်တန်းကျသည်၊ တန်ဖိုး မရှိဟု ထင်လျက် ကာလ ကြာမြင့်စွာ နေခဲ့မိသော မိမိ၏ အဖြစ်သည် ရက်ဖို့ကောင်းလှချေ၏ဟု သိမြင်လာပါတော့သည်။ သြော် ကိုယ့်နိုင်ငံ၏

http://www.dhammadownload.com



တန်ဖိုးကို ကိုယ်ကတော့ မသိ၊ သူများက သိသည်မှာ စင်စစ် ဝမ်းနည်းဖွယ် ရှက်ဖွယ် ကောင်းလှသည်မှာ အမှန်ပါပဲ။

နံနက် ခုနစ်နာရီတွင် တစ်ကြိမ် ဦးပဥ္စင်းကြီး ဦးပညာနန္ဒကို ဖူးတွေ့ခဲ့ရပါသေးသည်။ သူ့ကို ညနေပိုင်းတွင် အင်တာဗျူး လုပ်ရန် ခွင့်ပန်ဖို့နှင့် ဓာတ်ပုံ ရိုက်ဖို့ ပထမ ဖူးရခြင်း ဖြစ်ပါသည်။ မိမိနှင့် မိုးဝေ အဖွဲ့သားများ ချမ်းမြေ့ ရိပ်သာသို့ နံနက် ခုနစ်နာရီ အရောက် သွားခဲ့ကြလေသည်။ ချမ်းမြေ့ ရိပ်သာ၏ ယခင် စံကျောင်း နှစ်ထပ်ကျောင်း အပေါ်ထပ်တွင် ဦးပညာနန္ဒ သီတင်းသုံးပါသည်။ အကျွန်ုပ်တို့ အဖွဲ့ စံကျောင်းပေါ်သို့ ရောက်သောအခါ ချမ်းမြေ့ရိပ်သာ ဆရာတော် ဘုရားက တရားပြနေစဉ် ဖြစ်လေသည်။ ရဟန်းတော် ဦးပညာနန္ဒနှင့် အတူ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု၊ သူ့ ဘေးမှာ ပိန်ပိန်သေးသေး ဂျပန် အမျိုးသမီးကြီး (မြန်မာ ယောဂီဝတ်ဖြင့်) တွေ့ရလေသည်။ ထိုယောဂီ အမျိုးသမီးကား မစ္စက် ကီတာတာနီ ဖြစ်လေသည်။

အမေရိကန် နိုင်ငံမှ မြန်မာနိုင်ငံသို့ အရောက်လာကာ တရား (ဓမ္မ) ကို ရှာဖွေနေကြသော သူတို့၏ မျက်နှာပေါ်မှာ ဆန္ဒာဓိပတိ တပ်ထားပုံ အထင်းသား ပေါ်ပါသည်။ ချမ်းမြေ့ ဆရာတော် ဘုရား၏ ငြိမ်းအေး တည်ငြိမ်လှသော တရားပြ အင်္ဂလိပ် စကားသံများကလည်း ထင်ရှား ရှင်းလင်း၍ ပြတ်သားလှပါသည်။

နံနက်ပိုင်း တွေ့စဉ်က ချမ်းမြေ့ ဆရာတော် ဘုရားက ဂျပန် ဒုလ္လဘ ရဟန်းတော်အား ဝိပဿနာ၏ အခြေခံ သဘောတရားနှင့် သတိပဋ္ဌာန် တရားတော်ကို အစဉ် အတိုင်း ဟောကြား ဆုံးမတော် မူနေလေသည်။ ဆရာတော်၏ အောက်ပါ စကားများက အကျွန်ုပ်၏ နားတွင်းသို့ ခုန်ပေါက် ပြေးဝင်လာကြပါသည်။

*'The Practice of Vipassana or Insight Meditation is the effort made by the meditator to understand correctly the nature of the psycho-physical phenomena taking place in his own body.'*

ဝိပဿနာ အကျင့်သည် ကမ္မဋ္ဌာန်း တရား အားထုတ်သူက မိမိ

http://www.dhammadownload.com



ကိုယ်ပေါ်တွင် ဖြစ်ပေါ်လျက် ရှိသော ရုပ်နာမ် ဓမ္မတို့ကို ဟုတ်တိုင်း မှန်စွာ သိမြင် နားလည်ရေး အတွက် အားထုတ်ခြင်းပင် ဖြစ်ကြောင်း ဟောကြားနေသော ဆရာတော်၏ စကားသံများသည် နားမှ တစ်ဆင့် စိတ်မျက်စိထဲသို့ ရောက်သော အခါ အထင်းသား ပေါ်လွင်နေလေသည်။ ဆရာတော်သည် နိုင်ငံခြားသားများ၏ နားနှင့် စိတ်မျက်စိကို ဖွင့်ပေးတော်မူလေသည်။ ရုပ်နာမ် ဓမ္မတို့ကို ဝိပဿနာ အားထုတ်သူသည် မှတ်သားရပုံကိုလည်း ဟောကြားပြန်လေသည်။

*'We must make ourselves aware of them by observing them and noting thus: ''seeing, seeing'', ''hearing, hearing'', ''smelling, smelling'', ''tasting, tasting'', ''touching, touching'' or ''thinking, thinking''. '*

မြင်သမျှ ကြားသမျှ နံသမျှကို မြင်လျှင် မြင်တယ် မြင်တယ်၊ ကြားလျှင် ကြားတယ် ကြားတယ်၊ နံလျှင် နံတယ် နံတယ်၊ ချိုလျှင် ချိုတယ် ချိုတယ်၊ ထိုကျဉ်လျှင် ထိုတယ် ထိုတယ်၊ ကျဉ်တယ် ကျဉ်တယ် စသည်ဖြင့် မှတ်ရပုံ အနုပဿနာ နည်းများကို ဖွင့်ဟ ဟောကြားခြင်း ဖြစ်လေသည်။ ထို့နောက် ဝိပဿနာ အားထုတ်ရာတွင် မှတ်ရ လွယ်ကူသော ပိန်ဖောင်း မှတ်နည်းကိုလည်း ဟောတော်မူပြန်သည်။

*'While noting the rising of the abdomen, do so from the beginning to the end of the movement just as if you are seeing it with your eyes. Do the same with the falling movement.'*

ဝမ်းဗိုက်၏ ဖောင်းတက်လာပုံ ဖြစ်စဉ်ကို အစမှ အဆုံးတိုင် မိမိ၏ ပကတိ မျက်စိဖြင့် မြင်နေရသလို ထင်လာ မြင်လာအောင် ရှုဖို့ ဆရာတော် ဟောပြောပုံမှာ ရှင်းလှပါသည်။ အကျွန်ုပ်လည်း တရားသို့သာ စိတ်ရောက် သွားလေပြီ။

ဆရာတော်က ဝိပဿနာ တရား ရှုသူ၏ အမှတ် စိပ်လာသော အခါ စိတ်သည် အာရုံ စူးစိုက်မှု ရရှိလာပုံ၊ တဖြည်းဖြည်း သမာဓိစိတ် ဖြစ်ပေါ်လာပြီး တည်ငြိမ်လာပုံများကိုပါ သဘောပါအောင် ရှင်းပြတော်မူ

http://www.dhammadownload.com



လေသည်။ တရား အားထုတ်စ အခါ၌ ယောဂီ၏ စိတ် ပျံ့လွင့်နေတတ်ပုံက စ၍ မြင်လွယ် ထင်လွယ်အောင် ဆရာတော်က ဟောညွှန် ပြတော်မူလေသည်။

*'Your mind may wander elsewhere while you are noting the abdominal movement. This must also be noted by mentally saying, ''wandering, wandering.'' When this has been noted once or twice, the mind stop wandering, in which case you go back to noting the rising and falling of the abdomen.'*

ထို့နောက် စိတ္တာ နုပဿနာ လိုက်ပုံကို ဟောတော်မူသည်။

*'In short, whatever thought or reflection occurs should be noted. If you imagine, note as ''happy.'' If you feel bored, ''bored.'' Noting all these acts of consciousness is called ''Cittanupassana''. '*

ဆရာတော်သည် ဝိပဿနာ အားထုတ်သော ယောဂီ ဖြစ်လျှင် အိပ်ချိန် (လေးနာရီ) မှ အပ ကျန်အချိန်များတွင် သတိကို မြဲစွာ ကပ်၍ ဖြစ်ပျက်နေသမျှသော အခြင်းအရာများကို မှတ်၍သာ အချိန် ကုန်သင့်ပုံကိုလည်း ဟောလေသည်။ လမ်းလျှောက်ရင်း မှတ်ပုံ၊ ထိုင်ရင်း မှတ်ပုံ၊ ဆွမ်းစားရင်း မှတ်ပုံများကိုပါ စိပ်စိပ် သင်ကြားတော်မူလေသည်။ ထိုသို့ စိပ်စိပ် မှတ်ရင်း မှတ်ရင်း ယောဂီ၏ ဝိပဿနာ အမြင်တွင် လောက၌ ရုပ်၏ ဂုဏ်သတ္တိများ ဖြစ်သော အာယာတနများနှင့် ထိုအာရုံများကို မှတ်သားနေမှု ဟူသော စိတ်၏ လုပ်ဆောင်ချက်များသာ အမှန်တကယ် ဖြစ်ပေါ် ပပျောက်လျက် ရှိသည် ဆိုသော အခြင်းအရာကို ကွဲကွဲပြားပြား ထင်မြင်လာမည်။ ထိုသို့ ထင်မြင်ခြင်းသည် ဝိပဿနာ၏ ဉာဏ်စဉ် အစ နာမရူပ ပရိစ္ဆေဒဉာဏ်သို့ ဆိုက်ရောက်ပုံကို ဟောတော်မူလေသည်။

*'Thus, with every act of noting, the yogi will come to know for himself clearly that there are only this material quality which is the object of awareness*

http://www.dhammadownload.com



*or attention and the mental quality that makes a note of it. This discriminating knowledge is called ''namarupa-paricceda-nayna, the beginning of the vipassana-nayna''. '*

တရား၏ အဆုံးဝယ် မစ္စတာ ကီတာတာနီက တရား၏ ထူးခြားလှပုံကို ချီးမွမ်းလေသည်။

'ကျေးဇူးတင်လှပါသည် ဘုရား၊ တရားတော်ဟာ ထူးခြား လေးနက်လှပါတယ်၊ ယခု တပည့်တော်မှာ အချိန် မရလို့ ခုလောက်သာ အားထုတ်ရတာ အားမရနိုင်ပါ ဘုရား၊ ဆက်လက်၍လည်း အားထုတ်ဖို့ တပည့်တော်ကြိုးစားပါ့မယ် ဘုရား'

ပြီးလျှင် ရဟန်းတော် ဦးပညာနန္ဒအား အကျွန်ုပ်တို့ အဖွဲ့က ခွင့်ပန်လျှောက်ထား၍ ဓာတ်ပုံ ရိုက်ကြပါသည်။ ထိုနေ့သည် တော်သလင်းလ၏ နံနက် ဖြစ်ပါသည်။ တော်သလင်းလကား မိုးရာသီပင် ဖြစ်သော်လည်း နေကျဲကျဲ ပူတတ်၏။ ထို့ကြောင့် နံနက်ခင်းသည် လင်းသန့် သာယာနေ၏။ ဥတုကား အေးမြ၏။ ရွှင်လန်းဖွယ် ရှိ၏။

ထို့ထက် ပို၍ ဝိပဿနာ တရားတော်က ချမ်းမြေ့၍ ရွှင်လန်းဖွယ် ရှိလှ၏။ ဂျပန် ရဟန်းတော် ဦးပညာနန္ဒ၏ မျက်နှာတော်မှာလည်း ကြည်လင် လန်းဆန်းလှပါသည်။ သူသည် အလွန် ပင်ပန်း ဆင်းရဲလှစွာ အစာအိမ် ကင်ဆာ ရောဂါ ဝေဒနာကြီးကို ခံစားခဲ့ရသည် ဆိုခြင်းမှာပင် ယုံတမ်း စကားသဖွယ် ဖြစ်နေပါသည်။ ရဟန်းတော်၏ ကျန်းမာရေး အခြေအနေသည် အထူး ကောင်းမွန်လျက် ရှိသည်ကို မျက်မြင် ဖြစ်ပါသည်။ ဝိပဿနာ ဟူသော တရား ဆေးကား အလွန်ပင် အစွမ်းထက်သည်မှာ ထင်ရှားပါ၏။ ယခု ဦးပညာနန္ဒသည် ဥပသမ္ပဒါကံဆောင်၍ ရဟန်းဘောင်သို့ ဒုလ္လဘ ရဟန်း အဖြစ် ဝင်ရောက်ကာ တရားကို အားထုတ်ခဲ့သည်မှာ ဆယ့်ငါးရက်သာ ရှိသေး၏။ ဤ ဆယ့်ငါးရက်၏ အစွမ်းဖြင့်ပင်လျှင် သူ၏ ကျန်းမာရေး အခြေအနေမှာ ထူးထူးခြားခြား တိုးတက်ကောင်းမွန်နေသည်ကို အကျွန်ုပ် သတိမထားမိဘဲ မနေနိုင်အောင် ဖြစ်ရပါ၏။

လွန်ခဲ့သော ဆယ့်ငါးရက်ခန့်က သူ၏ ရဟန်းခံပွဲသို့ အကျွန်ုပ်

http://www.dhammadownload.com



ရောက်လာစဉ်ကမူ သူ၏ အသွင်မှာ ဤမျှလောက် လန်းဆန်းခြင်း မရှိသေး။ အလုပ်အကိုင်ကြောင့်ပေပဲလား၊ ဝေဒနာကြောင့်ပေပဲလား မသိ၊ သူ့ မျက်နှာပေါ်မှာ စိတ်၏ ပင်ပန်းခြင်း၊ ကိုယ်၏ ပင်ပန်းခြင်းများကြောင့် နွမ်းလျပုံ ပေါ်နေလေသည်။ ယခုမူ ရဟန်းတော်၏ အသွင်က ရေတွေ့သည့် ကြာပန်းကြီးလို ပကတိ လန်းဆန်း ကြည်လင်နေတော့၏။ အထူးသဖြင့် ရဟန်းတော်၏ မျက်နှာပေါ်မှာ ရွှင်လန်းသော အပြုံးသည် ပွင့်လန်းနေ၏။

http://www.dhammadownload.com

## ၄။ ဝိပဿနာကြောင့် ကျန်းမာ။

ရဟန်းတော်၏ ကျန်းမာရေး အခြေအနေသည် အထူး ကောင်းမွန်နေသည်ဟု အကျွန်ုပ် ခန့်မှန်းမိခြင်းမှာ အကြောင်းရှိ၏။ ထိုနေ့ နံနက်ခင်း အကျွန်ုပ်တို့ စံကျောင်းဟောင်းပေါ်သို့ ရောက်သောအခါ နံနက် ခုနစ်နာရီ ရှိပြီ ဖြစ်၏။ ထိုအချိန်တွင် ချမ်းမြေ့ ဆရာတော်သည် ရဟန်းတော်အား တရား စစ်မေး ပြီးနောက် ဝိပဿနာ ဉာဏ်စဉ် တရားကိုပင် ဟောကြားနေပြီ ဖြစ်၏။

မှတ်မိသလောက် အကျွန်ုပ်တို့သည် ကျောင်းပေါ်သို့ ရောက်ပြီး ဆရာတော်ကို ဝတ်ပြု ကန်တော့ကြသောအခါ ဆရာတော်က ဂျပန် ရဟန်းတော်အား ဝိပဿနာ ဉာဏ်အား သန်လာပြီး အမှတ် စိပ်လာသော အခါ သမာဓိ ဖြစ်ပေါ်လာပုံ၊ ထို့နောက် ဖြစ်ပျက်တို့၏ ကြောင်းကျိုးကို သိမြင်လာပုံ၊ ရုပ်တရားနှင့် နာမ်တရားကို ခွဲခြား သိမြင်သော နာမရူပ ပရိစ္ဆေဒဉာဏ် ပေါ်ပေါက်လာပုံသို့ပင် ရောက်နေပြီ ဖြစ်၏။

ဂျပန် ရဟန်းတော်ကား ကြမ်းပြင်ပေါ်မှာ ဆောင့်ကြောင့် ထိုင်လျက် လက်အုပ်ချီလျက် ဆရာတော် မိန့်ကြားသမျှကို သတိဖြင့် မှတ်ယူကာ စူးစိုက်စွာ နားထောင်လျက် ရှိ၏။ ဆရာတော်သည် တရား လမ်းပြ ညွှန်ကြား ဆုံးမနေသည်မှာ အနည်းဆုံး လေးဆယ့်ငါးမိနစ်ထိ ကြာမည် ထင်၏။ ထိုမျှ ကာလ အတွင်း၌ ဂျပန် ရဟန်းတော်သည် မိမိ၏ ဣရိယာ ပုတ်ကို လုံးဝ ပြောင်းလဲခြင်း မရှိ။ ပကတိ တည်ငြိမ် လေးနက်သော ဣန္ဒြေတော်ဖြင့်သာ ဆောင့်ကြောင့် ထိုင်မြဲ ထိုင်လျက် လက်အုပ် ချီမြဲ

http://www.dhammadownload.com



ချီလျက်သာ နာကြားနေလေသည်။

သမာဓိနှင့် အလှမ်းကွာဆဲ ဖြစ်သော အကျွန်ုပ်တို့ လူစုမှာသာ အလွတ်အလပ် ထိုင်နေရပါလျက် လက်အုပ်ကိုလည်း အကြာကြီး မချီနိုင်၊ ထိုင်ရာမှာလည်း တစ်သမတ်တည်း တစ်ပုံစံတည်း မထိုင်နိုင်၊ ခုတစ်မျိုး ခုတစ်မျိုး ပြောင်းလဲနေရပါ၏။ သတိထားတတ်လျှင် ဂျပန် ရဟန်းတော်၏ သမာဓိ ခိုင်ခံ့မှုကို လည်းကောင်း၊ ဆယ့်ငါးရက် တရား၏ ထူးမြတ်သော အကျိုး အာနိသင်ကို လည်းကောင်း ထင်ရှားစွာ တွေ့မြင်နေရပါ၏။ တရားနှင့် တွေ့သောအခါ ချမ်းမြေ့ခြင်း၊ ရွှင်လန်းခြင်း၊ ကြံ့ခိုင်ခြင်း၊ ကျန်းမာခြင်း၊ တည်ကြည်ခြင်း၊ လေးနက်ခြင်း စသော ဖွဲ့သတ္တိများ ဖြစ်ပေါ်ကြောင်းမှာ ဂျပန် ရဟန်းတော်၏ ကိုယ်၌ ထင်ရှားနေပြီပဲ။

အကျွန်ုပ်၏ ရင်ထဲဝယ် လှိုက်လှဲလာသော ပီတိကြောင့်ပင် ဖြစ်မည် ထင်ပါသည်။ ဂျပန် ရဟန်းတော်၏ မျက်နှာတော်ကို ဖူးမြော်နေရခြင်းဖြင့် အကျွန်ုပ်မှာ ကြည်နူး အားရ ရှိလှပါ၏။

ဆရာတော်၏ တရား စကား အဆုံးတွင် မမစုနှင့် အတူ ငြိမ်သက်စွာ နားဆင်နေသူ မစွက် ကီတာတာနီက ဤသို့ လျှောက်တင်လေသည်။

'အရှင်ဘုရား၊ တပည့်တော် တစ်နေ့က တရား အားထုတ်နေစဉ်မှာ တပည့်တော် လုံးဝ မစဉ်းလည်း မစဉ်းစား သတိလည်း မရတော့တဲ့ တပည့်တော်မရဲ့ သူငယ်ချင်း အမျိုးသမီး တစ်ဦးကို တပည့်တော်မရဲ့ အာရုံထဲမှာ အထင်အရှား တွေ့မြင်နေရပါတယ် ဘုရား၊ ဒီအမျိုးသမီး ကွယ်လွန်ခဲ့တာလည်း ကြာပါပြီ ဘုရား၊ ပထမတော့ တပည့်တော်မ စိတ်မှာ ဇဝေဇဝါ ဖြစ်ပါတယ်၊ ငါ သူ့အကြောင်းကို စဉ်းစားမိလို့ပဲလားလို့ မှတ်တယ်၊ နောက်တော့ မဟုတ်ဘူး ဘုရား၊ တပည့်တော် သူ့ကို မြင်နေတာဟာ စိတ်အထင် မဟုတ်ပါဘူး၊ မျက်စိ မှိတ်လိုက်တိုင်း အထင်အရှား တွေ့နေရတာပါ ဘုရား၊ အဲဒါ ဘာဖြစ်တာလဲ ဘုရား'

ဤအမေးကို ကြားရသောအခါ ချမ်းမြေ့ ဆရာတော် ဘုရားက ပြုံးတော်မူသည်။

'ဒါ အဆန်း မဟုတ်ဘူး ဒကာမကြီး၊ တရား အားထုတ်သူ အတော် များများ ဒီလို အတွေ့အကြုံမျိုးကို တွေ့ကြုံရတတ်ပါတယ်၊ တစ်ခါတစ်ရံ

http://www.dhammadownload.com



ကြောက်မက်ဖွယ် အဆင်း သဏ္ဌာန်တွေကိုလည်း မြင်တတ်ပါတယ်၊ တချို့ ဆို အသံတွေကိုတောင် ကြားရတတ်ပါတယ်၊ ဒီအခါမျိုးမှာ ဝိပဿနာ တရားကို အားထုတ်သူဟာ ဒီအမြင် ဒီအကြားတွေ နောက်ကို သာမန် ပုထုဇဉ်တွေလို လိုက်ပါမသွားရဘူး၊ မြင်ရင် မြင်တယ် မြင်တယ်လို့ပဲ မှတ်ရမယ်၊ ကြားရင်လည်း ကြားတယ် ကြားတယ်လို့ပဲ မှတ်ရမယ်၊ ဒီလို မှတ်လိုက်တာနှင့် မြင်တာတွေ ကြားတာတွေဟာ သူ့အလိုလို ပျောက်သွား လိမ့်မယ်၊ သတိ ရှိဖို့ အရေးကြီးတယ်၊ ယောဂီဟာ မူလ မှတ်နေတဲ့ ပိန် တယ် ဖောင်းတယ်ပဲ ပြန်မှတ်၊ အမှတ် စိပ်လာပြီး စိတ်တည်ငြိမ်မှု ရလာတဲ့ အခါ ရုပ်နာမ် ဓမ္မတို့ရဲ့ မမြဲတဲ့ သဘော အနိစ္စကို အထင်အရှား တွေ့မြင် လာမယ်၊ ပြီးတော့ ရုပ်နာမ် ဓမ္မတို့ရဲ့ ချမ်းသာတဲ့ သဘော ဆင်းရဲတဲ့ သဘောတွေကိုလည်း ထင်ထင်ရှားရှား မြင်လာမယ်၊ ပိုပြီး စိတ်တည်ငြိမ် လာပြီး ဉာဏ်အား ကောင်းလာတာနှင့် အမျှ ဒီရုပ်နာမ် ဓမ္မတို့ရဲ့ အနတ္တ အစိုးမရတဲ့ သဘော မိမိ အလိုသို့ မလိုက်တဲ့ သဘောတွေ ထင်ရှားလာမယ်၊ အဓိကကတော့ မိမိ မူလ မှတ်နေတဲ့ တရားကိုပဲ သတိ မလစ်အောင် မှတ်နေဖို့ပဲ၊ ကျန်တဲ့ အပိုင်းက သူ့ဘာသာသူ အလိုလို ဖြစ်လာတယ်'

'ကျေးဇူးတင်ပါတယ် ဘုရား'

အကျွန်ုပ်လည်း မရွယ်ဘဲ စော်ကဲ မင်းဖြစ် ဆိုဘိသကဲ့သို့ အမှတ် မထင် ကြုံကြိုက်ရသော အတွေ့အကြုံ အားလုံးသည် ထူးကဲစွာ ကျေးဇူး ကြီးမားနေလေပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

## ၅။ အင်တာဗျူး ပြုလုပ်ခြင်း။

လွန်ခဲ့သော ဆယ့်ငါးရက်က ဂျပန် ရဟန်းတော်၏ ရဟန်းခံပွဲသို့ တက်ရောက်ခဲ့ရပြီးကတည်းက အကျွန်ုပ်၏ မနော အစဉ်ဝယ် ဤဂျပန် ရဟန်းတော်၏ ထူးခြားသော အခြင်းအရာများနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာ မြန်မာ တစ်မျိုးသားလုံး သာဓု အနုမောဒနာ ခေါ်ရအောင် သူ့အကြောင်း စာတစ်ပုဒ် ရေးလိုသော ဆန္ဒသည် ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့ပါ၏။

သို့ရာတွင် ဤမျှလောက် ကမ္ဘာ့ အဆင့်အတန်း ရှိသော ပုဂ္ဂိုလ်ကြီးကို မိမိကဲ့သို့ အညတြ တစ်ယောက်က ဘယ်ပုံ ဘယ်နည်း ချဉ်းကပ်ရပါမည်နည်း။

ဂျပန် ရဟန်းတော်ကား သာမန် အရပ်သား မဟုတ်။ သူသည် ကမ္ဘာ့ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်၏ ဌာနေ ကိုယ်စားလှယ်တော်ကြီး ဖြစ်၏။ သူ့ကို ချဉ်းကပ်ပြီး အင်တာဗျူး လုပ်ခွင့် တောင်းရန်မှာ လွယ်ကူသော ကိစ္စ မဟုတ်ပါ။ မြန်မာ နိုင်ငံမှ အစိုးရ အဖွဲ့ ဝန်ကြီး တစ်ဦးကို အကြောင်းကိစ္စ လုံလောက်လျှင် ချဉ်းကပ်ခွင့် ရကောင်း ရနိုင်ပေလိမ့်မည်။ ယခုမူ ဂျပန် အမျိုးသားကြီးမှာ ကမ္ဘာ့ ကုလသမဂ္ဂ တာဝန်ဖြင့် ရောက်လာသော သံတမန်ကြီး တစ်ဦး ဖြစ်သည့်ပြင် ရဟန်း အသွင်ဖြင့် ဝိပဿနာ တရားကို အားထုတ်လျက် ရှိပေရာ ပို၍ပင် ချဉ်းကပ်ရ ခက်ခဲလှပါ၏။ အကြောင်းမူ ဤသို့ လူသိရှင်ကြား စာရေးရန် ကိစ္စကို သဘောတူနိုင်ပါမည်လား။ သူ၏ တန်ဖိုးရှိသော အချိန်တွေကို ဖြုန်းတီးရာ ကျလေမည်လား။

http://www.dhammadownload.com



စဉ်းစားနေခြင်းကား ပြဿနာ၏ အဖြေကို ရရန် ခက်ခဲလှ၏။ တစ်ခါတစ်ရံ စဉ်းစားလေလေ ပြဿနာ၏ အဖြေနှင့် ဝေးသွားလေလေ ဖြစ်၏။ ထို့ကြောင့် အကျွန်ုပ်လည်း အရှည် အဝေး ကိုယ့်ဘာသာ စဉ်းစား နေခြင်းကို ဖြတ်တောက်လိုက်၏။ မိမိ အနေနှင့် ဤတွေ့ဆုံ မေးမြန်းခန်းကို ပြုသင့်သည်ဟု ထင်ရအောင် လုံလောက်သော အကြောင်း ရှိပါသလား။ ရှိလျှင် ခွင့်တောင်းသင့်သည်။ တွေ့ခွင့် ပြုသည် မပြုသည်မှာ မိမိ အလုပ် မဟုတ်။ မိမိ ကိစ္စ မဟုတ်။ သူ့ အလုပ် သူ့ ကိစ္စကို မိမိက စဉ်းစားနေစရာ မလို။ အတွေး ချော်နေစရာ မလို။ ဤသို့ ဆုံးဖြတ်လိုက်ပြီးနောက် အကျွန်ုပ် သည် အောက်ပါ ခွင့်ပန်လွှာကို အင်္ဂလိပ်လို ရေးချလိုက်ပါ၏။

***Request for permission;***

*Ven: Chanmyay Sayadaw Sir,*

*May I ask a permission from you to see Mr. KITATANI, now a bikkhu, Ashin Panna Nanda, to have an interview with him to write an article on his bikkhu ordination and his attempt to seek a truely reliable faith in practicing the exercise of insight knowledge. He really did us proud and we believe that to know about him would undoubtedly do our reading public to call sadhu Venerable Sir.*

ခွင့်ပန်လွှာကား ဤသို့ ဖြစ်၏။

ချမ်းမြေ့ ဆရာတော် အရှင်မြတ်ဘုရား။

ယခုအခါ ရဟန်းတော် အရှင် ပညာနန္ဒ အသွင်ဖြင့် ဝိပဿနာ တရားတော်များကို အားထုတ်လျက် ရှိသူ မစ္စတာ ကီတာတာနီအား တွေ့ဆုံ မေးမြန်းခြင်းကို ခွင့်ပြုတော်မူပါရန် တပည့်တော် ရှိသေစွာ လျှောက်ထား ပါသည် ဘုရား။ ထိုရဟန်းတော်၏ အားထုတ် လုပ်ဆောင်ချက်များသည် တပည့်တော်တို့ (မြန်မာ ဗုဒ္ဓဘာသာ) စာဖတ် ပရိသတ်များ အတွက် ဂုဏ်ယူဖွယ် မုချ ဖြစ်မည့်ပြင် သာဓု ခေါ်ဖွယ်ရာလည်း ဖြစ်ပါလိမ့်မည် ဘုရား။

http://www.dhammadownload.com



ထိုပန်ကြားလွှာနှင့် အတူ ရဟန်းတော် ဦးပညာနန္ဒကိုလည်း အောက်ပါ အတိုင်း လျှောက်ထားပါသည်။

*Venerable U Panna Nanda Sir,*

*One day when I came here to see Ven. Chanmyay Sayadaw I was unexpectedly invited to attend an ordination ceremony on a sunday, and, I've to admit, I came there very reluctantly, not knowing that it was of yours; I was, then, thinking myself that it would also be just an ordinary ordination as usually did in this country. But, to my surprise, it really was for me a very very different cup of tea, indeed, sir.*

*I was so impressive with the event that in the wake of it, as I've been a writer. I do realize myself that I can't help writing something about your unusual ordination and your strenuous effort to gain true insight knowledge upon the Noble Truths.*

ရဟန်းတော် ဦးပညာနန္ဒ အရှင်သူမြတ်ဘုရား။

တစ်နေ့သ၌ တပည့်တော် ချမ်းမြေ့ရိပ်သာ ဆရာတော်အား ဖူးမြော်ရန် လာစဉ် မမျှော်လင့်ဘဲနှင့် တနင်္ဂနွေနေ့တွင် ရဟန်းခံပွဲ တစ်ခုသို့ တက်ရောက်ရန် တပည့်တော်အား ဆရာတော်က ဖိတ်ကြားပါသည်။

တပည့်တော်သည် ထိုရဟန်းခံပွဲမှာ အရှင်ဘုရား၏ ရဟန်းခံပွဲမှန်း မသိဘဲ အမှတ်မဲ့ပင် လာရောက်ခဲ့ပါသည် ဘုရား။ စိတ်မှာလည်း ဤနိုင်ငံတွင် လုပ်ရိုးလုပ်စဉ် ရဟန်းခံပွဲ တစ်ခုပင် ဖြစ်လိမ့်မည်ဟု ထင်မြင်ခဲ့ပါသည်။ သို့သော် ကိုယ်တွေ့ ကြုံရသော ရဟန်းခံပွဲမှာ တပည့်တော် အံ့သြရလောက်အောင် ထူးထွေ ခြားနားသော ရဟန်းခံပွဲ တစ်ခု ဖြစ်နေပါတော့သည် ဘုရား။

ရဟန်းခံပွဲကို ဆင်နွှဲရပြီးနောက် ထူးခြားသော အတွေ့အကြုံကြောင့် တပည့်တော်မှာ စာရေးသူ တစ်ယောက် ဖြစ်သည့် အားလျော်စွာ ဤအရှင်

http://www.dhammadownload.com



ဘုရား၏ ရဟန်းခံပွဲ မင်္ဂလာ သဘင် အကြောင်းကိုရော၊ အရှင်ဘုရား၏ (မြတ်ဗုဒ္ဓ၏) သစ္စာလေးပါး တရားတော် အပေါ် ဝိပဿနာ အမြင် ရရှိအောင် စွမ်းစွမ်းတမံ ကြိုးပမ်းခဲ့ပုံကိုပါ စာမရေးဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရပါသည် ဘုရား။

ဟု လျှောက်ထားပါသည်။

ဤသို့ လျှောက်ထားပြီးနောက် မိမိ သိလိုသည့် အချက်အလက်များ အားလုံး ကို ပေါင်းရုံးပြီးနောက် မေးခွန်း ငါးခု ရေးချလိုက်ပါသည်။ မေးခွန်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

**_Some Important Questions:_**

*(1) May I know the states of affairs that called for you to come to Burma, to take the life of a monk and to practice in the exercise of vipassana (insight knowledge) sir.*

*(2) Now you have lived and practiced in mendicant renunciative way of life for sometimes. Do you find any significant value, I mean, the desired benificial result which you are intending to have?*

*(3) Is there any trouble, I mean, a sort of distress or hardship in your daily activities in Channyay Yeiktha?*

*(4) This is a bit sophisticated question but I'm sure, it would be much worthy to know, for most of our readers are very naive about it, and, if you don't mind, I would like to ask it especially to you because you are a Japanese. I mean, you were born and brought up on the soil of Mahayana Buddhism, then you*

http://www.dhammadownload.com



*came from the West and at present you are practicing in Theravada.*

*You might have already known that most of the Mahayanists and Western scholars usually have taken the view that Theravada Buddhism is too negative and self-centred. Do you find any evidence in your experience to prove this pessimistic out-look, sir?*

(5) *Is there any thing you want to tell about Burmese Buddhists in general, about your experience here in Chanmyay Yeiktha in particular, so that they (the readers) can have enjoyment and faith?*

အထက်ပါ မေးခွန်းများနှင့် အတူ အင်တာဗျူး လုပ်ရိုး လုပ်စဉ် အတိုင်း မစ္စတာ ကီတာတာနီ (ရဟန်းတော် ဦးပညာနန္ဒ) ၏ ကိုယ်ရေး ကိုယ်တာ ဆိုင်ရာ မေးခွန်းလွှာ ပုံစံကိုပါ ချမ်းမြေ့ ဆရာတော်အား ဆက်ကပ် လိုက်ရာ ဆရာတော်က သေသေချာချာ လေ့လာပြီးနောက် တွေ့ဆုံခွင့်ကို ပေးသနားတော်မူခဲ့ပါ၏။

ဂျပန် ရဟန်းတော်နှင့် တွေ့ဆုံ မေးမြန်းခြင်း (အင်တာဗျူး) ပြုလုပ်ရန် ခွင့်ပြုသော အခါ ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားက ဤသို့ မိန့်ကြားတော် မူပါသည်။

'တခြားလူ ဆိုရင် ဘုန်းကြီး အနေနှင့် ဒီလို တွေ့ခွင့် ပြုနိုင်မှာ မဟုတ်ဘူး၊ ဦးဆန်းလွင်ကိုတော့ ဘုန်းကြီးတို့က ယုံကြည် စိတ်ချလို့ ခွင့်ပြုတာ၊ ဒီတော့ သူ (ဦးပညာနန္ဒ) တရား အားထုတ်နေတဲ့ ရက်တွေမှာ အင်တာဗျူး လုပ်လိုက်ရင် သူ့ စိတ်လှုပ်ရှားပြီး အာရုံ ပျက်သွားမှာ စိုးရိမ်ရတယ်၊ ဆယ့်ငါးရက် အားထုတ်ပြီး နောက်ဆုံး သိက္ခာချမယ့် နေ့ကျမှ သိက္ခာ မချခင် တွေ့ဖို့ စီစဉ်ပေးမယ်'

'တင်ပါ့ ဘုရား၊ သင့်မြတ်လှပါတယ် ဘုရား၊ တပည့်တော်တို့က

http://www.dhammadownload.com



ရဟန်းတော်ကြီးရဲ့ နေ့စဉ် လုပ်ငန်း ဆောင်တာများနှင့် ပတ်သက်ပြီး လှုပ်ရှားပုံများကို ဓာတ်ပုံ ရိုက်ချင်ပါသေးတယ် ဘုရား၊ ရနိုင်မည် ဆိုလျှင် ရဟန်းခံတဲ့ နေ့က ဓာတ်ပုံများကိုလည်း ရချင်ပါတယ် ဘုရား'

'ဓာတ်ပုံကိုလည်း အင်တာဗျူး လုပ်မယ့်ရက် နံနက်ပိုင်းမှာ လာရိုက်ပေါ့၊ ရှင်ပြုပွဲ ဓာတ်ပုံတွေကတော့ သူ့ရဲ့ ရဟန်း ဒကာ ဦးကြည်စိုးမော်တို့ဆီမှာ ရှိပါတယ်၊ ဘုန်းကြီး မှာထားလိုက်မယ်'

'ဒါဆို အဆင်ပြေလှပါတယ် ဘုရား'

ဆရာတော်၏ နှုတ်တော်က ဖွင့်ဟလာသမျှ စကားလုံးတိုင်းမှာ မေတ္တာ ပါသည်ကို လည်းကောင်း၊ ပညာ ပါသည်ကို လည်းကောင်း အကျွန်ုပ်၏ နှလုံးသားက မသိမှတ်ဘဲ မနေနိုင်ပါ။ အထူးသဖြင့် ဆရာတော်ဘုရားက အကျွန်ုပ် အပေါ်တွင် စိတ်ချ ယုံကြည်မှု ရှိ၍သာ ဤတွေ့ဆုံမေးမြန်းခြင်းကို ခွင့်ပြုသည် ဆိုခြင်း အတွက် အမှန်အားဖြင့် အကျွန်ုပ်သည် ဝမ်းသာ ဂုဏ်ယူရမည် ဖြစ်သော်လည်း ထိုဝမ်းသာစိတ် ဂုဏ်ယူစိတ်များ အားလုံး ပျောက်လွင့်သွားပြီး ထိတ်လန့် တုန်လှုပ်သည့် စိတ်များသာ ဖြစ်ပေါ်လာလေတော့၏။

ထိုအခါ မိမိကြောင့် တစ်စုံတစ်ရာ အမှားအယွင်း အတိမ်းအစောင်း မရှိစေရန်ကိုလည်း မိမိသည် သတိ ကိုယ်မှာ မြဲစေလျက် ထိုအင်တာဗျူးကို စတင်ခဲ့ရခြင်း ဖြစ်ပါ၏။ သို့ပါလျက်ပင် အကျွန်ုပ်နှင့် အထိအတွေ့နည်းကြသော ချမ်းမြေ့ ရိပ်သာ ဂေါပက အဖွဲ့ဝင်များမှာ မိမိက ဂျပန်ရဟန်းတော်ကို မသင့်မတော်သော မေးခွန်းများ မေးမြန်းခြင်းဖြင့် စိတ်အနှောင့်အယှက် ပြုလေမည်လားဟု စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြကြောင်းကိုလည်း အကျွန်ုပ် သိခဲ့ရပါ၏။

သို့ရာတွင် ဂျပန် ရဟန်းတော်နှင့် အကျွန်ုပ်တို့၏ အင်တာဗျူးပွဲမှာ အလွန် အဆင်ပြေလှပါ၏။ ဂျပန် ရဟန်းတော်၏ ဖြေကြားပုံမှာ ဝတ်ကျေတမ်းကုန် သဘောမျိုး မဟုတ်။ တကယ်ပင် လှိုက်လှဲ ဝမ်းမြောက်စွာဖြင့် ဖြေတော်မူလေသည်။ ပထမ မေးခွန်းကို ဖြေကြားသည်ပင် အချိန် အတော်ကြာ၍ အရောင်အသွေးလည်း စုံလှပါ၏။ မြန်မာနိုင်ငံသို့ ချမ်းမြေ့ခြင်းဘဝကို ရည်မျှော်၍ တရား အားထုတ်ဖို့ တမင်တကာ သူ့စိတ်နှင့် သူ

http://www.dhammadownload.com



ရွေးချယ် ပိုင်းခြား၍ လာခဲ့ပုံကို ပြောကြားစဉ် သူက ဤသို့လည်း (ဖြည့်စွက်) ဆိုလေသည်။

'မြန်မာ နိုင်ငံကို မိမိ တရားအားထုတ်ရန် အသင့်ဆုံး အကောင်းဆုံး အရပ် ဒေသ အဖြစ်နှင့် ရွေးချယ်ခဲ့ရတဲ့ အကြောင်းတွေထဲမှာ အလျင် ကျွန်တော် (ရဟန်း ဆိုသော်လည်း လူလိုပင် ပြောသည်) မြန်မာ နိုင်ငံသို့ နှစ်ကြိမ် ရောက်ဖူးခဲ့တဲ့ အကြောင်းလည်း အချက် တစ်ချက် အဖြစ် ပါပါတယ်၊ ကျွန်တော် ကမ္ဘာ့ နိုင်ငံ များစွာကို ရောက်ခဲ့ဖူးပါတယ်၊ ဒီကနေ့ ကမ္ဘာပေါ်မှာ ဘယ်နေရာမှာမှ မရှိတော့တဲ့ လူ့ ယဉ်ကျေးမှု ထုံးတမ်း တစ်ရပ်ကို မြန်မာပြည်မှာပဲ ကျွန်တော် တွေ့ရပါတော့တယ်၊ ဒါက ဘာလဲလို့ ဆိုတော့ လူသား အချင်းချင်း ရိုင်းပင်း ကူညီမှုပါပဲ၊ ကိုယ်ကျိုး မပါဘဲ သူတစ်ပါး အရေးကို ကိုယ်ရေး ကိစ္စလိုပဲ စိတ်ရော ကိုယ်ပါ ကူညီကြတာမျိုးဟာ ဒီကနေ့ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံက လွဲရင် ဘယ်နေရာ ဘယ်ဒေသမှာ ရှာရှာ မတွေ့ရတော့ပါဘူး၊ ဒီအချက်ဟာ ကျွန်တော့်ကို အလွန် ဆွဲဆောင်နိုင်ခဲ့တဲ့ အချက်ပဲ၊ မြန်မာ လူမျိုးတွေဟာ လူလူချင်း မေတ္တာထားပြီး မေတ္တာကို အရင်းခံပြီး ဆက်ဆံရာမှာရော ဘုရား တရားတော် အပေါ်မှာ ကြည်ညို သဒ္ဓါ ဖြစ်ကြရာမှာရော အလွန့် အလွန် ထူးခြားတဲ့ လူမျိုး ဖြစ်တယ် ဆိုတာကို ပထမနှင့် ဒုတိယ အကြိမ် မြန်မာ နိုင်ငံကို လာရောက်စဉ် အခါကတည်းက ကျွန်တော် အထူး သတိပြုခဲ့မိပါတယ်'

'နောက်ပြီး အရှင်ဘုရား နယူးယောက်မှာ ခု အရှင်ဘုရားရဲ့ ရဟန်း ဒကာ ဦးကြည်စိုးမော်ရဲ့ ညီ ဒေါက်တာ ကြည်စိုးမင်း ဆိုလား အဲဒီ ပုဂ္ဂိုလ်နှင့်လည်း တွေ့ခဲ့ရတယ်ဆို'

'ဩော် ဒါက ဒီလို၊ နယူးယောက်မှာတုန်းက ကျွန်တော့်ရဲ့ ဒကာမ (ဇနီး) က နိုင်ငံခြား သံတမန် ရပ်ကွက်က ကလေးတွေကို စာသင်တဲ့ ကျောင်းမှာ ဆရာမ လုပ်တယ်၊ သူ့ကလေးတွေကို ဒီကျောင်းမှာ ထားတော့ လူချင်း ခင်ခဲ့ကြတယ်၊ နောက် သူကလည်း ဆန်လုံးညို စားသမား၊ ကျွန်တော်ကလည်း ဆန်လုံးညို စားသမား ဆိုတော့ ဓာတ်စာ တူနေကြတယ်၊ ကျွန်တော်က ကုလသမဂ္ဂ အရာထမ်း ဆိုတော့ ဆန်လုံးညိုကို လိုချင်တဲ့

http://www.dhammadownload.com



အရပ်က အလွယ်တကူ ရနိုင်တာပေါ့လေ၊ ဒီတော့ သူ့အတွက် ကျွန်တော်က ဆန်လုံးညို ရိက္ခာထောက် လုပ်နိုင်တာပေါ့၊ မြန်မာပြည် ရောက်တော့ ဒီခင်မင်မှုကြောင့် သူ့အစ်ကို ဦးကြည်စိုးမော်တို့က ကျွန်တော့်ရဲ့ ရဟန်း ဒကာ လုပ်ကြပါတယ်'

'ချမ်းမြေ့ ရိပ်သာကို ရွေးချယ်ရာမှာကော အကြောင်းထူး ရှိပါသလား ဘုရား'

ဂျပန် ရဟန်းတော်မှာ ရဟန်း အသွင်ပင် ရှိသော်လည်း ဒုလ္လဘ ရဟန်း ဖြစ်၍ သူ ပြောပုံ ဆိုပုံများမှာ လူလူချင်း ပြောသလို ဖြစ်နေပါ၏။ အင်္ဂလိပ်လို ပြောသောကြောင့်လည်း ပိုပြီး လူသာမန် သဘော ပါနေခြင်း ဖြစ်ပေလိမ့်မည်။ အကျွန်ုပ်ကမူ စိတ်ထဲက ကြည်ညိုခြင်း ဓာတ်ခံ ရှိနေသော ကြောင့်လား မသိပါ၊ ဂျပန် ရဟန်းတော်အား သိက္ခာတော်ရ ထေရ်ကြီး ဝါကြီး ရဟန်းတော် တစ်ပါးလို့ပင် ထင်မြင်နေမိပါ၏။ ထိုအမေးကို ဂျပန် ရဟန်းတော်က အောက်ပါ အတိုင်း ဖြေကြားတော်မူလေသည်။

'အစ ပထမတော့ မဟာစည်ကိုလည်း တရားဝင် ရိပ်သာ အဖြစ် စဉ်းစားခဲ့ပါတယ်၊ ဒါပေမဲ့ အင်္ဂလိပ်လို တရားပြနိုင်တဲ့ ဆရာတော် ရှိတဲ့ ရိပ်သာ ဖြစ်မှ မိမိ အတွက် ပိုပြီး အဆင်ပြေမယ်၊ မေးလို့ မြန်းလို့လည်း ရနိုင်မယ်၊ ချမ်းမြေ့ ဆရာတော် ဘုရားကတော့ အင်္ဂလိပ်လိုလည်း တရား ပြနိုင်တယ် ဆိုတော့ ချမ်းမြေ့ ရိပ်သာက ကျွန်တော့် အတွက် ပိုပြီး အဆင်ပြေလို့ ချမ်းမြေ့ ရိပ်သာကို ရွေးခဲ့ရတာပါပဲ'

'ကျေးဇူးတင်ပါတယ် ဘုရား၊ တပည့်တော် သိလိုရင်း ပထမ မေးခွန်း အတွက် အရှင်ဘုရား ဖြေကြားတော်မူတာကလည်း အတော်ပဲ ပြည့်စုံပါပြီ၊ ယခု ဒုတိယ မေးခွန်းကို တပည့်တော် မေးပါရစေ'

ထို့နောက် ဒုတိယ မေးခွန်းကို အကျွန်ုပ် ဆက်မေးပြန်ပါသည်။

(မေးခွန်း-၂) 'ယခု အရှင်ဘုရားဟာ အိုးအိမ် စွန့်ခွာသော ရဟန်းတော် အသွင်ကို ဆောင်ယူပြီးနောက် ကာလ အတန်ကြာ တရား အားထုတ်ခဲ့ရာမှာ ထိုက်ထိုက်တန်တန် အကျိုးထူး တစ်စုံတစ်ရာ ခံစားရပါ သလား၊ ဘုရား တပည့်တော် ဆိုလိုတာက အရှင်ဘုရား အလိုရှိအပ် တောင့်တအပ်တဲ့ အကျိုး ရလဒ်မျိုး ရသလားလို့ မေးချင်တာပါ ဘုရား'

http://www.dhammadownload.com



ဤမေးခွန်း၏ အဆုံးဝယ် ရဟန်းတော်၏ မျက်နှာပေါ်၌ ဘဝင်မကျသော အပြုံး တစ်ချက် ဖြစ်ပေါ်သွားသည်ကို အကျွန်ုပ် လှစ်ခနဲ မြင်လိုက်မိပါသည်။ ရဟန်းတော်သည် ချက်ချင်း မဖြေသေးဘဲ ခေတ္တကြာပြီးမှ ဤသို့ ဖြေဆိုတော်မူလေသည်။

'ချမ်းမြေ့တဲ့ တရားထူးကို တွေ့ပြီလား ဆိုရင်တော့ ကျွန်တော် တရား အားထုတ်ခွင့် ရခဲ့တဲ့ အချိန်ပိုင်းက ဆယ့်ငါးရက်တည်း ဆိုတော့ သိပ်ပြီး နည်းနေပါတယ်၊ ဒီဆယ့်ငါးရက်ဟာ ကျွန်တော် မရောက်ဖူးခဲ့သေးတဲ့ တရားခွင်ကို ပထမဆုံး ရောက်ဖူးခဲ့ရတဲ့ ဆယ့်ငါးရက် ဖြစ်တဲ့ အတွက် အလျင်က ကျွန်တော့် အခြေအနေတွေနှင့် နှိုင်းစာပြီး ပြောရရင်တော့ ခု ကျွန်တော်ဟာ တရား တွေ့ဖို့ အတွက် လျှောက်လှမ်းသွားရမယ့် တရား လမ်းစကို ရောက်ပြီလို့တော့ ဆိုနိုင်တာပေါ့ဗျာ၊ အလျင်တုန်းကတော့ လမ်းကို မတွေ့သေးတာ၊ ခုတော့ ဒီ ဆယ့်ငါးရက်မှာ လမ်းတွေ့ပြီ၊ လမ်းစ ရပြီ၊ ရှေ့ဆက်လျှောက်ဖို့ကတော့ ကျွန်တော့် တာဝန်ပဲပေါ့၊ ဒီဆယ့်ငါးရက်မှာ ကျွန်တော်ဟာ တစ်ခါမှ မရောက်ဖူးခဲ့သေးတဲ့ တရား တွေ့ဖို့ ချမ်းမြေ့ဖို့ အတွက် ဝိပဿနာ လမ်းရဲ့ အစကို ရောက်ခဲ့ရပြီလို့တော့ ဆိုနိုင်ပါတယ်'

'ဝမ်းသာလှပါတယ် ဘုရား၊ မသေမီ ကျန်ရှိသေးတဲ့ အချိန်မှာ အရှင်ဘုရားရဲ့ အဓိဋ္ဌာန် ဖွဲလုံ့လနှင့် အားထုတ်ရင် တရားထူး တစ်စုံတစ်ရာ ရရှိမယ်လို့ တပည့်တော် ယုံကြည်ပါတယ် ဘုရား၊ ဒုတိယ မေးခွန်းကို ဖြေကြားပြီးတဲ့နောက် တပည့်တော်အား တတိယ မေးခွန်းကို မေးခွင့် ပြုတော်မူပါ ဘုရား'

ဤသို့ လျှောက်ထားပြီးနောက် တတိယ မေးခွန်းကို မေးပါသည်။

(မေးခွန်း-၃) 'ယခု ချမ်းမြေ့ ရိပ်သာမှာ နေ့စဉ် အရှင်ဘုရား တရား အားထုတ်ရတာ ဘယ်လို ကိုယ် စိတ် အနှောင့်အယှက် အခက်အခဲ များနှင့် ကြုံရပါသလဲ ဘုရား'

ထိုမေးခွန်းကို ဤသို့ ဖြေပါသည်။

'ပထမတော့ အသားမကျမှုကြောင့် ကသိကအောက် ဖြစ်တာ ကလေးတွေ ရှိပါတယ်၊ နောက်ကျတော့ ဒီအခက်အခဲတွေကို ကျော်လွှန်နိုင်အောင် အားထုတ်လို့ ကျော်လွှန်နိုင်ပါတယ်၊ ကျွန်တော် အိပ်ချိန် နည်းတာ

http://www.dhammadownload.com



ကိုတော့ သည်းခံနိုင်ပါတယ်၊ ချမ်းမြေ့ ရိပ်သာကို ရောက်တော့ အိပ်ချိန် အတော် နည်းသွားပါတယ်၊ ည ဆယ့်တစ်နာရီလောက် အိပ် (ကျိန်း) ပြီး နံနက် သုံးနာရီမှာ နိုးပါတယ်၊ လေးနာရီမှာ အားထုတ်ဖို့ အတွက် ဓမ္မာရုံကို သွားရတယ်၊ တစ်ခါတစ်ရံ ကိုယ်က ပထမဆုံး ဦးအောင် ဓမ္မာရုံကို အရောက် သွားပါတယ်၊ ဒါလည်း ကိုယ့်ထက် အလျင် ဦးတဲ့ လူက အမြဲပဲ ရှိနေတယ်၊ ဒီတော့ ကိုယ့်ကိုယ်ကိုယ် စဉ်းစားတယ်၊ ငါ့ထက် ဝီရိယရော သဒ္ဓါရော ပိုကောင်းတဲ့ လူတွေ ရှိနေတယ်၊ ငါ လျှော့လို့ မဖြစ်ဘူးလို့၊ ဒါနှင့် အိပ်ချိန် နည်းတာကို သည်းခံနိုင်သွားတယ်၊ အဲ ဘယ်မှာ ခက်သလဲ ဆိုတော့ အိပ်တဲ့ မွေ့ရာက မာနေတာ ခက်တယ်၊ ကွပ်ပျစ် ခုတင်ပေါ်မှာ အခင်းက ပါးတော့ ပထမ တော်တော် ခံရတယ်၊ အမြဲတမ်း နေလာတာနှင့် သိသိသာသာ ခြားနားသွားတော့ အိပ်ရာ မာမာနှင့် အိပ်လို့ မရဘူး၊ တရား ထိုင်ရာမှာလည်း ကြမ်းပြင်က မာနေလို့ တော်တော် ခံရတယ်၊ ဒါလည်း ရဟန်း ဘဝနှင့် သိက္ခာပုဒ်နှင့် ဆိုတော့ စည်းစိမ် ရအောင် လုပ်လို့ ဖြစ်တာ မဟုတ်ဘူး၊ ဘာမှ မတတ်နိုင်ဘူး၊ ဒီအခက်အခဲကို ကျော်လွှန်နိုင်အောင် ကြိုးစားရပြန်တယ်၊ ဒါလည်း အချိန် ကြာလာတော့ ကျော်လွှန်နိုင်ပါတယ်၊ အခက်ဆုံးကတော့ ခြင်ပဲ၊ ပိုးဟပ်တို့ ခြင်တို့က တော်တော် စိတ်ကို အနှောင့်အယှက် ပေးတယ်၊ အထူးသဖြင့် ခြင်ပေါ့လေ'

'ဆွမ်းကကော ဘုရား၊ ဘုဉ်းပေးရတာ'

'အင်း ဆွမ်းကတော့ ကျုပ်က ဆန်လုံးညိုသမား ဆိုတော့ သီးသန့် ကပ်တဲ့ ဆွမ်း အိမ်က ပို့တယ်၊ သူတို့ တခြား လူတွေ စားကြတဲ့ ဆွမ်းကို ကြည့်တော့ တော်တော် ကောင်းတာပဲ၊ သူတို့က အစားကောင်းတွေ စားနေ ကြတော့ နိဗ္ဗာန်နှင့်တော့ ပိုဝေးတာပေါ့'

ပြောပြီး ရယ်လည်း ရယ်သည်။

'အင်း ဆွမ်း ကိစ္စလည်း အခက်အခဲ မရှိပါဘူး၊ ဘာပဲ ပြောပြော ကျုပ် တစ်သက် နေလာခဲ့ရတဲ့ အချိန် ကာလတွေထဲမှာ ဒီဆယ့်ငါးရက် ကတော့ တကယ့်ကို ငြိမ်းပြီး အေးချမ်းပါတယ်၊ အချိန် ရမယ် ဆိုရင်လည်း ဒီထက် အချိန် ကြာကြာ တရားခွင် ဝင်ပြီး အားထုတ်ချင်ပါသေးတယ်'

'သက်န်း ဝတ်ရတာကော အဆင်ပြေရဲ့လား ဘုရား'

http://www.dhammadownload.com



'ဒီအဝတ်ကို ကျုပ်က သဘောကျတယ်၊ အစကတော့ အကျင့်မရလို့ ပခုံးပေါ်က သက်န်းက လျှောကျတယ်၊ ခုတော့ ဟန်လို့ပဲလေ'

'ကြားရတာ ဝမ်းသာစရာပါပဲ ဘုရား'

ဂျပန် ရဟန်းတော်၏ အဖြေ စကားများကို ကြားရတိုင်း ရင်၌ ဝေတက်လာသော ပီတိ စိတ်သည် ဝွမ်းဆီ ထိသလို ရွှမ်းအိ၍ ကြည်နူးခြင်းကို အကြိမ်ကြိမ် ဖြစ်စေပါသည်။ အမေး အဖြေ လုပ်နေစဉ် မိမိကိုယ်ကိုပင် သတိကပ်ပြီး ပြန်လည် ဆင်ခြင်နေရသည်။ ငါ သဒ္ဓါ လွန်နေပြီလား၊ အကြည်ညိုစိတ် အလွန်အမင်း ထက်သန်နေလေပြီလား။

ထိုအခါ မိမိသည် မကြည်ညိုသင့်သည်ကို ကြည်ညိုနေသည် မဟုတ်၊ မကြည်နူးသင့်သည်အားဖြင့် ကြည်နူးနေသည် မဟုတ်၊ မနှစ်သက်သင့်သည်ကို နှစ်သက် လက်ခံနေသည်လည်း မဟုတ်ဟု မိမိဘာသာ သုံးသပ်မိပါသည်။ သို့ဖြစ်လျှင် အဘယ် အကြောင်းသည် ကြည်နူးဖွယ် ဖြစ်သနည်း။ အဘယ် ကိစ္စသည် ကြည်ညိုဖွယ် ဖြစ်သနည်း။ အဘယ် စကားသည် နှစ်သက်ဖွယ် ဖြစ်သနည်း။ ဂျပန် ရဟန်းတော်၏ အဖြေ စကားများကို နားထောင်ရင်းလည်း အကျွန်ုပ် စဉ်းစားနေမိလေသည်။

အဖြေ ချက်ချင်း ပေါ်လာသည်။ ဂျပန် ရဟန်းတော်၏ ဖြေကြားသော စကားတိုင်းသည် ဉာဏံ ပုဗ္ဗင်္ဂမံ ဆိုသော ပါဠိ စကားကဲ့သို့ ဉာဏ်က ဦးစီး ရှေ့ဆောင်လျက် ရှိသည်ကို တွေ့ရပါသည်။ ဉာဏာနု ပရိဝတ္တံ ဆိုသော အတိုင်းလည်း ဉာဏ်၏ နောက်သို့သာ အစဉ် လိုက်လျက် ရှိသည်ကို တွေ့ရပါသည်။ ဉာဏ် ရှေ့သွား ရှိသော စကား၊ ဉာဏ်သို့သာ အစဉ် လိုက်သော စကားမျိုး ဖြစ်လျှင် မိမိ နားမှာ အစဉ် ချိုသည်ကိုလည်း ဝန်ခံရပါမည်။ ကြည့်ပါဦး။ ပုထုဇဉ် အဖြစ် ကာမဘုံ၌ ကျင်လည်စဉ် အခါက အလွန် ထူပြီး အိစက် ညက်ညောသော စပရင် ဖုန်မွေ့ရာပေါ်မှာသာ မွေးသည်မှ စ၍ ဤမျှလောက်သော အသက်တန်းသို့ တိုင်အောင် အိပ်စက်နားနေခြင်းဖြင့် အချိန် ကာလတို့ကို ကုန်လွန်ခဲ့ပြီးကာမှ ယခု ဒုလ္လဘ ရဟန်း အသွင်ဖြင့် ချမ်းမြေ့ တရားကို အားထုတ်မည် ရှိသောအခါ မြင့်သော မြတ်သော မွေ့ရာ နေရာမှာ မနေရ ဆိုသော ဝိနည်း သိက္ခာပုဒ်တော် အရ ဦးပညာနန္ဒသည် ကွပ်ပျစ်ခင်း ကြမ်းပေါ်မှာ မာကျော ခက်ထန်သော

http://www.dhammadownload.com



အတွေ့အထိကို သည်းခံ၍ ကျိန်းစက် နားနေရပါသည်။ မွေးကတည်းက ဖုန်မွှေ့ရာပေါ်မှာ နေလာ ကြီးလာရပြီးနောက် နောင်အခါမှာလည်း လောကီ စည်းစိမ် ချမ်းသာတို့ကိုသာ အဖုံဖုံ အနည်းနည်း ခံစားခဲ့ရပြီးမှ ယခု ချက်ချင်း မာကျောသော ခင်းပျဉ်မှာ အိပ်စက်ရခြင်းသည် ဒုလ္လဘ ရဟန်း တော် အဖို့ ခက်ခဲ ပင်ပန်း၍သာ သူ၏ နှုတ်က ဖွင့်ဟ ပြောဆိုခြင်း ဖြစ်ပေလိမ့်မည်။

သို့သော် ထိုခက်ခဲမှုကို ဒုလ္လဘ ရဟန်းတော်သည် ဘဝက လွတ် မြောက်လိုစိတ် ငြိမ်းအေးခြင်းကို ရလိုစိတ်ဖြင့် သည်းခံရှာပါသည်။

'တစ်ခါတစ်ရံ ကိုယ်က ဦးအောင် ဓမ္မာရုံကို အရောက် သွားပါ တယ်၊ ဒါလည်း ကိုယ့်ထက် အလျင် ဦးတဲ့ လူက အမြဲပဲ ရှိနေတယ်၊ ဒီတော့ ကိုယ့်ကိုယ်ကိုယ် စဉ်းစားတယ်၊ ငါ့ထက် ဝီရိယရော သဒ္ဓါရော ပိုတဲ့ လူတွေ ရှိနေတယ်၊ ငါ လျှော့လို့ မဖြစ်ဘူးလို့၊ ဒါနှင့် အိပ်ချိန် နည်းတာကို သည်းခံနိုင်သွားတယ်'

ထိုစကားသည် အကျွန်ုပ်၏ နှလုံးသားကို လှိုင်းပုတ်သလို ပုတ်ခတ် ပါသည်။ ပါရမီကို အရင်းခံ၍ ယခု ဘဝတွင် တစ်မဂ် တစ်ဖိုလ်ကို ရအောင် အားထုတ်လိုသော သူသည် ပဓာနိယင်္ဂ တရား လေးပါးကို အစဉ် ဦးထိပ်ထားရမည်ဟု ဗုဒ္ဓ မြတ်စွာ ဟောကြားတော်မူခဲ့သည်ကို လည်း ချက်ချင်းပင် အကျွန်ုပ် သတိရမိပါသည်။

http://www.dhammadownload.com

## ၆။ မစ္စတာ ကီတာတာနီနှင့် ပဓာနိယင်္ဂတရား။

ပဓာနိယင်္ဂ ဆိုသည်ကား (၁) အရိုးကြွင်းစေ (၂) အကြောကြွင်းစေ၊ (၃) အရေကြွင်းစေ၊ (၄) အသားအသွေး အကုန် ခြောက်ခန်း၍ ကုန်လေစေ တရား မပေါက်သမျှ ငါ မလျှော့ဟု လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝီရိယမျိုး ဖြစ်၏။ ဤ ဂျပန် ရဟန်းတော်သည် ထိုဝီရိယမျိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဖြစ်လေပြီလား။

မည်သို့ပင်ဆိုစေ တရား တွေ့ဖို့ ချမ်းမြေ့ဖို့ အတွက် သူ စွန့်စား အားထုတ်ခဲ့ပုံများကို ကြည့်လျှင် သူသည် သာမန် မဟုတ်နိုင်ကြောင်းမှာ ထင်ရှားသည်။ အကယ်၍သာ တော်ရုံတန်ရုံ သဒ္ဓါမျိုး ဖြစ်လျှင် အဘယ် သူသည် နယူးယောက် မြို့ကြီးလို လောကီ စည်းစိမ် ချမ်းသာတို့ စုဝေးရာ လောက၏ အမြင့်ဆုံး ဘုံကို စွန့်ခွာလာခဲ့နိုင်ပါလိမ့်မည်နည်း။ ယခုမူ မစ္စတာ ကီတာတာနီသည် လောကီအားဖြင့် ချမ်းသာသော ဘဝကို စွန့်ခဲ့ပြီပဲ။ ဘုရား တရား သံဃာ၌ ယုံကြည်ခြင်း (ထိုဘုရားနှင့် တရားကသာ သူ့အား ချမ်းသာ အစစ်ကို ပေးလိမ့်မည်ဟု မလွဲမသွေ ယုံကြည် စိတ်ချခြင်း) ရှိ၍သာ သူသည် ထိုမျှ ကြီးလေးသော အဓိဋ္ဌာန်ဖြင့် ဤလောကီအားဖြင့် ဆင်းရဲသော မြန်မာနိုင်ငံသို့ တမင်တကာ လာရောက်ခဲ့ခြင်း ဖြစ်သည်မှာ ထင်ရှားလှပါသည်။

တရား အားထုတ်ရာတွင် အင်္ဂါ ငါးပါးနှင့် ပြည့်စုံသူသည်သာလျှင် တရား ပေါက်နိုင်သည်ဟုလည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com



ထိုအင်္ဂါ ငါးပါးမှာ

(၁) ဘုရား၌ ယုံကြည်ခြင်း အင်္ဂါ တစ်ပါး၊

(၂) ကိုယ်လက်အင်္ဂါ ကျန်းမာ ကြံ့ခိုင်ခြင်း အင်္ဂါ တစ်ပါး၊

(၃) ဝမ်းတွင်း နှလုံး ဖြောင့်စင်းခြင်း အင်္ဂါ တစ်ပါး၊

(၄) ဝီရိယ ထက်သန်ခြင်း အင်္ဂါ တစ်ပါး၊

(၅) ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပွားမှု ချုပ်ကွယ်မှုတို့နှင့် ဉာဏ်၏ စူးရှခြင်းသည်လည်း အင်္ဂါ တစ်ပါး ဖြစ်လေသည်။

ဂျပန် ရဟန်းတော်သည် ယခုအခါ ယုံကြည်ချက် သဒ္ဓါဖြင့်လည်း ပြည့်စုံနေပြီ။ နယူးယောက်မှာ နေ့စဉ် အခါမလပ် အစာအိမ် ကင်ဆာ ရောဂါကို ခံစားခဲ့ရသော်လည်း ယခုမူ ထိုရောဂါ၏ လက္ခဏာသည် တစိုးတစိမျှပင် မပေါ်ပါ။ သူသည် သာမန် လူတွေထက်ပင် ပိုပြီး ကျန်းမာ နေသယောင် ထင်ရပါသည်။ လေးဆယ့် ငါးမိနစ် လုံးလုံး ဆောင့်ကြောင့် ထိုင်လျက်၊ လက်အုပ်ချီလျက် ချမ်းမြေ့ ဆရာတော်၏ တရားကို နာယူ နေခဲ့သော သူ၏ အဆင်း အသွင်မှာ ကျန်းမာ ကြံ့ခိုင်ခြင်း လက္ခဏာကို ထင်ထင်ရှားရှား အကျွန်ုပ် တွေ့မြင်ခဲ့ရပါသည်။

နှလုံး ဖြောင့်စင်းခြင်း အင်္ဂါကား သူ့အဖို့ အထူး ပြောဖွယ် မရှိပြီ။ သူ စဉ်းစားခဲ့သမျှ၊ သူ တွေးတောခဲ့သမျှ၊ သူ သုံးသပ်ခဲ့သမျှနှင့် သူ ဆုံးဖြတ်ခဲ့သမျှသော ကိစ္စ အားလုံးသည် ဖြောင့်မတ်ခြင်း၌ တည်ခဲ့သည် ဟု အကျွန်ုပ်၏ နှလုံးသားက လုံးလုံးလျားလျား လက်ခံနေပါသည်။ ယောနိသော မနသိကာရ သူ့မှာ ရှိပြီး ဖြစ်သည်ကို အကျွန်ုပ် လုံးလုံး သံသယ မရှိပါ။ သူသည် အင်္ဂလိပ်လို ပြောလျှင် ဂျင်းတဲလ်မင်းမျိုး ဖြစ်ပါသည်။ ဂျင်းတဲလ်မင်း၏ အဓိက အခြင်းအရာနှင့် ဂုဏ်သတ္တိမှာ ရိုးသားခြင်း ဖြောင့်စင်းခြင်းသာ ဖြစ်၏။ ရိုးဖြောင့်ခြင်း၌ သူသည် လုံးဝ စင်ကြယ်သူ ဖြစ်သည်ဟု အကျွန်ုပ် နှလုံးသားက လက်ခံနေခြင်းမှာလည်း သူသည် တစ်စုံတစ်ရာ လောကီ စည်းစိမ် ဂုဏ်သိန် အလို့ငှာ မြန်မာနိုင်ငံ သို့ လာသည် မဟုတ်။ သူ့မှာ မြန်မာနိုင်ငံတွင် အမြတ်အစွန်း ရစရာ ဘာမျှ မရှိပါ။ သူသည် လောကုတ္တရာ ချမ်းသာ အတွက် လောကီ ဆင်းရဲကိုပင် ရဲရဲတင်းတင်း မျက်မှောက်ပြုနေပြီပဲ။ သူ့မှာ ဘာသံသယ

http://www.dhammadownload.com



ဖြစ်စရာ ရှိသလဲ။ ဂျပန် ရဟန်းတော်၏ ထူထဲသော မျက်ခုံးတော်၊ တောက်ပသော မျက်လုံးတော်နှင့် ရွှင်ပျသော မျက်နှာတော်ပေါ်တွင် စင်ကြယ်သော သီလကို လည်းကောင်း၊ စင်ကြယ်သော စိတ် အမူအရာများကိုလည်းကောင်း အကျွန်ုပ် မြင်နေရသည်ဟု ထင်ပါသည်။

ထက်သန်သော ဝီရိယလည်း သူ့မှာ ရှိကြောင်းကို သူ၏ အဖြေများမှာ ပေါ်ပါသည်။ ည ဆယ့်တစ်နာရီမှာ ကျိန်းတော်မူသည်။ နံနက် သုံးနာရီမှာ အိပ်ရာက ထတော်မူသည်။ အိပ်ချိန် လေးနာရီလောက်သာ ထားပြီး တရားကို အားထုတ်နေသည် ဆိုကတည်းက ရဟန်းတော်၏ ဝီရိယကို သိသာလောက်ပါပြီ။

ရုပ်နာမ် တရားတို့၏ ဖြစ်မှု ချုပ်မှုတို့၌ ဉာဏ်၏ စူးရှမှုကိုကား အကျွန်ုပ် ဉာဏ်မမီ၍ မတိုင်းတာတတ်သော်လည်း ဆန်လုံးညို ဆွမ်းကို သူသည် နှစ်သက်သော စိတ်ဖြင့် ဘုဉ်းပေးနိုင်သည်မှာ ရုပ်နာမ် ဓမ္မတို့၏ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တ တရားတို့ကို သူ ရှုမြင်မိ၍ပဲ ထင်ပါသည်။ အကျွန်ုပ် အတပ် မပြောနိုင်ပါ။ သို့သော် သူ၏ အဖြေ စကား အရမူ ဂျပန် ရဟန်းတော်သည် ဝိပဿနာ လမ်း၏ အစကို ရောက်နေပြီ။ ထိုလမ်းကို သူသည် နှစ်သက်၍ ယုံကြည်သော စိတ်ဖြင့် လျှောက်နေပြီ ဆိုသည်ကိုကား အကျွန်ုပ် စိတ်ချလိုက်ပြီ ဖြစ်ပါသည်။

တတိယ မေးခွန်း၏ အဖြေသည် အကျွန်ုပ် အဖို့တော့ ဝမ်းမြောက်စရာ ကြည်နူးစရာချည်းပါပဲ။

'သာသနာတော်မှာ အရှင်ဘုရား မွေ့လျော်ခြင်း ရှိတယ်၊ ဝိပဿနာ တရားတော်ကို အရှင်ဘုရား မြည်းစမ်းခွင့် ရပြီ၊ အရသာ တွေ့တယ် ဆိုတာကိုလည်း ကြားရလို့ တပည့်တော်တို့ ဝမ်းသာ ကြည်နူးရပါတယ် ဘုရား၊ ယခု တပည့်တော်အား စတုတ္ထ မေးခွန်းကို မေးခွင့်ပြုပါဦး ဘုရား'

http://www.dhammadownload.com

http://www.dhammadownload.com

## ၇။ ထေရဝါဒနှင့် မဟာယာန။

(မေးခွန်း ၄) 'ဒီမေးခွန်းကတော့ အနည်းငယ် ရှုပ်ထွေး လေးနက်တယ်လို့ တပည့်တော် ထင်ပါတယ် ဘုရား၊ ဒါပေမဲ့ ဒီမေးခွန်းဟာ အလွန် သိသင့်တဲ့ မေးခွန်း ဖြစ်တယ်လို့လည်း တပည့်တော် ထင်ပါတယ်၊ အထူးသဖြင့် တပည့်တော်တို့ဆီက စာဖတ် ပရိသတ်များဟာ ဒီအကြောင်းအရာနှင့် နား ဝေးလျက် ရှိကြတယ်လို့လည်း တပည့်တော် ထင်ပါတယ်၊ ဒီမေးခွန်းကို အရှင်ဘုရားကိုပဲ အထူးသဖြင့် တပည့်တော် စိတ်မှာ မေးလိုတာကလည်း အရှင်ဘုရားဟာ ဂျပန် လူမျိုး တစ်ဦး ဖြစ်လို့ပါ ဘုရား၊ ဆိုလိုတာကတော့ အရှင်ဘုရားဟာ မဟာယာန ဗုဒ္ဓဝါဒ ထွန်းကားရာ နိုင်ငံမှာ မွေးဖွား ကြီးပြင်းခဲ့တဲ့ အပြင် ယခု တစ်ဖန် အရှင်ဘုရားဟာ အမေရိကန် နိုင်ငံလို အနောက်တိုင်း နိုင်ငံမှာ အနေကြာပြီး လာခဲ့လို့ပါပဲ ဘုရား။

'အရှင်ဘုရားလည်း သိပြီး ဖြစ်မှာပါ၊ များသောအားဖြင့် မဟာယာန ဗုဒ္ဓ ဘာသာဝင်များနှင့် အနောက်တိုင်း ပညာရှင်များဟာ အစဉ်သဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုယ်ကျိုးသာ ကြည့်တဲ့ ဝါဒ၊ ဆန့်ကျင်ဘက် (ငြင်းပယ်ရေး) အမြင်လို့ ထင်မြင်နေတတ်ကြပါတယ် ဘုရား၊ ဒီ မကောင်း မြင် သဘောမျိုး တပည့်တော်တို့ရဲ့ ထေရဝါဒမှာ ရှိတာ သက်သေ အထောက်အထား အရှင်ဘုရား တွေ့မိပါသလား ဘုရား'

ဂျပန် ရဟန်းတော်သည် အကျွန်ုပ်၏ မေးခွန်း အဆုံးတွင် အဖြေကို ချက်ချင်း ပေးပါသည်။

http://www.dhammadownload.com



'ဗုဒ္ဓဘာသာမှာ ထေရဝါဒသာ ယုံကြည် ကိုးကွယ်မှု *(religion)* အစစ် ဖြစ်တယ်လို့ ကျုပ် ထင်တာပဲ၊ ဂျပန်ပြည်ဟာ မဟာယာန ဗုဒ္ဓဘာသာ ထွန်းကားတဲ့ တိုင်းပြည် ဖြစ်တာ မှန်ပါတယ်၊ ဒီတော့ ကျုပ် သိတဲ့ ဂျပန်ပြည်က မဟာယာန ဗုဒ္ဓဘာသာ အခြေအနေကိုပဲ ပြောပြမယ်၊ ဟောဟိုမှာ ဂျပန်ပြည်က ပြက္ခဒိန် တွေ့လား၊ ပြက္ခဒိန်ထဲက ဆိတ်ငြိမ် သာယာတဲ့ ပန်းခြံ ရေကန်ကလေး တွေ့လား၊ အဲဒါ ဂျပန်ပြည်က မဟာယာန ဘုန်းကြီးတွေရဲ့ နေရာပဲ၊ ဂျပန်ပြည်မှာ တရား အားထုတ်တယ် ဆိုတာတွေ ဘာသာရေး အလုပ် လုပ်တယ် ဆိုတာတွေဟာ အမှန်တော့ ပွဲလမ်းသဘင် ပူဇော် သက္ကာယ ပြုတဲ့ သဘောလောက်ပဲ ရှိတယ်။

'တကယ့် ဗုဒ္ဓ တရားတော် စစ်စစ် မဟုတ်ဘူး၊ အလှူ မသာ (အသုဘ) ကိစ္စ ဆောင်ရွက်ပေးတာမျိုးသာ အဓိက ဖြစ်တယ်၊ ဂျပန် ဘုန်းကြီးတွေက ပုံထဲမှာ မြင်ရတဲ့ စိတ်ချမ်းသာစရာ ကောင်းတဲ့ နေရာမှာ နေကြတယ်၊ လူတွေက ဘုန်းကြီးတွေကို လှူဖွယ် ဝတ္ထုတွေ ဘာတွေနှင့် သွားပူဇော်ကြတယ်၊ ဒီနေရာမျိုး သွားချင်တဲ့ လူဟာ ပိုက်ဆံ ပေးရတယ်၊ ကြေးနှင့်ဗျ၊ ဟိုရောက်တော့ ဘုန်းကြီးတွေက သုတ် တစ်သုတ် ရွတ်ဖတ် ချီးမြှင့်တယ်၊ ဘာသာရေး ဆိုတာ ဒါလောက်ပဲ၊ လေးလေးနက်နက်တော့ ဘာမှ သိပ်မရှိပါဘူး၊ ဒါက ကျုပ် တွေ့ခဲ့ရတာတွေကို ပြောတာနော်'

ဂျပန် ရဟန်းတော် ဦးပညာနန္ဒ၏ အဖြေ စကားတွင် ဂျပန်ပြည်မှ ဗုဒ္ဓဘာသာ အခြေအနေနှင့် တကွ မဟာယာန ဗုဒ္ဓဘာသာ၏ ယေဘုယျ သဘောများ ပါသည်ဟု အကျွန်ုပ် နားလည်နိုင်ပါ၏။ ရဟန်းတော် ဖြေကြားသော အဖြေ စကားက တိုပင် တိုတောင်းသော်လည်း ထိရောက် သည်ဟုလည်း အကျွန်ုပ် သဘောရပါ၏။

မဟာယာန ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသော ဤမေးခွန်းကို အကျွန်ုပ် သည် ဤဂျပန် ရဟန်းတော်အား အဘယ်ကြောင့် မေးမိပါသနည်း။ ဤ အချက်ကို စာဖတ်သူလည်း သိချင်ပေလိမ့်မည်။ ဤမေးခွန်းသည် အကြောင်းမဲ့ မေးသော မေးခွန်း မဟုတ်ပါ။ ထိုအချက်ကိုလည်း စာရှုသူ တွေးမိနိုင်ပါသည်။ အကြောင်းမဲ့ မဟုတ်သောကြောင့်လည်း ဤမေးခွန်းကို မေးသော အခါ အကျွန်ုပ်သည် ရှည်ရှည်လျားလျား စကား ပလ္လင်တွေ

http://www.dhammadownload.com



ခံပြီး မေးခဲ့ပါသည်။ ထိုအချက်ကိုလည်း စာဖတ်သူတို့ သတိမူမိပါလိမ့်မည်။ မေးခွန်း မေးစဉ် အခါက အကျွန်ုပ်သည် အောက်ပါ စကားကို မေးခွန်း၏ အစဉ်တွင် ထည့်သွင်းထားပါသည်။

- မေးခွန်းဟာ သိသင့်တဲ့ မေးခွန်း ဖြစ်တယ်လို့လည်း တပည့်တော် ထင်ပါတယ် ဆိုသော စကား၊

- အထူးသဖြင့် တပည့်တော်တို့ဆီက စာဖတ် ပရိသတ် (ဗုဒ္ဓဘာသာဝင်များ) ဟာ ဒီအကြောင်း (မဟာယာန အကြောင်း) နှင့် စပ်လျဉ်း၍ နားဝေးလျက် ရှိကြတယ်၊ (မဟာယာန အကြောင်းကို ဂဃနဏ သိသူ နည်းတယ်) ဟူသော စကား၊

- အရှင်ဘုရားဟာ မဟာယာန ဗုဒ္ဓဘာသာ ထွန်းကားရာ ဂျပန်ပြည်မှာ မွေးဖွား ကြီးပြင်းပြီး နောင်အခါ အမေရိကန်ပြည်လို အနောက်တိုင်း နိုင်ငံမှာ နေခဲ့ပြီးမှ ယခု ထေရဝါဒ ဗုဒ္ဓဘာသာမှာ ကျင့်ကြံ အားထုတ်လာလို့လည်း တစ်ကြောင်း ဆိုသော စကားများ ဖြစ်၏။

ထိုစကားများသည် အဓိက မေးခွန်း၏ ရှေ့က ပလ္လင်ဖွင့် ခြေဆင်း စကားများသာ ဖြစ်ကြပါ၏။ ပထမ ထိုခြေဆင်း စကားများ ထည့်သွင်း မေးမြန်းရခြင်း၏ အကြောင်းကို ရှင်းပြသင့်သည်ဟု ထင်ပါသည်။ ရှင်းပြရမည် ဆိုလျှင် ဤသို့ ဖြစ်ပါသည်။

ပထမ ရှင်းပြရမည့် အကြောင်းသည် မဟာယာန ဗုဒ္ဓဘာသာ အကြောင်းကို ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ အနေနှင့် အထိုက်အလျောက် သိသင့်သည် ဆိုသော အချက် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်များမှာ အများအားဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာကိုသာ ကြည်ညို ကိုးကွယ်ကြပါသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ် အများစုသည် မဟာယာန ဗုဒ္ဓဘာသာ အကြောင်းကို မသိကြပါ။ ထေရဝါဒ ဗုဒ္ဓဘာသာသည် မဟာယာန ဗုဒ္ဓဘာသာနှင့် မည်သို့ ခြားနား၍ မည်မျှ အဆင့်အတန်း မြင့်သည်ကိုလည်း သိသူ နည်းပါးကြပါသည်။ ယခု မစ္စတာ ကီတာတာနီ၏ ကိစ္စတွင် သူသည် မဟာယာန ဗုဒ္ဓဘာသာဝင် မိဘများမှ မွေးဖွား ကြီးပြင်းသူ ဖြစ်ပါသည်။ မဟာယာန ဗုဒ္ဓဘာသာ ဂိုဏ်းဂဏပေါင်း များစွာ ဂျပန် နိုင်ငံမှာ ရှိပါသည်။ ထိုအချက်ကို မစ္စတာ

http://www.dhammadownload.com



ကီတာတာနီ မသိဘဲ နေပါ့မလား။ သူသည် မဟာယာန ဗုဒ္ဓဘာသာ အကြောင်းကို အူသိမ် အူမ မကျန် သိပြီး ဖြစ်ပါလိမ့်မည်။

ထို့ပြင် သူသည် ခေတ်ပညာ များစွာကိုလည်း တတ်မြောက်ထားသူ ဖြစ်ပါသည်။ အထူးသဖြင့် သူ လေ့လာ လိုက်စားခဲ့သော လစ်ဘရယ်အတ် ဆိုသော ဘာသာရပ်တွင် ဂန္ထဝင် ကျမ်းစာများနှင့် ဘာသာ အယူဝါဒ များစွာ အကြောင်းကို လေ့လာ ဆည်းပူးရပါသည်။

ယခု သူသည် နှစ်ပေါင်း များစွာ ကျင်လည် ကျက်စားရာ လောကီ အမြင့်ဘုံ ကုလသမဂ္ဂ ဌာနချုပ် နယူးယောက် ရွှေမြို့တော် အမေရိကန် နိုင်ငံတို့၏ စည်းစိမ် ချမ်းသာ များစွာကို စွန့်ပစ်ခဲ့ပြီးပြီ။ ထိုမျှသာ မကသေး၊ သူသည် မိရိုးဖလာ ယုံကြည် ကိုးကွယ်ရာ ဖြစ်သော မဟာယာန ဗုဒ္ဓဘာသာ ကိုပါ စွန့်ခဲ့ပြီပဲ။ သူသည် ထေရဝါဒ ဗုဒ္ဓဘာသာ ကျင့်စဉ်များကိုသာ အသက်ရှင်ဆဲ ကာလ၌ ရသမျှသော အချိန်များတွင် ဂရုတစိုက် ကျင့်ကြံ အားထုတ်ရန် အလို့ငှာ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လာခဲ့ပြီပဲ။ သူသည် ထေရဝါဒ ဗုဒ္ဓဘာသာ၏ တန်ဖိုးကို မသိဘဲနှင့် ထိုမျှသော စွန့်ခြင်းများကို စွန့်ခဲ့ပါမည်လား။ လူသည် ထောင်မြင်မှသာ ရာကို စွန့်ရိုး ထုံးစံ ရှိပါသည်။ ဤသို့ အကျွန်ုပ် သဘောပေါက်ပါသည်။

အကျွန်ုပ်သည် ထေရဝါဒ ဗုဒ္ဓဘာသာကို လေ့လာ ဆည်းပူးစဉ် ကပင် မဟာယာန ဗုဒ္ဓဘာသာ အကြောင်းကိုလည်း လေ့လာခဲ့ပါသည်။ တိုရှင်း လိုရှင်း သဘောကို ရေးသားထားသော *Beatrice Lane Suzuki* ၏ *Mahayana Buddhism - A Brief Outline* ဆိုသော စာအုပ်ငယ် သည် အကျွန်ုပ်အား ဉာဏ်အလင်း ရအောင် များစွာ အထောက်အပံ့ ပြုခဲ့ဖူးပါသည်။ ထိုစာအုပ်သည် ဂျပန် နိုင်ငံတွင် ပေါ်ထွန်းသော မဟာယာန ဗုဒ္ဓ ဘာသာ အကြောင်းကို လေ့လာထားသော စာအုပ် ဖြစ်ပါသည်။

မဟာယာန ဗုဒ္ဓဘာသာဝင် အများစုက ထေရဝါဒ ဗုဒ္ဓဘာသာသည် ထေရ်ကြီး ဝါကြီးများ၏ အယူအဆ စကားများသာ ဖြစ်၍ ဗုဒ္ဓ ဟောကြား သော တရား ဓမ္မ စစ်စစ် မဟုတ်ဟု စွပ်စွဲလေ့ ရှိကြသည်။ ထိုအချက်ကို မစ္စတာ ကီတာတာနီလို ပညာရှင်သည် သိပြီး ဖြစ်လိမ့်မည်။ သိပြီး ဖြစ်လျှင် ယခု သူသည် မဟာယာန ဗုဒ္ဓဘာသာ ကျင့်စဉ် မကျင့်၊ ထေရဝါဒ

http://www.dhammadownload.com



ဗုဒ္ဓဘာသာ ကျင့်စဉ်ကိုသာ ကျင့်ရန် အားထုတ်လာသည်မှာ အဘယ် ကြောင့်နည်း။ ထိုအချက်ကိုလည်း အကျွန်ုပ် သိချင်ပါ၏။ သိချင်၍လည်း ဤအချက်ကို မေးခဲ့ခြင်း ဖြစ်ပါသည်။ သူ့ အဖြေမှာ တိုရှင်း လိုရှင်း အနှစ်ချုပ် ဖြစ်ပါသည်။

'ဗုဒ္ဓဘာသာမှာ ထေရဝါဒသာ ယုံကြည် ကိုးကွယ်မှု အစစ် ဖြစ်တယ် လို့ ကျုပ် ထင်တာပဲ' ဟု ဆိုလေသည်။ ထို့နောက် ဂျပန် ရဟန်းတော်သည် ဂျပန်ပြည်က မဟာယာန ဗုဒ္ဓဘာသာ အခြေအနေကို ပြောပြပါသည်။ သူသည် ထေရဝါဒကိုသာ တရားစစ် တရားမှန် အဖြစ် ယုံကြည် လက်ခံ ထားသည်မှာ ထင်ရှားပြီပဲ။

သူ ပြောသလို ဂျပန်ပြည်မှာ တရား အားထုတ်တယ် ဆိုတာတွေ၊ ဘာသာရေး အလုပ် လုပ်တယ် ဆိုတာတွေဟာ အမှန်တော့ ပွဲလမ်း သဘင် ပူဇော် သက္ကာယ ပြုတဲ့ သဘောလောက်ပဲ ရှိတယ် ဆိုခြင်းမှာ သူ၏ ကိုယ်တွေ့ကို ဆိုခြင်း ဖြစ်၍ အကျွန်ုပ် အဖို့ ငြင်းရန် မရှိပါ။ သို့ သော် အကျွန်ုပ် အနေနှင့်မူ စာထဲမှာ ဂျပန်ပြည်၏ မဟာယာန ဗုဒ္ဓဘာသာ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိနေသောကြောင့် ဘဝင်မကျ ဖြစ်မိ လေသည်။ လန်ဒန်မြို့ ကမ္ဘာ့ ဗုဒ္ဓဘာသာ အဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်သူ မစ္စတာ ခရစ္စမတ် ဟမ်းဖရေး၏ လေ့လာချက် အရ ဆိုလျှင် ဂျပန်ပြည်တွင် မဟာယာန ဗုဒ္ဓဘာသာ ဂိုဏ်းခွဲပေါင်း ၅၂ ဂိုဏ်း ရှိသည် ဆို၏။

ဂျပန်ပြည်မှာ ကိုးကွယ်နေသော ဗောဓိသတ္တ (ဘုရားလောင်းတော်) များမှာလည်း အလွန် များလေသည်။ မဟာယာန ကျင့်စဉ်၏ အဓိက ရည်မှန်းချက်မှာ ပညာ ကရုဏာကို ရှေးရှုသော ပါရမီ လမ်းစဉ် ဖြစ်သည်။ ဒါန၊ သီလ၊ ခန္တီ၊ ဈာန၊ ပညာကို အခြေခံသည်။

တရုတ်ပြည်တွင် ကွမ်ယင် မယ်တော်ကို ဘုရားလောင်း အဖြစ် ကိုးကွယ်သကဲ့သို့ နောင်ပွင့်လာမည့် အဝလောကီတေသွာရ ဘုရားလောင်း များမှာ ဂျပန်ပြည်တွင် အယူကွဲ အမျိုးမျိုး ရှိလေသည်။

တရုတ်ပြည်တွင် ကွမ်ယင် ခေါ်သော ဘုရားလောင်းကို ဂျပန်ပြည်၌ ကွမ်နွမ် ခေါ်သည်။ ကွမ်နွမ်လည်း တစ်မျိုး တစ်စားတည်း မဟုတ်။ ရှိုကွမ်နွမ်၊ ဇီရီမင် ကွမ်နွမ်၊ ဆင်ဇူး ကွမ်နွမ်၊ ဘာတို ကွမ်နွမ်၊ ညိုအိရင်

http://www.dhammadownload.com



ကွမ်နွမ် ဟူ၍ ကွဲပြားသည်။ တစ်ဖန် မုန်ရှူး၊ ဖူဂင်၊ ကိုကုဇို၊ မိရိုကုရှီဇိုးဟု အမည် အမျိုးမျိုး၊ ရုပ်တု သဏ္ဌာန် အမျိုးမျိုးလည်း ကိုးကွယ်သည်။

မဟာယာနများက ၎င်းတို့၏ အယူဝါဒသည် ထေရဝါဒထက် သာလွန် ကောင်းမွန်သည်ဟု ယူကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ အယူဝါဒ များသည် ကိုယ်ကျိုး အတ္တ အပေါ် အခြေခံ၍ ကိုယ်လွတ်ရုန်းရန် စွန့်ပယ် သော အကျင့်မျိုး ဖြစ်သည်ဟုလည်း ယူကြသည်။

မဟာယာန၏ နိဗ္ဗာန်သည် ထေရဝါဒက လက်ခံထားသော ချုပ်ခြင်း၊ ငြိမ်းခြင်း၊ ကင်းပြတ်ခြင်း သဘော မဟုတ်။ 'တထာတ' ဟု ခေါ်သော အရှိကို အရှိ အတိုင်း၊ အဖြစ်ကို အဖြစ် အတိုင်း ရှုမြင် သုံးသပ် လက်ခံခြင်း သဘောမျိုး ဖြစ်သည်။ ယထာဘူတံလည်း ခေါ်သည်။ 'တထာတ' သဘော ကို အင်္ဂလိပ်လို *Suchness* ခေါ်သည်။

အကျွန်ုပ်သည် အမှန်ကို ဝန်ခံ၍ ဆိုရလျှင် ပညာ ပါရမီက သုတ္တန် တွင် ဟောကြားထားသော မဟာယာနတို့၏ ထိုတထာတ (အရှိကို အရှိ အတိုင်း၊ အဖြစ်ကို အဖြစ် အတိုင်း ထိုးထွင်း သိမြင်ခြင်း) သဘောကို နားလည်အောင် ကြိုးစားခဲ့သော်လည်း နားမလည်ချေ။ မြန်မာနိုင်ငံတွင် လည်း အလားတူ ဝါဒမျိုး ပေါ်ပေါက်ဖူးသည်။ ယခုအခါ အဓမ္မ ဝါဒ အဖြစ် ဆုံးဖြတ်ထားသော စိတ်ကို စိတ်အတိုင်းတိုင်းထား ဆိုသော ဝါဒမျိုး ဖြစ်သည်။ လူပြိန်း အနေနှင့်မူ စိတ်ကို စိတ်အတိုင်းတိုင်းထား ဆိုသော စကားသည် ဟုတ်နိုးနိုး ထင်နိုင်သည်။ သို့သော် အဘိဓမ္မာကို သိပြီးသော၊ စိတ်စေတသိက်တို့၏ ဖြစ်ပျက်ကို သိပြီးသော၊ အနိစ္စ ဒုက္ခ အနတ္တကို မြင်ပြီးသော သူသည် စိတ်ကို စိတ်အတိုင်းတိုင်းထား ဆိုသော စကားကို ဘယ်နည်းနှင့်မျှ နားလည်နိုင်မည် မဟုတ်ချေ။

ဂျပန် ရဟန်းတော်သည် ဝိပဿနာ ရှုစဉ် ခြေလှမ်းကို ကြွသည် ကြွသည် ကြွသည်၊ လှမ်းသည် လှမ်းသည် လှမ်းသည်၊ ချသည် ချသည် ချသည်နှင့် ရှုမှတ်ခြင်း သဘောနှင့် မဟာယာနမှ တထာတ သဘော တူသည်ဟု ထင်ပါသလားဟု ဆင့်ပွား မေးခွန်းကိုလည်း အကျွန်ုပ်က မေးမိပါသည်။

ဂျပန် ရဟန်းတော်သည်လည်း တထာတ၏ သဘောကို အကျွန်ုပ်

http://www.dhammadownload.com



ကဲ့သို့ နားလည် သဘောပေါက်ခြင်း မရှိချေ။ ထို့ကြောင့် အကျွန်ုပ်က ထိုတထာတ သဘောကို ဂျပန် ဘာသာအားဖြင့် ရှင်ညို *(Shinnyo)* ဟု ခေါ်ကြောင်း ပြောပြပါသည်။ ဂျပန် ရဟန်းတော်သည် ရှင်ညိုကိုလည်း နားမလည်ကြောင်း ဝန်ခံလေသည်။ ထိုသဘောကို မဟာယာန ဗုဒ္ဓဘာသာဝင်များက စကားလုံးဖြင့် ဖော်ပြခြင်းငှာ မတတ်သာသော သဘောဟု မှတ်ယူသဖြင့် သုညတဟုလည်း ဆိုကြသည်။

တထာတသည် သုညတပင်။ ထိုသုညတကိုလည်း ဂျပန် ရဟန်းတော်သည် သဘော မပေါက်ကြောင်း ဝန်ခံပြန်သည်။ သူသာ သဘော မပေါက်သည် မဟုတ်ပါ။ မေးမြန်းနေသူ အကျွန်ုပ်လည်း သဘော မပေါက်ပါ။ အမှန်တော့ နိဗ္ဗာန်ကို မဟာယာနတို့က သုညတဟု ယူသည်ဟု အနောက်တိုင်းသားများက တလွဲ ယူဆတတ်ကြလေသည်။

မဟာယာနနှင့် ပတ်သက်သော ကိစ္စ အချို့အပေါ်တွင် အကျွန်ုပ်နှင့် ဂျပန် ရဟန်းတော်တို့ အပြန် အလှန် ဆွေးနွေးကြသည်ကို မမစု (ဒေါ်ခင်နှင်းယု) အပါအဝင် ဘေးပရိသတ်တို့က စိတ်ဝင်စားကြပါသည်။ စိတ်ဝင်စားကြခြင်းမှာ ထေရဝါဒ ဗုဒ္ဓဘာသာ၏ သဘာဝကျမှု၊ နားလည်ရ ကျင့်ကြံရ လွယ်ကူမှု၊ ဉာဏ်ပညာ ရှိသူတို့၏ ဉာဏ်နှင့် ကိုက်ညီမှု သဘောတို့ ထင်ရှား ပေါ်လွင်လာ၍လည်း ဖြစ်နိုင်ပါ၏။ မဟာယာန နိုင်ငံတွင် မဟာယာန မိဘများမှ မွေးဖွား ဆင်းသက်ပြီးနောက် ကြီးပြင်း၍ ပညာဉာဏ် ထက်သန်သော အခါ ထေရဝါဒကို ကျင့်ကြံ အားထုတ်လာသော ဂျပန် ရဟန်းတော်၏ လက်တွေ့ ဘဝ နမူနာကြောင့်လည်း ဖြစ်ပါလိမ့်မည်။

အကျွန်ုပ်သည် မူရတိ၏ *The Central Philosophy of Buddhism. A Study of Mahayana Buddhism* ကိုလည်း အချိန် အတန်ကြာအောင် လေ့လာခဲ့ဖူးပါသည်။ အကျွန်ုပ်သည်ပင် ပါရမီ နုသောသူ ဖြစ်သောကြောင့်လား မသိပါ။ မဟာယာန အတွေးအမြင်များကို သဘောမပေါက်ခဲ့ချေ။ မိမိသည် ယုတ္တိ ဗေဒ ပညာကိုလည်း အကျယ်တဝင့် သင်ကြား တတ်မြောက်ဖူးသည်။ ဒဿန ပညာ မျိုးစုံကိုလည်း အာစရိယမုဋ္ဌိ နည်းကျ သင်ကြား တတ်မြောက်ခဲ့ဖူးပါသည်။ သို့ပါလျက်လည်း မဟာယာနကို သဘောမပေါက်ဘဲ ထေရဝါဒကိုသာ သဘောလည်း ပေါက်၊

http://www.dhammadownload.com



နှလုံးကလည်း နှစ်ခြိုက်သဖြင့် အသက် သုံးဆယ့်ငါးနှစ်မှ စ၍ ဗုဒ္ဓဘာသာ ဥပါသကာ ဖြစ်လာခဲ့သည့် အကြောင်းကို ဂျပန် ရဟန်းတော်အား လျှောက်ထားမိပါသည်။ ထိုအခါ ဂျပန် ရဟန်းတော်က

'အင်း ခင်ဗျားက ကျုပ်နှင့်စာရင် ဆယ့်ငါးနှစ်လောက် စောပြီး လူလိမ္မာ ဖြစ်ခဲ့တာပဲ' ဟု မှတ်ချက် ချသည်ကိုလည်း ကြားခဲ့ရပါ၏။

ဂျပန် ရဟန်းတော်နှင့် တွေ့ဆုံ မေးမြန်းသော အချိန် ကာလသည် တိုတောင်းပါသည်။ သူ့မှာ ကမ္ဘာ့ ကုလသမဂ္ဂ၏ ကြီးမားသော လုပ်ငန်း တာဝန်များက အဆမတန် များသည်။ ထိုတာဝန် ဝတ္တရားများသည် သူ့ကို ရုံးမှ စောင့်နေကြသည်။ ထိုအကြောင်းကြောင့် သူသည် အချိန်ကြာကြာ ရဟန်း အသွင်ဖြင့် တရား အားထုတ်ချင်သော်လည်း သူ လိုချင်သော အချိန်ကို မရရှာ။ ခွင့်ရသော အချိန်မှာ ဆယ့်ငါးရက်သာ ရှိသည်။ ထိုဆယ့်ငါးရက် လုံးလုံး ရဟန်းဘွဲ့ ဦးပညာနန္ဒ အမည်ခံ မစ္စတာ ကီတာတာနီသည် ချမ်းမြေ့ ရိပ်သာဝယ် တရား အားထုတ်ခြင်းဖြင့် တရား တွေ့ဖို့ ချမ်းမြေ့ဖို့ကို ကြိုးပမ်း၍ နေခဲ့လေသည်။ ယခု အင်တာဗျူး လုပ်သော အချိန်သည် ထိုဆယ့်ငါးရက်၏ နောက်ဆုံး အချိန်ဟု ဆိုသင့်ပါသည်။ ယခု အင်တာဗျူး ပြီးလျှင် ဂျပန် ရဟန်းတော်မှာ သိက္ခာချပွဲ ကိစ္စက ကျန်ရှိနေသေးသည်။ ဆရာတော်ဘုရား၏ မူလ အစီအစဉ် အရ ရဟန်းတော် သိက္ခာချမည့် အချိန်ကို ညနေ ငါးနာရီကို သတ်မှတ်ထားသည်။ ဂျပန် ရဟန်းတော်၏ ဝိပဿနာ လုပ်ငန်းများကို အနှောင့်အယှက် မဖြစ်စေရန် သိက္ခာမချမီ အချိန်ကလေးတွင် ကပ်ပြီးမှ အင်တာဗျူး လုပ်ဖို့ကိုလည်း ချမ်းမြေ့ ဆရာတော်က မိန့်မှာထားပါသည်။ အစီအစဉ် အားလုံးကို မမစု (ဒေါ်ခင်နှင်းယု) က စီမံပေးပါသည်။

အင်တာဗျူးပွဲ စတော့ ညနေ လေးနာရီ ထိုးတော့မည်။ အချိန် တစ်နာရီ အတွင်းမှာ အင်တာဗျူးပွဲကို အပြီး ပြုလုပ်ရမည်။ မူလ စီစဉ်ထားသော မေးခွန်း ငါးခုကို ထိုတစ်နာရီ အတွင်းမှာ မေးမြန်းနိုင်အောင် အချိန်ကို ဆစ်ပိုင်း၍ ကတိုက်ကရိုက် စီမံနေရသည်။ ငါးနာရီ ထိုးလျှင် ဆရာတော်ဘုရားက စံကျောင်းပေါ်မှ စောင့်နေတော့မည်ကိုလည်း ထည့်စဉ်းစားနေရသည်။

http://www.dhammadownload.com



မေးခွန်း ပုစ္ဆာ လေးခု မေးပြီးသော အခါ အချိန်မှာ ညနေ ငါးနာရီ ထိုးရန် ဆယ်မိနစ်ခန့်သာ လိုတော့သည်။ ကျန်နေသော နောက်ဆုံး မေးခွန်းမှာ အဓိကအားဖြင့် ဂျပန် ရဟန်းတော် အနေနှင့် ချမ်းမြေ့ ရိပ်သာမှ အတွေ့ အကြုံများနှင့် ပတ်သက်၍ မြန်မာ စာဖတ် ပရိသတ်တို့ ကြည်ညို သဒ္ဓါ ပွား၍ သာဓု ခေါ်နိုင်ကြစေရန်ကို ရည်ရွယ်ခြင်း ဖြစ်ပါသည်။

(မေးခွန်း ၅) 'အရှင်ဘုရား ဒီချမ်းမြေ့ ရိပ်သာမှာ ယခုလို တရား အားထုတ်ခဲ့တဲ့ အတွေ့အကြုံများကို မြန်မာ ပရိသတ်တို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရအောင်၊ ကြည်ညို သဒ္ဓါ ပွားရအောင် အထူး ပြောလိုတာများ ရှိပါသေး သလား ဘုရား'

ဤမေးခွန်း၏ အဆုံးဝယ် ဂျပန် ရဟန်းတော်သည် သူ၏ အတွေး များကို စုစည်းနေဟန် ခေတ္တ ငြိမ်သက်နေပြီးနောက် အောက်ပါ အတိုင်း သူ၏ ခံစားချက် ပါသော အတွေ့အကြုံနှင့် အထင်အမြင်များကို ပြောပါ သည်။

'ဒီမှာ ကျွန်တော် လာပြီး အားထုတ်နေစဉ် အထူး သတိပြုမိတာ ကတော့ မြန်မာ ဗုဒ္ဓဘာသာများဟာ ဘာသာတရားကို တကယ် ယုံကြည်ပြီး တကယ် ကြည်ညိုတဲ့ စိတ်နှင့် တရားကို အားထုတ်နေကြတာကို အထူး သတိပြုမိပါတယ်၊ ယခု ပထမ အကြိမ် ကျွန်တော် တရားခွင် ဝင်ပြီး အားထုတ်ရတာ ဆယ့်ငါးရက်တည်း ဆိုတော့ အားမရပါဘူး၊ အချိန်ရမယ် ဆိုရင် နောက်ထပ် ဒီထက် အချိန် ကြာကြာ အားထုတ်ချင်ပါတယ်၊ တရားက အရသာ ရှိတယ်၊ ကျွန်တော့် ဘဝမှာ ဒီဆယ့်ငါးရက် ကာလ ကလေးဟာ တကယ့်ကို ချမ်းမြေ့တဲ့ ကာလကလေး တစ်ခုလို့ ဝန်ခံရမှာ ပါပဲ၊ အချိန်မရလို့ ဒီက အိမ်ကို ပြန်သွားရသော်လည်း အိမ်မှာပါ ဒီတရားကို ကျွန်တော် ဆက်ပြီး အားထုတ်မှာပါပဲ၊ ဒီဆယ့်ငါးရက်မှာ ကျွန်တော် တရား လမ်းစ ရခဲ့ပါပြီ' ဟု ဆိုပါသည်။

ဂျပန် ရဟန်းတော်၏ အဖြေ စကားသည် ဤမျှသာ ဖြစ်ပါ၏။ အချိန်ကလည်း ညနေ ငါးနာရီ ထိုးသွားပြီ ဖြစ်ရာ အင်တာဗျူးလည်း အဆုံးသို့ ရောက်သင့်ပြီ ဖြစ်၏။

ဂျပန် ရဟန်းတော်လည်း ထိုင်နေသော ကုလားထိုင်ပေါ်မှ ထရပ်

http://www.dhammadownload.com



လျက် သက်န်းကို ပြင်၍ ရုံတော်မူလေ၏။ ချမ်းမြေ့ ရိပ်သာ ဂေါပက အဖွဲ့ ဥက္ကဋ္ဌကြီး ဦးဘသိန်းနှင့် ရဟန်း ဒကာ ဦးကြည်စိုးမော်တို့လည်း ဂျပန် ရဟန်းတော် ဦးပညာနန္ဒအား ဆရာတော်ဘုရား ရှိရာ စံကျောင်းသို့ ပင့်ဆောင်ရန် ပြင်ဆင်ကြလေ၏။

စံကျောင်းနှင့် ဂျပန် ရဟန်းတော် သီတင်းသုံးရာ ကျောင်းတို့ အကြား မှာ ဖြတ်လမ်း ရှိ၏။ ထိုဖြတ်လမ်းသည် ခုံးတံတားငယ် တစ်ခုကို ဖြတ်သန်း ရ၏။ ဂျပန် ရဟန်းတော်ကို ဆရာတော်၏ စံကျောင်းသို့ ပင့်ဆောင် လာကြစဉ် ထိုခုံးတံတား ထိပ်တွင် ဦးပဠင်း ဦးရေဝတက ဆီးကြိုနေလေ၏။ ဂျပန် ရဟန်းတော်နှင့် ဦးရေဝတတို့သည် ထိုတံတားထိပ်တွင် ဓာတ်ပုံ ရိုက်ခြင်းကို ခံယူတော်မူကြသည်။

စံကျောင်းပေါ်သို့ ရောက်သောအခါ ညနေ ငါးနာရီခွဲခန့် ရှိနေလေပြီ။ ပရိသတ်များ အားလုံး ကော်ဇောများ ခင်းဖြန့်ထားသည့် စံကျောင်း ဧည့်ခန်း ထဲတွင် နေရာ ယူကြပြီးသောအခါ ဆရာတော်ဘုရား ကြွတော်မူသည်။ ကျန်ပရိသတ်များက ဆရာတော်ကို ကန်တော့ကြပြီးနောက် အလွတ်အလပ် ထိုင်ကြသော်လည်း ဂျပန် ရဟန်းတော်ကား ဆရာတော်ဘုရား၏ ရှေ့ တည့်တည့် မနီး မဝေး အရပ်တွင် ဆောင့်ကြောင့် ထိုင်လျက် လက်အုပ် ချီကာသာ ထိုင်နေတော်မူလေသည်။

ဆရာတော်ဘုရားက အင်္ဂလိပ် ဘာသာဖြင့် စကား စ၍ ဆိုလေ၏။ ဆရာတော်က ဤသို့ စကား စတင်ခြင်း ဖြစ်သည်။

*'You have been here in Chanmyay Yeiktha for 15 days practicing in Vipassana insight knowledge, and now you are going to ...'*

ဤတွင် ဆရာတော်က စကားကို ရပ်ထားတော်မူသည်။ 'သင်သည် ဤချမ်းမြေ့ ရိပ်သာတွင် ဝိပဿနာ တရားကို အားထုတ်၍ နေခဲ့သည်မှာ ဆယ့်ငါးရက် ရှိပြီ၊ ယခု သင်သည် ...'

လူတိုင်းက ဆရာတော် ဆက်၍ အမိန့် ရှိမည့် စကားကို နားစွင့် နေကြသည်။ ဆရာတော်က

'ယခု သင်သည် ရဟန်း အသွင်ကို စွန့်၍ သိက္ခာချတော့မည့်

http://www.dhammadownload.com



အချိန်သို့ ရောက်ပြီ' ဟု ဆိုလိမ့်မည် ထင်နေကြပါသည်။ သို့သော် ဆရာတော်ဘုရားက သူ့ စကားကို အောက်ပါ အတိုင်း ဆက်လိုက်ပါသည်။

*'Now you are going to stay here'*

အထင်နှင့် အကြား လွဲသွားသောကြောင့် ဂျပန် ရဟန်းတော် အပါ အဝင် ပရိသတ် အားလုံး ရယ်ကြပါသည်။

'ယခု သင်သည် ဤကျောင်းတွင် ဆက်လက် နေဦးမည်' ဆိုသော ဆရာတော် ဘုရား၏ စကားသည် မျှော်လင့်ထားသော စကား မဟုတ်သော ကြောင့် ပရိသတ်များ ရယ်ကြခြင်း ဖြစ်ပါသည်။ ထို့နောက် ဆရာတော်သည် တရား စကားကို ဆက်၍ မိန့်ကြားပါသည်။

တရား အားထုတ်သည့်အခါ သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာ သုံးရပ် ဖြစ်ပေါ်ပုံကို ဟောကြားလေသည်။

'ဝိပဿနာ တရား အားထုတ်တဲ့ အခါ လူသာမန်တွေ အဖို့ ငါးပါး သီလ၊ ရှစ်ပါးသီလတွေကို စောင့်ထိန်းကြရတယ်၊ ရဟန်း သံဃာများ ကတော့ ပါတိမောက္ခသံဝရ သီလ၊ ဣန္ဒြိယသံဝရ သီလ၊ အာဇီဝပါရိ သုဒ္ဓိ သီလ၊ ပစ္စယသန္နိဿိတ သီလ ခေါ်တဲ့ သီလကြီးတွေကို စောင့်ထိန်းပြီး နေကြရတယ်၊ အဲဒီလို သီလကို ဆောက်တည် အားထုတ်တဲ့ အတွက် သီလဝိသုဒ္ဓိ ဖြစ်ကြရတယ်၊ အထူးသဖြင့် ရဟန်းတော်များမှာ သီလဝိသုဒ္ဓိ ဖြစ်ဖို့ အတွက် ပါတိမောက္ခသံဝရ သီလကို စောင့်ထိန်းကြရပါတယ်'

ထိုမှ ဆရာတော်ဘုရားက ဂျပန် ရဟန်းတော်အား ဝိပဿနာ သတိ ပဋ္ဌာန် တရား အားထုတ်ရာတွင် သိက္ခာ သုံးရပ်၊ မဂ္ဂင် ရှစ်ပါး ဖြစ်ပေါ်ပုံကို အကျယ် ဟောလေသည်။

'ဝိပဿနာ သတိပဋ္ဌာန် တရားကို အားထုတ်တဲ့ အခါ တရား အားထုတ်နေတဲ့ ယောဂီမှာ မဂ္ဂင် ရှစ်ပါးဟာ ဖြစ်ပွားနေတယ်၊ သင်က ရုပ်တရား ဖြစ်တဲ့ ပိန်ဖောင်းပေါ်မှာ သတိ ကပ်ပြီး မှတ်သားနေတဲ့ အခါ စင်္ကြံ သွားစဉ် ခြေကို ကြွတယ် ကြွတယ်၊ လှမ်းတယ် လှမ်းတယ်၊ ချတယ် ချတယ်လို့ စိပ်စိပ် မှတ်နေတဲ့ အခါ သင့်ကိုယ်မှာ သမ္မာသတိ မဂ္ဂင် ဖြစ်ပေါ်နေတယ်။

'အဲဒီလို ရှုမှတ်နေတဲ့ အခါ အရုပ် တစ်ပါးသို့ ပြေးသွားပြီး

http://www.dhammadownload.com



မေ့လျော့ခြင်းကို ပြုတတ်တဲ့ သင့် စိတ်ကို ရှုမှတ်နေတဲ့ ရုပ်နာမ် တရားတွေ အပေါ်မှာ တည်နေအောင် အမြဲ ကြောင့်ကြ စိုက်ပြီး အားထုတ်နေရတယ်၊ ဒီလို အားထုတ်ခြင်းကတော့ သမ္မာဝါယမ မဂ္ဂင် ဖြစ်နေပါတယ်၊ ရုပ်နာမ် တရားတို့ရဲ့ အနိစ္စ သဘော အမှန် ဒုက္ခ သဘော အမှန် အနတ္တ သဘော အမှန် သဘာဝ အမှန်ကို သိဖို့၊ ဒီရုပ်နာမ် တရားတို့ အပေါ်မှာ တပ်ငြိခြင်း ကိလေသာစိတ် ကင်းရှင်းသွားဖို့၊ ယုံမှားခြင်းနှင့် သံသယ ကင်းရှင်းစွာ သိမြင်တဲ့ဉာဏ် ဖြစ်ပေါ်ဖို့၊ ဆင်းရဲ ငြိမ်းအေးစေဖို့ အတွက် ယခုလို အားထုတ်ရခြင်း ဖြစ်လို့ ဒါကို သမ္မာဝါယမ မဂ္ဂင်လို့ ခေါ်ခြင်း ဖြစ်ပါတယ်။

'ဒီလို သင်က ရှုမှတ် အားထုတ်နေဆဲမှာပဲ သင့် စိတ်ဟာ ဝိတက်ရဲ့ အလိုကို လိုက်ပြီး ဟိုတွေး သည်တွေး ဟိုကြံ သည်ကြံ အဖန်ဖန် တလဲလဲ ယောက်ယက်ခတ်နေပါလိမ့်မယ်၊ ဒီအခါမှာ သင်က တွေးနေတယ် တွေးနေတယ် ကြံနေတယ် ကြံနေတယ်လို့ သတိပြုလိုက်ပြန်တယ်၊ ပြီးတော့ မူလ မှတ်သားနေတဲ့ ရုပ်နာမ်တွေ အပေါ်မှာ ပိန်တယ် ပိန်တယ် ဖောင်းတယ် ဖောင်းတယ်လို့ ပြန်ပြီး စိတ်ကို ဦးလှည့်ပြီး တင်ပေးတယ်၊ ဒီလို တင်ပေး တော့မှ ရုပ်နာမ် ဓမ္မတို့ရဲ့ အနိစ္စ သဘော၊ ဒုက္ခ သဘော၊ အနတ္တ သဘောကို သိမြင် နားလည်လာတယ်၊ အဲဒီလို မှန်ကန်တဲ့ အကြံအစည် မျိုး စိတ်ကူးမျိုးဟာ သမ္မာသင်္ကပ္ပ မဂ္ဂင် ဖြစ်ပါတယ်။

'အဲဒီလို အားထုတ်နေစဉ်မှာပဲ သင်ဟာ ပညတ် သဘော ပိန်တယ် ဖောင်းတယ် ဆိုတာကနေပြီး စိတ်ဟာ ပိုပြီး တည်ငြိမ်လာတာနှင့် အမျှ၊ ရင့်ကျက်လာတာနှင့် အမျှ ဒီပိန်မှု ဖောင်းမှုဟာ တွန်းကန်မှု သဘော သက်သက် လှုပ်ရှားမှု သက်သက်ပဲ၊ ဖြစ်ဖြစ်ပြီးတော့ ပျက်ပျက်သွားတာပဲ၊ အနိစ္စ တရားတွေပဲ စသည်အားဖြင့် အမြင်မှန်ကို ရရှိ သိမြင်လာတယ်၊ ဒီလို အမြင်မှန်ကို ရရှိ သိမြင်လာတာနှင့် အမျှ သူ ငါ သတ္တဝါ ပုဂ္ဂိုလ် မရှိ၊ အတ္တ မရှိ၊ အနတ္တပဲလို့ သိမြင်လာတယ်၊ ဒါဟာ သမ္မာဒိဋ္ဌိ မဂ္ဂင် ဖြစ်ခြင်းပဲ။

'တရား အားထုတ်နေတဲ့ ယောဂီဟာ ရုပ်နာမ် အာရုံတွေ အပေါ်မှာ သာ တည်ငြိမ်တဲ့ စိတ်ကလေးနှင့် အဖန်ဖန် တလဲလဲ ဖြစ်ပျက်နေမှုတွေကို စေ့စေ့ ရှုမှတ်နေရတဲ့ အတွက် သူဟာ တရား အားထုတ်နေစဉ်မှာ စကားကို

http://www.dhammadownload.com



မပြောဖြစ်ဘူး၊ အပြစ် မကင်းတဲ့ စကားတွေကို မပြောတော့ဘူး၊ ဒီတော့ အလိုလိုကို သမ္မာဝါစာ မဂ္ဂင်က ဖြစ်နေတော့တာပေါ့။

'တရား အားထုတ်နေခြင်းဟာ အပြစ် မကင်းတဲ့ အလုပ်တွေကို လုပ်မိခြင်းမှ အလိုလို ကင်းဝေးနေပါတယ်၊ တမင်တကာ ရှောင်နေစရာ မလိုဘူး၊ အလိုလို ရှောင်ကြဉ်ပြီးသား ဖြစ်နေပါတယ်၊ ဒါဟာ သမ္မာကမ္မန္တ မဂ္ဂင်ကို ထူထောင်နေခြင်းပါပဲ၊ ဒီလိုပဲ တရား အားထုတ်ဆဲ ယောဂီဟာ အပြစ် မကင်းတဲ့ အသက် မွေးမှု ဆိုလို့ ဘာဆို ဘာမျှ မလုပ်မိတဲ့ အတွက် သူ့မှာ သမ္မာအာဇီဝ မဂ္ဂင်လည်း အလိုလို ဖြစ်နေတာ ထင်ရှားပါတယ်'

ဆရာတော်၏ တရား ပြပုံမှာ အတွေ့အကြုံ အပေါ်မှာ သဘောတရားကို ထပ်၍ သင်ကြား ပြသနေသကဲ့သို့ ရှိပါ၏။ လက်တွေ့နှင့် သဘောတရား နီးစပ်လှသဖြင့် တရား နာသူ အဖို့ ရှင်းလင်း လွယ်ကူသော တရား အမြင်ကို ရလွယ်လှပါ၏။

ဂျပန် ရဟန်းတော်၏ စိတ်သန္တာန်တွင် ဘယ်ပုံ ဘယ်နည်း ခံစား သိမြင်မည်ကို အကျွန်ုပ် အတပ် အပိုင် မပြောနိုင်သော်လည်း အကျွန်ုပ် ကဲ့သို့ပင် သူလည်း ခံစားရလိမ့်မည် ဟူ၍ကား ကိုယ်ချင်းစာ စိတ်ဖြင့် မျက်ရမ်းဆ၍ သိမြင်နိုင်ပါသည်။

အကျွန်ုပ် အဖို့မူ ဆရာတော်၏ ဝိပဿနာ သတိပဋ္ဌာန် တရား အားထုတ်မှုနှင့် မဂ္ဂင် ရှစ်ပါး တရားတို့၏ ကွင်းဆက်ကို သိမြင်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်ဆက်တည်းမှာပင် ဤတရားကား အမှန် ဖြစ်သော ဆင်းရဲ (ဒုက္ခ သစ္စာ)၊ ထိုဆင်းရဲ ဖြစ်သည့် အကြောင်း (ဒုက္ခ သမုဒယ သစ္စာ) ကို လွန်မြောက်၍ ဒုက္ခ ငြိမ်းအေး ချမ်းမြေ့ကြောင်း တရားနှင့် တကွ ဒုက္ခ ငြိမ်းအေးခြင်းသို့ ပို့ဆောင်သည့် လမ်းမှန် ဆိုသော အရိယာ သစ္စာ တရားများကိုပါ မျက်ဝါး ထင်ထင် တွေ့မြင် နားလည်လိုက်ရ သကဲ့သို့ ရှိလှပါသည်။

ထို့နောက် ဆရာတော်သည် ဂျပန် ရဟန်းတော်အား သိက္ခာ ချပေးပါသည်။ သိက္ခာ ချပြီးနောက် လူဝတ်လဲသော အခါ မစ္စတာ ကီတာတာနီသည် မြန်မာ လုံချည် ဝတ်ပါသည်။

http://www.dhammadownload.com



ထို့နောက် ဆရာတော်အား သူသည် ဤတရား အားထုတ်စဉ် ကာလဝယ် အမှန်ပင် စိတ် အေးချမ်းကြောင်းနှင့် အချိန်ရတိုင်း တရား အားထုတ်မည် ဖြစ်ကြောင်း ဝန်ခံကတိ ပြုလေရာ လူတိုင်း သာဓု ခေါ်ရ ပါတော့သတည်း။

http://www.dhammadownload.com

# ၈။ ချမ်းမြေ့ ဆရာတော်၏ မြတ်ဒါနနှင့် ဒုတိယ အကြိမ် အားထုတ်ခြင်း။

ဗုဒ္ဓဘာသာ၌ ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါးကို အနူးအညွတ် ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ ဥပါသကာ အစစ် ဖြစ်သည်မှ စ၍ အကျွန်ုပ်သည် သဒ္ဓါစိတ် လွှမ်းဖုံးသော လူတို့၏ နှလုံးသားမှာ သာမန် ပုထုဇဉ်တို့၏ နှလုံးသားထက် များစွာ ပို၍ ထူးခြားသည် ဆိုသော အချက်ကို တစ်စ တစ်စ တိုး၍ နားလည်လာခဲ့ပါသည်။ ထိုသို့ နားလည် လာခြင်းမှာလည်း သဒ္ဓါ ဦးစီးသော တိဟိတ် သဘာဝ ရှိသော ပုဂ္ဂိုလ်တို့၏ ထူးကဲ ခြားနားစွာ ပြုလေ့ ရှိသည့် ကိုယ် အမူအရာ၊ နှုတ် အမူအရာ၊ စိတ် အမူအရာများကြောင့်ပင် ဖြစ်လိမ့်မည် ထင်ပါသည်။

သဒ္ဓါစိတ် ဖုံးလွှမ်းသော လူ့ နှလုံးသား၏ ထူးခြားချက်ကား များစွာ ရှိပါသည်။ ထိုထူးခြားချက်များ အနက် တိုက်ဆိုင်ပုံ ထူးခြားချက် အချို့ကို ဤတွင် ပြောပြချင်ပါသည်။ ပထမ တိုက်ဆိုင်ပုံမှာ ဤသို့ ဖြစ်ပါသည်။

အကျွန်ုပ်သည် ဂျပန် အမျိုးသား မစ္စတာ ကီတာတာနီ ခေါ် ဦးပညာနန္ဒ (ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ်တော်ကြီး) ချမ်းမြေ့ ရိပ်သာတွင် ရဟန်း အသွင်ဖြင့် ပထမ အကြိမ် တရားစခန်း ဝင်ခဲ့ပုံကို မိုးဝေတွင် အခန်းဆက် လစဉ် ဆောင်းပါး ရေးသားခဲ့ရာ ဩဂုတ်လ ထုတ်တွင် ဆောင်းပါးစဉ် အဆုံးသတ်ပါသည်။ သို့သော် မိုးဝေ အယ်ဒီတာ က မဆုံးသေးဟု ထင်မှတ်ပြီး 'ရှေ့လ ဆက်ရန်' ဟု ရေးထည့်လိုက်

http://www.dhammadownload.com



ပါသည်။ ရှေ့လ ဆက်ရန် စာပါသွားသည့် အတွက် အကျွန်ုပ်မှာ ဘယ်လို ပြုလုပ်ရမှန်း မသိ။ ကသိကအောက် ဖြစ်လျက် နေခဲ့ရပါသည်။

သို့သော်လည်း အကျွန်ုပ်သည် တရား တွေ့ဖို့ ချမ်းမြေ့ဖို့ ဆောင်းပါး စဉ်ကို ဩဂုတ်လမှာပင် ဖြတ်ခဲ့ပြီးပြီဟု အောက်မေ့လျက် နေလိုက်ပါသည်။ ထိုစဉ် ဩဂုတ်လ ဆယ့်တစ်ရက်နေ့ နေ့လယ် မိုးဝေတိုက်သို့ အရောက် မရှေးမနှောင်းပင် မမစု (ဒေါ်ခင်နှင်းယု) က ဖုန်းဆက်ပါသည်။ မိုးဝေ တာဝန်ခံ အယ်ဒီတာက အကျွန်ုပ်အား မမစု ဖုန်းဆက်ကြောင်း ပြောပြီး ဖုန်းခွက်ကို ထိုးပေးပါသည်။ မမစုက 'ကဲ မမစုက ဦးဆန်းလွင်ကို မနောနှင့် ခေါ်လိုက်တာ တွေ့လား၊ မမစုကို ချမ်းမြေ့ ဆရာတော်က မိုးဝေက တစ်ဆင့် ဦးဆန်းလွင်ဆီ ဖုန်းဆက်ခိုင်းတာ အခန့်သင့်ပဲ၊ ဦးဆန်းလွင် နှင့် တည့်တည့် တိုးနေတယ်' ဟု ဆိုပါသည်။ ဤအချက်သည် မမစု ထင်သလို အမှန်ပင် ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့် ဆိုသော် မိုးဝေ တိုက်သို့ အကျွန်ုပ်သည် နေ့စဉ် ရောက်သည် မဟုတ်ပါ။ တစ်ပတ်လုံး နေမှ တစ်ကြိမ် နှစ်ကြိမ်လောက်သာ ရောက်တတ်ပေရာ မမစု ဖုန်းဆက် ချိန်နှင့် အကျွန်ုပ် ရောက်ချိန် တိုက်ဆိုင်နေခြင်းသည် သဒ္ဓါ နှလုံးသား၏ အင်အား အစွမ်း သတ္တိပင် ဖြစ်ကြောင်းကို အကျွန်ုပ် ကောင်းစွာ မှတ်ယူ ပါသည်။ ထို့ထက် ပိုပြီး အံ့ဩဖို့ ကောင်းသည်မှာ မမစု ပြောစကားပင် ဖြစ်ပါသည်။

'ဦးဆန်းလွင်၊ မစ္စတာ ကီတာတာနီလေ ဒီတနင်္ဂနွေနေ့ (၁၆၊ ၈၊ ၈၇) မှာ ရဟန်းခံဦးမယ်'

'ဩော် ဟုတ်လား မမစု၊ ဒီပုဂ္ဂိုလ်ကတော့ တကယ့်ကို သာသနာ တော်မှာ ယုံကြည် ကိုးကွယ် ဆည်းကပ်ပြီး ရတဲ့ အချိန်ကို အလစ်အလပ် မခံဘဲ တရား အားထုတ်တာပဲနော်'

'ဟုတ်တယ်၊ ဒါကြောင့် ဆရာတော်က ဦးဆန်းလွင်ကို ဖိတ်ခိုင်းတာ၊ တနင်္ဂနွေနေ့ မနက် ခြောက်နာရီခွဲ အရောက် ချမ်းမြေ့ ရိပ်သာကို ကြွပါတဲ့ ရှင်၊ ရဟန်းခံပွဲ ရှိပါတယ်'

'စိတ်ချပါ မမစု၊ ကျွန်တော် တနင်္ဂနွေနေ့ ရဟန်းခံပွဲကို အရောက် လာပါ့မယ်၊ ဆရာတော်ကို မမစု လျှောက်ပေးပါ ခင်ဗျာ'

http://www.dhammadownload.com



'ကောင်းပါပြီရှင်'

တနင်္ဂနွေနေ့ နံနက် ခြောက်နာရီ နှစ်ဆယ့်ငါး မိနစ်မှာ အိမ်က စ၍ ထွက်ဖြစ်ပါသည်။ ဘာမှ မစားရသေး၍ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် တစ်ခွက် ဝင်သောက်သည်။ ပြီးမှ ချိန်းထားသော တပည့်များကို မစောင့်တော့ဘဲ ကြုံရာ ဘတ်စ်ကား စီးပြီး လမ်းနီ မှတ်တိုင်သို့ အရောက်သွားခဲ့သည်။ လမ်းနီ မှတ်တိုင်မှာ လမ်းဖြတ်ကူးနေစဉ် မိုးဝေ တာဝန်ခံ အယ်ဒီတာက ထိုမှတ်တိုင်သို့ ကားဆိုက်လာပြီး 'ဆရာ ဆရာ' ဟု ခေါ်နေသံကို ကြားရသည်။ သူနှင့် ချိန်းမထားပါ။ ဤတစ်ကြိမ်လည်း တိုက်ဆိုင်ခြင်းပင် ဖြစ်ပါသည်။ သူ့ ကားပေါ် တက်ပြီး အခန့်သင့် လိုက်သွားရာ ခြောက်နာရီ လေးဆယ့်ငါးမိနစ်ခန့်မှာ ချမ်းမြေ့ ရိပ်သာသို့ ရောက်သွားပါသည်။

ချမ်းမြေ့ ဓမ္မာရုံပေါ်မှာ ခမ်းနား ကြီးကျယ်စွာ ပြင်ဆင်ထားသော လှူဖွယ် ဝတ္ထု များစွာကို တွေ့မြင် ကြည်ညိုရပါသည်။ ပထမ အကြိမ် မစ္စတာ ကီတာတာနီ ရဟန်းခံစဉ် ရဟန်း ဒကာ ဖြစ်ခဲ့သူ ဦးကြည်စိုးမော်နှင့် ဆုံရပြန်သည်။ သူ ပြောပြမှ ထိုလှူဖွယ် ပစ္စည်းများသည် ချမ်းမြေ့ ဆရာတော် ဘုရားကြီး၏ လှူဖွယ် ဝတ္ထုများ ဖြစ်ကြောင်း သိရလေတော့သည်။

သိမ်ထွက်တွင် လှူဖွယ် ဝတ္ထုများ လောင်းလှူရန် စောင့်နေကြသော ပရိသတ်လည်း ပထမ အကြိမ် မစ္စတာ ကီတာတာနီ ရဟန်း တက်စဉ် အခါကထက် နှစ်ဆမက များပြားလှပါသည်။ ကြည်ညိုသူများလည်း ပိုများပြီး ဓမ္မာရုံ အပြည့် ဖြစ်လေသည်။ ခုနစ်နာရီတွင် ရဟန်းခံပွဲ စပါသည်။ ရဟန်းခံပွဲလည်း ပထမ တစ်ကြိမ်ထက် ပိုပြီး ကြီးကျယ်ပါသည်။ မစ္စတာ ကီတာတာနီကိုမူ ကိုရင်သာမဏေ အသွင်ဖြင့် တွေ့ရပါသည်။ သူ ဆင်မြန်း ထားသော သင်္ကန်းမှာ အသစ် မဟုတ်ပါ။ ယခင် တစ်ကြိမ်က ဝတ်သော သင်္ကန်းကိုပင် သိမ်းဆည်းထားပြီး ယခု ပြန်ဝတ်ဟန် တူပါသည်။ သူ၏ ကျန်းမာရေး အခြေအနေကို အကဲခတ်ကြည့်တော့ ပကတိ ကျန်းမာပြီး အင်အား ရှင်သန်ပုံ ပေါ်နေ၍ အားရဖွယ် ရှိပါသည်။ သူ ကျင့်ကြံ အား ထုတ်နေသော တရားကပင် သူ့ကို အသက် ရှည်အောင် စောင့်ရှောက် နေလေပြီလားဟု အကျွန်ုပ် တွေးလိုက်မိသည်။

http://www.dhammadownload.com



အကျွန်ုပ် စိတ်ထဲတွင် 'ဒီတစ်ကြိမ် ရဟန်းခံပွဲကို ဆရာတော်သည် ဤမျှ ကြီးမားစွာ အဘယ်ကြောင့် ကျင်းပလေသနည်း' ဟူသော အတွေးများ ဖြစ်ပေါ်နေသည်။ သို့သော် ရဟန်းခံပွဲ အပြီးမှာ အလှူဒါန အနုမောဒနာ ပြုပြီး ရေစက်ချသွန်း အမျှဝေသော အခါမှပင် ဤပွဲ၏ ကြီးကျယ်ရသည့် အကြောင်းကို အကျွန်ုပ် ခေါင်းထဲမှာ ရှင်းလင်း ကွဲပြားစွာ သိရလေတော့၏။

ဆရာတော် မိန့်ကြားပုံမှာ ဤသို့ ဖြစ်ပါသည်။

'ဘုန်းကြီးရဲ့ အလှူ ဒါနကို ဘုန်းကြီး မွေးနေ့ပွဲ အနေနှင့် ကျင်းပတာ မဟုတ်ပါဘူး၊ ဘုန်းကြီး မွေးနေ့ပွဲကိုလည်း ကျင်းပလေ့ မရှိပါဘူး၊ မွေးနေ့ ကျင်းပနေရင် သေနေ့ကို မှတ်သလို ဖြစ်နေမှာ စိုးလို့၊ ခု လှူတာက နှစ်စဉ် နှစ်တိုင်း ပင့်သံဃာ တစ်ရာစီ ပင့်ပြီး လှူနေကျ အတိုင်း လှူတာပါ၊ ဒီနှစ် ဘုန်းကြီး မယ်တော် ကွယ်လွန်တာ လေးနှစ် ရှိပြီ၊ မယ်တော်ကြီး အတွက် ရည်စူးပြီး ဘုန်းကြီး လှူတာပါ' ဟု မိန့်တော်မူပါသည်။

ဤနေ့ ဤရက်တွင် ချမ်းမြေ့ ဆရာတော်သည် မိမိ နှစ်စဉ် ကျင်းပမြဲ မြတ်ဒါနကို ပြုရန် ရည်စူးပြီး ဆုံးဖြတ်ထားသည်။ တိုက်တိုက်ဆိုင်ဆိုင် မစ္စတာ ကီတာတာနီမှာ ထိုရက်တွင် ခွင့် တစ်ပတ် ရသည်။ ခွင့် ရလျှင် ရချင်း ဆရာတော်ကို ရဟန်းခံလိုကြောင်း လာလျှောက်သည်။ သို့ဖြင့် ဆရာတော်၏ အလှူပွဲနှင့် မစ္စတာ ကီတာတာနီ၏ ရဟန်းခံပွဲ တိုက်ဆိုင် သွားခြင်း ဖြစ်လေသည်။

ဆရာတော်၏ အလှူတော် မင်္ဂလာသည် ကြည်ညိုချင်စဖွယ် ဖြစ်လေ၏။ ပင့်သံဃာ အပါး တစ်ရာကို စာရေးတံမဲဖြင့် လှူမည့် လှူဖွယ် ဝတ္ထု များကား သင်္ကန်း ဒွိစုံ အမျိုးမျိုး၊ ဓာတ်ဘူး ကြီးငယ် အမျိုးမျိုး၊ မွေးပွစောင် အမျိုးမျိုး၊ မျက်နှာသုတ် ပဝါ ချွေးသုတ်ပဝါ အမျိုးမျိုး၊ ဝတ္ထုငွေ တန်ဖိုး အားဖြင့် လေးသောင်း နှစ်ထောင် နှစ်ရာကျော် ဖြစ်လေသည်။ လက်နှိပ် ဓာတ်မီး၊ စားပွဲတင် နာရီ၊ ပျားရည် ပုလင်းမှ အစ ငွေပဒေသာပင် အပါ အဝင် ဝတ္ထု ပစ္စည်း အမျိုးပေါင်းကလည်း ငါးဆယ် ကျော်မည် ထင်ပါ သည်။

ချမ်းမြေ့ရိပ်သာ ဓမ္မာရုံ၏ အဝန်း ပမာဏကလည်း ကျယ်ပါသည်။ ထိုဓမ္မာရုံတွင် ကြည်ညိုသူများ ပြည့်နေသည်။ လှူဖွယ် ဝတ္ထုများ၏ အလယ်မှ

http://www.dhammadownload.com



ပန်းပေါင်း စေတီတော်မှ ထုတ်လွှတ်သော ပန်းရနံ့သည် တစ်ခန်းလုံးမှာ ပျံ့လှိုင် ကြိုင်မွှေးလျက် ရှိ၏။ ဆရာတော်၏ မြတ်ဒါနဝယ် ရဟန်း သံဃာတော်များ အတွက် ပြင်ဆင်ထားသော ဆွမ်းခွက်က အမျိုး နှစ်ဆယ်၊ အချိုပွဲက ခဲဖွယ် နှစ်ဆယ့်ခုနစ်မျိုး စုံလင် ပြည့်ဝလှပါသည်။ စားပွဲများ ပေါ်တွင် ဆွမ်းဟင်းခွက်များ ပြည့်လျှံနေသဖြင့် သံဃာတော်များ ဆွမ်းဘုဉ်း ပေးသော အခါ မိမိ သပိတ်တွင် ထည့်၍ ဘုဉ်းပေးကြရပါသည်။ အကျွန်ုပ် မှာ မစ္စတာ ကီတာတာနီ၏ ရဟန်းခံပွဲနှင့် တိုက်ဆိုင်နေသော ချမ်းမြေ့ ဆရာတော် ဘုရား၏ မြတ်ဒါနကို မြင်လျက် သာဓု အနုမောဒနာ များစွာ ခေါ်လျက် ကြည်ညို ဝမ်းမြောက်နေရလေသည်။

ဗုဒ္ဓ၏ အယူဝါဒ ဆိုလိုရင်း အနက်ကို ကောင်းစွာ သဘော ပေါက်ပြီးသော ဗုဒ္ဓဘာသာ၌ သရဏဂုံ တည်သူ ဥပါသကာသည် ဘဝကို ဘယ်ပုံ ဘယ်နည်း ကုန်လွန်စေသင့်သနည်း။

အကျွန်ုပ်သည် ဤပုစ္ဆာ၏ အဖြေကို ရှာ၍ နေခဲ့သည်မှာ ကာလ အတန် ကြာပြီ ဖြစ်၏။ ကမ္ဘာ့ သာသနာပြု အကျော်ဆရာတော် အရှင် သေဋ္ဌိလ (အဂ္ဂမဟာ ပဏ္ဍိတ) ၏ ဟိုက်ကုတ် ဗုဒ္ဓဘာသာ အသင်းတွင် ဟောကြားတော်မူဖူးသော တရားစာ တစ်ပုဒ်ကို အကျွန်ုပ် ဖတ်ရှု လေ့လာခဲ့ ရဖူးလေသည်။ ဆရာတော် ဘုရားကြီးသည် ထိုတရားကို အင်္ဂလိပ် ဘာသာဖြင့် ဟောကြား ဆုံးမတော် မူခဲ့၏။

ထိုခေါင်းစဉ်ပါ တရားတွင် ဆရာတော် ဘုရားက ဗုဒ္ဓဝါဒသည် ယုံကြည် ကိုးကွယ်ရာ ဘာသာ အယူဝါဒ မဟုတ်ကြောင်း အတိအလင်း ပြဆိုတော်မူပါသည်။ ဤတွင် ယုံကြည် ကိုးကွယ်ရာ အယူဝါဒ ဆိုသော စကား၏ အနက်သည် ယုံကြည် အားကိုး စိတ်ချခြင်းနှင့် ခဝပ် ကိုးကွယ် ခြင်း သဘောကိုသာ ဆိုခြင်း ဖြစ်သည်။ ဗုဒ္ဓ အယူဝါဒကား ထိုသို့ မဟုတ်၊ ဘဝ၏ ပြုမူ ကျင့်ကြံရာ နည်းလမ်း တစ်ခုသာ ဖြစ်သည်ဟု ပြဋ္ဌန်းတော်မူခဲ့လေသည်။

*'Buddhism, we say, is not a religion because it is not a system of faith and worship. The word ''religion'' originally means a system of faith and worship*

http://www.dhammadownload.com



*but Buddhism is a way of life, and it is a way of understanding the conditions of life so that a Buddhist may be able to live in harmony with other people and also in harmony with the law of righteousness.'**

အကျွန်ုပ်သည် ထိုအချက်ကို ကောင်းစွာ သဘောပေါက်နိုင်ပါ၏။ ဗုဒ္ဓဘာသာဝင် ဥပါသကာသည် တစ်စုံတစ်ခုကို အလိုရှိ၍သော် လည်းကောင်း၊ တစ်စုံတစ်ရာကို ကြောက်ရွံ့ ထိတ်လန့်၍သော် လည်းကောင်း တစ်စုံတစ်ခုသော တန်ခိုးရှင်ထံတွင် အယုံအကြည် ထား၍ ပူဇော် ပသကာ ခဝပ် ကိုးကွယ်ခြင်းဖြင့် တောင်းခံသူ မဟုတ်။ ဗုဒ္ဓဘာသာ ဥပါသကာ အစစ်သည် မိမိကိုယ်ကိုသာ မိမိ အားကိုးပြုလျက် ဗုဒ္ဓ အရှင်တော်မြတ် လမ်းညွှန် ပြသတော်မူခဲ့သော နည်းလမ်း အတိုင်း ဘဝကို အချည်းနှီး အကုန်မခံဘဲ အချိန်ကာလတို့ကို သတိဖြင့် ဆင်ခြင်ကာ မြတ်သော အကျင့်ကို ကျင့်ကြံ အားထုတ်သူသာ ဖြစ်လေသည်။

ဦးပညာနန္ဒ ဘွဲ့အမည်ဖြင့် ရဟန်း အသွင်ကို ခံယူကာ ဒုတိယ အကြိမ် သတိပဋ္ဌာန် တရားတော်ကို ကြိုးစား အားထုတ်သော ကုလသမဂ္ဂ မြန်မာနိုင်ငံ ဌာနေ ကိုယ်စားလှယ်တော် ဂျပန် အမျိုးသားကြီး မစ္စတာ ကီတာတာနီ၏ ကာယကံမှု ဝစီကံမှု မနောကံမှုတို့ကို မြင်ရသော အခါ အကျွန်ုပ်၏ စိတ်တွင် ဤပုဂ္ဂိုလ်ကား အမှန်ပင် ဘုရား တရား သံဃာ၌ ယုံကြည် ဆည်းကပ်သူ ဖြစ်လေပြီ၊ ထိုပုဂ္ဂိုလ်သည် သရဏဂုံနှင့် တကွ သီလတော်မြတ်ကို မြဲစွာ ပြုလေပြီ၊ ဤပုဂ္ဂိုလ်ကား မိမိ၏ ဘဝ လွတ်မြောက်ရေးကို မိမိဘာသာ အားထုတ်ခြင်းဖြင့် လိုရာ ကိစ္စ ပြီးနိုင်သည် ဟူသော ဘဝ၏ နည်းမှန် လမ်းမှန် သဘာဝ ဓမ္မကို ကောင်းစွာ သိမြင်ပြီးသူ ဖြစ်လေပြီဟု ဆင်ခြင် အောက်မေ့လျက် များစွာ နှစ်ထောင်းအားရ ဖြစ်ရလေတော့၏။

တိုက်ဆိုင်ခြင်း များစွာဖြင့် စည်ကားလှသော ရဟန်းခံပွဲကြီးမှာ

---

* *What Buddhism Means To A Buddhist – U Thittila from Essential Themes of Buddhism Lectures*

http://www.dhammadownload.com



ကြီးမားသော အစီဋ္ဌာန် ရှိသူ၏ စိတ်အကြံကို ပြီးမြောက် အောင်မြင်စေခြင်းငှာ ဝိုင်းဝန်း အားပေးနေသည်သို့လည်း ထင်ရပါ၏။ ကံဆောင် သံဃာတော်များမှာ နှစ်ဆယ့်သုံးပါးခန့် ရှိလေရာ သံဃာ အစုအဝေးကြီးမှာလည်း ကြီးမား ကျယ်ပြန့်၍ တင့်တယ် ခမ်းနားပေစွ။

ယခင် တစ်ကြိမ်မှာကဲ့သို့ပင် အရှင်ရေဝတက အနုသာသန ဆရာတော် အဖြစ် ဆောင်ရွက်တော်မူသည်။ ပဉ္စင်းလောင်း နာဂအား အနုသာသန ဆရာတော်က သံဃာ အစုအဝေး အတွင်းမှ ဟတ္ထပါဒ် လွတ်အောင် သံဃာကို လက်အုပ်ချီလျက် နောက်ဆုတ်သော ခြေလှမ်းများဖြင့် ခေါ်ဆောင်သွားတော်မူပြီးနောက် ဆုံးမ သင်ကြားပေးနေသော စကားသံများကို အကျွန်ုပ်သည် စူးစိုက်သော အာရုံဖြင့် နားစွင့်နေမိလေသည်။

အကျွန်ုပ်သည် မစ္ဆတာ ကီတာတာနီ၏ ဒုတိယ အကြိမ် ချမ်းမြေ့ရိပ်သာ၌ ဝိပဿနာ တရား အားထုတ်ခြင်း၏ ပိုမို လေးနက်သော အဓိပ္ပာယ် အနှစ်သာရများကို ထိုးထွင်းသော စိတ်နှင့် ဉာဏ်မှာ အတန်တန် ရှာဖွေနေမိလေသည်။ ယခင် (ပထမ) အကြိမ်၌ သတိမပြုဘဲ အမှတ်မဲ့ ထားခဲ့သော အချက်ကလေးများကိုပင် ဤတစ်ကြိမ်တွင် အလစ်အဟင်း မဖြစ်ရလေအောင် စေ့စုံစွာ မှတ်သားနေမိ၏။ အနုသာသန ဆရာတော်၏ ပြတ်သားသော အင်္ဂလိပ်လို ဆုံးမနေသည့် စကားသံများကို အကျွန်ုပ် ဦးနှောက်ထဲတွင် ကမ္ပည်းတင်ထားလိုက်ပါသည်။

*'Please listen to me Naga attentively.'*

ဤအသံသည် အနုသာသန ဆရာတော်၏ ဆုံးမသော အသံဖြစ်သည်။ အနုသာသန ဆရာတော်က ပဉ္စင်းလောင်း နာဂအား သတိဖြင့် ဂရုတစိုက် နားဆင်ရန် မှာကြားနေလေပြီ။

*'This is the time for you to tell the truth and the fact.'*

ဒုတိယ ထပ်ဆင့်၍ ပေါ်လာသော ထိုအသံသည် အကျွန်ုပ်၏ စိတ်နှလုံးကိုပင် တုန်လှုပ်စေပါသည်။

'ဤအချိန်အခါသည် သင် ပဉ္စင်းလောင်းအား မှန်ကန် တိကျသော စကားများကိုသာ ဆိုအပ်သော အချိန်အခါ ဖြစ်ပေသည်' ဟု ဆိုဆုံးမသော

http://www.dhammadownload.com



ထိုစကားသည် ရဟန်းလောင်း၏ စိတ်ဝယ် ဘယ်ပုံ ခံစားရမည် မသိသော် လည်း မိမိ အဖို့မှာမူ မကောင်းမှု ဒုစရိုက်များဆီသို့ တိမ်းလွယ် ညွတ်လွယ် ယိမ်းလွယ် ယိုင်လွယ်သောအားဖြင့် ဖောက်ဖောက်ပြန်ပြန် ဖြစ်နေသော မိမိ၏ နှလုံးသားကို ဆတ်ခနဲ ဆွဲယူပြီး ဖြောင့်မတ်သောတန်း၌ ချည်နှောင် ခြင်း ခံလိုက်ရသလား ထင်မှတ်ရလေသည်။ ထိုအခါမှ မှန်ကန် တိကျခြင်း မရှိသော မိမိ၏ နှလုံးသားကို လည်းကောင်း၊ မှန်ကန် တိကျသော စကား ကိုသာ အခါခပ်သိမ်း မဆိုတတ်သော မိမိ၏ ပါးစပ်ကို လည်းကောင်း သတိဖြင့် စောင့်ကြည့်ရတော့မည်ကို ချက်ချင်း သတိထားမိလိုက်ပါသည်။

ထို့နောက် အနုသာသန ဆရာက ရဟန်းလောင်း နာဂအား သံဃာ့ အလယ်သို့ ရောက်သော အခါ အမေးခံရမည့် စကားများနှင့် မည်သို့ မေးလျှင် မည်သို့ ဖြေပါဟု သင်ကြားပေးနေသံများကို ဆက်လက် ကြားနေ ရပါသည်။ ထိုစကားများနှင့် ထိုအခြင်းအရာများသည် တပည့် အပေါ်၌ ထားအပ်သော ဆရာ၏ စိတ်စေတနာကို ထွန်းပစေပါသည်။ မြန်မာ့ ဗုဒ္ဓ ဘာသာ ယဉ်ကျေးမှုသည် ဆုံးမခြင်း၌ တည်သော ယဉ်ကျေးမှု ဖြစ်သည်ကို ထိုဂျပန် အမျိုးသားကြီးသည် ကောင်းစွာ သဘောပေါက်သွားပြီ ထင်ပါ၏။ သူ၏ မျက်နှာသည် ကြည်လင် ရွှင်လန်းလျက် တည်ငြိမ် လေးနက်သော အသွင်ကို ဆောင်ယူနေသည်ကို အကျွန်ုပ် အကဲခတ်ကြည့်သော အခါ ထင်ရှားစွာ မြင်ရပါသည်။

ထို့နောက် အနုသာသန ဆရာ၏ ထူးခြားသော မေးခွန်းသံများကို ကြားနေရပါသည်။

*'Are you a human being?'*

'သင်သည် လူသား စင်စစ် ဖြစ်သလား' ဟူသော မေးခွန်း။ ထိုမေးခွန်းသည် အဘယ်ကြောင့် မေးအပ်ပါသနည်း။ အကျွန်ုပ် ရဟန်း ခံစဉ်က ဥပဇ္ဈာယ် ဆရာကို 'ဆရာတော်ဘုရား ဘာဖြစ်လို့ လူသား စင်စစ်ကို မြင်ပါလျက် သင်သည် လူသား စင်စစ် ဖြစ်သလားလို့ မေးရ ပါသလဲ ဘုရား' ဟု မေးခဲ့ဖူးသည်ကို အမှတ်ရမိလေသည်။ ဂျပန် အမျိုးသား ရဟန်းတော်၏ စိတ်မှာလည်း ထိုအချက်ကို ဆရာတော်အား မေးလျှောက်ခြင်း မရှိခဲ့ပါမူလည်း သိချင်ကောင်း သိချင်နေပေလိမ့်မည်။

http://www.dhammadownload.com



အမှန်မှာ ဘုရား လက်ထက်တော် အခါက နဂါး ဂဠုန် စသော သတ္တဝါတို့သည် သာသနာတော်တွင် လူ၏ အသွင်ကို ဆောင်ယူကာ မြတ်သော ရဟန်း အဖြစ်ကို ခံယူခဲ့ကြဖူးသည်။ ထိုအတွေ့အကြုံ အရ ထိုကဲ့သို့ အဟိတ် တိရစ္ဆာန်များကို မြတ်သော ရဟန်းဘောင်တွင် ကံဆောင် ရဟန်း အဖြစ် မသွတ်သွင်းမိစေခြင်း အလို့ငှာ ထိုသို့ မေးမြန်း စုံစမ်း ရကြောင်းကို အကျွန်ုပ်၏ ဥပဇ္ဈာယ် ဆရာ မိန့်ကြားခဲ့ ဖူးလေသည်။

အလားတူစွာပင်

*'Are you a man?'* ဆိုသော နောက်ဆက် အမေးသည်လည်း လေးနက်သော အဓိပ္ပာယ်များကို ဆောင်ယူပါသည်။ ဘိက္ခုနီ သာသနာ ကွယ်ပသည်မှ စ၍ သာသနာတော်တွင် ယောက်ျား စင်စစ်တို့ကိုသာ ဘိက္ခု အဖြစ် သွတ်သွင်း ရပါသည်။ နပုံဏ်း ပဏ္ဍုတ်များကို ရဟန်း ဘောင်သို့ မသွတ်သွင်းအပ်။ ထိုမျှသာမကသေး အကြင်သူသည် သားကြော ဖြတ်ခြင်းဖြင့် ယောက်ျား အင်္ဂါကို ချွတ်ယွင်းစေပြီးမူကား ထိုသူသည်ပင် မြတ်သော ရဟန်း မဖြစ်ထိုက်တော့ကြောင်း ဝိနည်းတော်မှာ ပါရှိသည်ဟု လည်း အကျွန်ုပ်၏ ဥပဇ္ဈာယ် ဆရာ မိန့်ကြားသော စကားကို ကြားနာခဲ့ ရဖူးပါသည်။

သဗ္ဗညု မြတ်စွာဘုရားသည် သာသနာ့ဘောင်ကို အနှောင်အဖွဲ့ ကင်းသော လွတ်လပ်သည့် အဖွဲ့အစည်း အဖြစ် ဖန်တီးတော်မူခဲ့လေသည်။ ပထမ သင်္ဂါယနာတင် အဇာတသတ် မင်းကြီးက ဇီဝက သမားတော်၏ သရက်တော ဥယျာဉ်ကျောင်း၌ 'အရှင်ဘုရား၊ ရဟန်း ဖြစ်ခြင်း၏ အကျိုးကား အဘယ် ရှိပါသနည်း' ဟု မေးတော် မူစဉ် သဗ္ဗညု မြတ်စွာ ဘုရားက ရဟန်း ဖြစ်ခြင်း၏ ဝိသေသ အကျိုးကို မဆိုသေး၊ သာမည အကျိုးမျှကို ဖော်ပြရာတွင်ပင် ရဟန်း ဘဝ၏ လွတ်လပ်ခြင်း သဘော၊ မြင့်မြတ်ခြင်း သဘောများကို သာဓက သက်သေများဖြင့် ထင်ရှားအောင် ပြတော်မူခဲ့လေသည်။

ယခု အနုသာသန ဆရာက ရဟန်းလောင်း နာဂအား

*'Are you a free man?'* ဟု မေးသော အသံကို ကြားရသော အခါ အကျွန်ုပ်၏ စိတ်တွင် ရဟန်းလောင်းနှင့် အတူ နှစ်ခြိုက်ဖွယ်

http://www.dhammadownload.com



'လွတ်လပ်ခြင်း၏ ရသ' ကို ခံစားလိုက်ရပါ၏။ အမှန်ပင် ဤအချိန် ဤကာလ ဤနေရာ ဤဒေသတွင် 'လွတ်လပ်ခြင်း' သည် တည်ရှိနေသည်ကိုလည်း အကျွန်ုပ် ခံစားမိပါသည်။

ကုလသမဂ္ဂ အလုပ် တာဝန်များဖြင့် ပိလျက် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေခဲ့သော မစ္စတာ ကီတာတာနီသည် ယခု လွတ်လပ်ခြင်း၏ ရသထူးကို ဦးစွာ ခံစားရပြီ မဟုတ်ပါလား။

သူသည် ဤချမ်းမြေ့ ရိပ်သာဝယ် ယခု ဆောင်ယူအပ်သော ဥပသမ္ပဒါကံဖြင့် နေသရွေ့ ကာလပတ်လုံး ကိုယ်စိတ် နှစ်ပါး လွတ်လပ်ခြင်း၊ စိတ်၏ ငြိမ်းအေးခြင်းဖြင့် အကုသိုလ်တရား မှန်သမျှမှ လွတ်သော သူ ဖြစ်နေတော့မည် မဟုတ်ပါလား။

*'Are you a free man?'* ဆိုသော အမေး ပုစ္ဆာကို ရဟန်းလောင်း နာဂက *'Yes, Venerable Sir.'* ဟု ဖြေကြားသံကို အကျွန်ုပ် ကြားလိုက်ရ၏။ ထိုအသံသည် တွန့်ဆုတ်သော အသံ မဟုတ်၊ ရဲရင့်၍ ပြတ်သားသော အသံ ဖြစ်၏။ ထိုအသံတွင် သဒ္ဓါလင်္ကာရ ပြည့်စုံနေဘိ သကဲ့သို့ အနက်အားဖြင့်လည်း အတ္ထ လင်္ကာရ ပြည့်စုံ ကြွယ်ဝနေသည်ဟု အကျွန်ုပ် ကောင်းစွာ နားလည်လိုက်ပြီ ဖြစ်ပါ၏။

ကြည်လင် ပြတ်သားလှသော ရဟန်းလောင်း နာဂ၏ အသံဝယ် ဆောင်ယူ လာသော လေးနက် ကျယ်ဝန်းသည့် အနက် အဓိပ္ပာယ်ကို အကျွန်ုပ် ရှာဖွေနေမိလေသည်။

*'Are you a free man?'* ဆိုသော ဤမေးခွန်းသည် အဘယ် အခြင်းအရာကို သိလိုသော မေးခွန်း ဖြစ်ပါသနည်း။ အကျွန်ုပ်၏ စူးစမ်း တတ်သော သန္တိရဏ ဇောစိတ်သည် ရပ်နားခြင်း ကင်းစွာ ထိုမေးခွန်း၏ အဖြေ ရှိရာသို့ ပြေးသွားလေပြီ။ ရဟန်းလောင်း နာဂက ထိုမေးခွန်းကို အားရပါးရ

*'Yes, Venerable Sir.'*

'မှန်ပါတယ် ဘုရား' ဟု ဖြေသံကိုလည်း ကြားလိုက်ရ၏။ သို့သော် အကျွန်ုပ်၏ ဇောစိတ်က ထိုအသံမှာ ရပ်တည်မနေပါ။ ရှေ့သို့သာ စူးစမ်း ထောက်လှမ်း၍ သွားနေပါသည်။

http://www.dhammadownload.com



'သင်သည် လွတ်လပ်သူ (အနှောင်အဖွဲ့ ကင်းသူ) တစ်ဦး ဖြစ်ပါသလား' ဆိုသော အနုသာသန ဆရာ၏ ပုစ္ဆာကို ရဟန်းလောင်းသည် ဘယ်ပုံ ဘယ်နည်း နားလည်ပြီး 'မှန်ပါသည် အရှင်ဘုရား' ဟု ဖြေလိုက်မှန်း မသိပါ။ မသိ ဆိုသည်မှာ အကျွန်ုပ် မသိသည်ကိုသာ ဆိုခြင်းဖြစ်၏။ သူ့မှာမူ သူ့ အဓိပ္ပာယ်နှင့် သူ ရှိပေလိမ့်မည်။ ယခု အချိန်သည် သူ့အဖို့ အမှန်တကယ်ပင် အနှောင်အဖွဲ့ ကင်းစွာ စိတ်ရော ကိုယ်ပါ လွတ်လပ်မှု ရှိသော အခိုက်အတန့် ကာလ တစ်ခု ဖြစ်နိုင်ပေသည်။

လူ့ဘောင်မှ ဝတ်ကြောင်ကို စွန့်လိုက်သည်မှ စ၍ မစ္စတာ ကီတာတာနီ အဖို့ ကုလသမဂ္ဂ၏ ကြီးမားသော အလုပ် တာဝန် ဆိုသည့် ဝန်ထုပ်ကြီးကိုလည်း ပစ်ချလိုက်ပြီပဲ။ စီးပွားရေး လူမှုရေး တာဝန်၊ အိမ်ထောင် တာဝန် စသော လူ့တာဝန် လူ့ကိစ္စတွေကိုလည်း လျစ်လျူရှုလိုက်ပြီးပြီပဲ။ သူ၏ လွတ်မြောက်ခြင်းကိုသာ အခါခပ်သိမ်း လိုလားတောင့်တသော စိတ်ကြောင့်လား မသိ၊ မစ္စတာ ကီတာတာနီသည် အလုပ်မှ ခွင့်ရသည့် အခါတိုင်း ဘဝ၏ ချမ်းမြေ့ဖွယ် တရားများ၊ ဘဝ၏ လွတ်မြောက်ဖွယ် တရားများ တည်ရှိရာ ချမ်းမြေ့ ရိပ်သာ ဝိပဿနာ တရားစခန်းသို့သာ လျင်မြန်စွာ ရောက်လာတတ်လေသည်။ တရားခွင်သို့ ရောက်သော အခါတိုင်းလည်း သူသည် နှောင်ဖွဲ့ခြင်း တရားများနှင့် ရှုပ်ထွေးပွေလီသော လူဝတ်ကြောင်ကို စွန့်လျက် ဘိက္ခု အသွင်ကို ဆောင်ယူတတ်လေသည်။ သမုစ္ဆေဒပ ဟန်ဖြင့် ကိလေသာတို့မှ အကြွင်းမဲ့ အပြီးသတ် ပယ်ဖြတ်ပြီး လွတ်မြောက်ပြီး မဖြစ်သေးမီ ဤတဒင်္ဂပဟာန်ဝယ် ခေတ္တ ခဏမျှ လွတ်မြောက်သူ ဖြစ်ရသော်လည်း ထိုလွတ်မြောက်ခြင်း၏ အတုမဲ့ ရသကို မစ္စတာ ကီတာတာနီ ခံစားဖူးပြီပဲ။

အမှန်မှာတော့ ရဟန်း ဖြစ်ရခြင်း၏ ထူးခြား လေးနက်သော အခြင်းအရာသည် လွတ်မြောက်ခြင်းနှင့် ဘဝ အဆင့် မြင့်ခြင်း အနက် အဓိပ္ပာယ်များကို ထူးကဲစွာ ဆောင်ယူထားကြောင်းကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူဖူးပါသည်။

လွန်လေပြီးသော အနှစ် နှစ်ထောင့်ငါးရာကျော် ကာလ၏ ဆိတ်ငြိမ်သော ညဉ့်ဦးပိုင်း တစ်ချိန်မှာ ဖြစ်ပါသည်။ ထိုညသည် လမင်း ထိန်ထိန်

http://www.dhammadownload.com



သာသော တန်ဆောင်မုန်း လပြည့်ည ဖြစ်ပါသည်။

ဝေဒေဟီ မိဖုရား၏ သား မဂဓတိုင်း၏ အရှင်ဘုရင် အဇာတသတ်သည် အဖကို သတ်မိသော အပြစ် (ဒုစရိုက်) ကြောင့် စိတ်လက် မရွှင်သည့် ကာလ ဖြစ်၏။ တန်ဆောင်မုန်း လပြည့်ဝန်း၏ လှပသော အဆင်းက သူ့အား တရား ဓမ္မဆီသို့ ဆွဲငင် ခေါ်ယူသွားလေသည်။

'ယနေ့ အဘယ် သာမဏေ ဗြာဟ္မဏကို ငါတို့ ဆည်းကပ်ရပါအံ့နည်း၊ အဘယ် သမဏ ဗြာဟ္မဏကို ဆည်းကပ်လျှင် ငါ၏ စိတ်သည် ကြည်လင်ပါအံ့နည်း' *

ဤတွင် မှူးမတ် အများက အမျိုးမျိုးသော တိတ္ထိ ဆရာကြီးများထံသို့ ချဉ်းကပ်သင့်ကြောင်းကို အကြံ ပေးကြလေသည်။ မင်းကြီး သဘောမကျမနှစ်သက်ရကား ဆိတ်ဆိတ်သာ နေတော်မူလေသည်။ နောက်ဆုံး၌ အဘယမင်းသား၏ မွေးစားသား ဖြစ်သူ သမားတော်ကြီး ဇီဝကက ဗုဒ္ဓ မြတ်စွာဘုရားသည် သူ လှူဒါန်းသော ဥယျာဉ်ဝယ် သီတင်းသုံးတော်မူလျက် ရှိကြောင်း၊ ထိုမြတ်စွာဘုရားသည် အရှင်မင်းကြီး၏ စိတ်ကို ငြိမ်းအေးစေလိမ့်မည် ဖြစ်ကြောင်းကို ကြားလျှောက်လေသည်။

မင်းကြီးလည်း ဇီဝက၏ လျှောက်ထားချက်ကို နှစ်သက်တော်မူသည် ဖြစ်၍ မြတ်စွာဘုရား သီတင်း သုံးတော်မူရာ သရက် ဥယျာဉ်တော်သို့ အခမ်းအနားဖြင့် ကြွသွားလေသည်။ မြတ်စွာဘုရားကို ဖူးရသော အခါ အဇာတသတ် မင်းလည်း သူ့ ရင်ထဲတွင် ကာလ ကြာမြင့်စွာကပင် လိပ်ခဲတည်းလည်း ဖြစ်လျက် တည်ရှိခဲ့သော အမေး ပုစ္ဆာကို မေးလိုသော စိတ်အကြံ ဖြစ်လေသည်။ မင်းကြီးသည် မြတ်စွာဘုရားအား မိမိ ရင်ထဲက မေးခွန်း ဖြစ်သော 'မျက်မှောက် ဘဝ၌ ရအပ်သော ရဟန်း ဖြစ်ရကျိုး' ကို တခြားသော ဆရာကြီးများထံမှာ မေးမြန်းခဲ့ဖူးကြောင်းကို ဦးစွာ ပြောဆိုလျှောက်ထားပြီးလျှင် 'အရှင်ဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်း မေးပါ၏၊ အရှင်ဘုရား ဤလောက၌ များစွာသော အတတ်တို့သည် ရှိပါ၏၊ ထိုအတတ်တို့သည် မျက်မှောက် ဘဝ၌ပင် ယင်းတို့ကို အမှီပြု၍

---

*ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ် ၂၊ သာမည ဖလသုတ်

http://www.dhammadownload.com



အသက်မွေးသူတို့ကို အကျိုးပြုကြပါသည်၊ မျက်မှောက် ဘဝဝယ် ကိုယ်တိုင် သိမြင်ရသော အတတ်ပညာ၏ အကျိုးကို မှီ၍လည်း သူတို့မှာ ချမ်းသာကြရပါကုန်သည်၊ ထိုအတတ်တို့သည် မိမိကိုသာမက သားမယားကိုလည်း ပြည့်ဖြိုးစေပါကုန်သည်၊ (ဤအတတ်တို့၏ အကျိုး) နှင့် တူစွာ မျက်မှောက်ဘဝတွင် ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ရကျိုးကို ပြနိုင်ပါသလား အရှင်ဘုရား'

အဇာတသတ်မင်း၏ ဤမေးခွန်းကား ရဲတင်းသော မေးခွန်း ဖြစ်၏။ ရိုးသားသော မေးခွန်းဟုလည်း ဆိုနိုင်၏။ အမှန်အားဖြင့် ထိုမင်း၏ စိတ်ထဲတွင် ရုပ်ဝါဒ ဆန်သော အတွေးမျိုး ရှိပေလိမ့်မည်။ လောကမှာ လုပ်ငန်း ခွဲဝေမှု စနစ် *(System of the Division of Labour)* အရ လူတိုင်း အတတ် ကိုယ်စီဖြင့် အသက်မွေးမှု အလုပ်ကို လုပ်ကြရသည်။ လူတိုင်းမှာလည်း ထိုလုပ်ငန်း တာဝန် အလျောက် ထိုက်သင့်စွာ မျက်မှောက် အကျိုးကို ခံစားကြရသည်။ အဇာတသတ် မင်း၏ စိတ်တွင် ရဟန်းသည် ဘာအလုပ်မှ လုပ်ကိုင် မစားသော လူတန်းစားဟု တွေ့မြင်နေခြင်း ဖြစ်တန်ရာသည်။ ထို့ကြောင့် မြတ်စွာဘုရားအား 'အရှင်ဘုရား ရဟန်းပြုခြင်းဖြင့် ဤဘဝ၌ မျက်မှောက် ရအပ်သော အကျိုး ဘာရှိသလဲ ဘုရား' ဟု တဲ့တိုး မေးခြင်း ဖြစ်ပေလိမ့်မည်။

အကျွန်ုပ်၏ စိတ်ထဲတွင် ထိုမေးခွန်းကို မေးမြန်းနေသော အဇာတသတ်မင်းကိုသာမက အဇာတသတ်မင်းနှင့် တူသော ယခုခေတ် အနောက်တိုင်း အရှေ့တိုင်းမှ လူများစွာကိုပါ မြင်ယောင်နေမိပါသည်။ 'ရဟန်းအလုပ်ကို လောကီ အကျိုး မရှိ' ဟု မြင်နေကြသူများတွင် ရူပ သိပ္ပံပညာကိုသာ အမှန် အဟုတ်ဟု ယူဆ နေသူများလည်း ပါလိမ့်မည်။ လူ့ဘဝကို စီးပွားရေး အဆောက်အအုံကသာ အလုံးစုံ ပြုပြင် ဖန်တီးနေသည်ဟု ယုံကြည် ယူဆနေသူတွေလည်း ပါလိမ့်မည်။ ခြုံ၍ ပြောရလျှင် ရုပ်တရားများကိုသာ အတ္တဟု ထင်မှတ်နေကြကုန်သော သက္ကာယ ဒိဋ္ဌိသမားတွေ။ အဇာတသတ်မင်းအား မြတ်စွာဘုရား ဖြေကြားသော အဖြေသည် ထိုသူအားလုံး အတွက် ရထိုက်သော အဖြေ ဖြစ်သင့်ပါ၏။ အဘယ်ကြောင့် ဆိုသော် လူတန်းစား ခွဲခြားမှုကို အသိအမှတ် ပြုထားသော လူ့ အဖွဲ့အစည်း

http://www.dhammadownload.com



ထဲတွင် 'အမှု အလုပ် ကျွန်ယောက်ျား' တစ်ယောက်ပင် ဖြစ်စေကာမူ ထိုသူသည် 'ရဟန်း အဖြစ်' သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုသူသည် ကျွန်စနစ်ဆိုး အောက်က လွတ်မြောက်ပြီး ဖြစ်တော့သည်။ လူ့ဘဝတွင် 'ကျွန်ယောက်ျားသည် ရဟန်း ဖြစ်သည်မှ နောက်၌ သူ့ကို ကျွန်အဖြစ် သတ်မှတ်နိုင်သော အာဏာရှင်သည် ဤလောက၌ မရှိတော့ချေ၊ ရဟန်း အဖြစ်သည် ဖိနှိပ် ချုပ်ချယ်ခြင်း စနစ် ရှိသော အကြင် လူ့ဘောင် အဖွဲ့ အစည်းထဲမှာပင် လူတစ်ဦးအား ထိုစနစ်ဆိုးမှ လွတ်မြောက်ခွင့် ချမ်းသာ (မျက်မှောက် အကျိုး) ကို မုချ ပေးနိုင်ကြောင်း' အဇာတသတ်မင်းအား မြတ်စွာဘုရားက ရှင်းပြတော်မူလေသည်။

ဤကား ကျွန်ပိုင်ရှင် စနစ်လို လူမှု စနစ်ဆိုးအောက်မှာပင် ဖြစ်ပါစေ၊ ရဟန်း အဖြစ်သို့ ရောက်ပြီးသော လူပုဂ္ဂိုလ်သည် မည်သည့် ဥပဒေဖြင့်မျှ အချုပ်အနှောင် မပြုနိုင်သော 'လူမှု လွတ်မြောက်ခွင့်' အကျိုးထူးကို ခံစားခွင့် ရှိသည်။

ဒုတိယ အကျိုးကား လူ့ဘဝတွင် မည်သည့် အသက်မွေးမှု လုပ်ငန်း ကိုပင် လုပ်သူ ဖြစ်ပါစေ၊ ထိုသူသည် ထိုက်သင့်သော အခွန်အတုတ်ကို ထမ်းဆောင်ရမည်သာ ဖြစ်၏။ လယ်ခွန်၊ မြေခွန်၊ အိမ်ခွန်၊ ဝင်ငွေခွန်၊ အမြတ်ခွန်၊ အကောက်ခွန်။ အခွန်ကား မျိုးစုံလှ၏။ ရဟန်း ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် လူ့ဘောင်၌ စည်းကြပ်သော အဆိုပါ အခွန်အတုတ်တို့မှ လွတ်မြောက်ခွင့်ကို မျက်မှောက် ရရှိနိုင်၏။ မြတ်စွာဘုရားသည် အဇာ တသတ်မင်းအား ထူးခြားသော ရဟန်း၏ လွတ်မြောက်ခွင့် မျက်မှောက် အကျိုးကို ပြပြန်လေသည်။

ထိုမှတစ်ပါးလည်း ရဟန်း အဖြစ်ဝယ် သာ၍ မွန်မြတ်သော အကျိုး ထူးများလည်း ရှိသေး၏။ ထိုမွန်မြတ်သော အခြင်းအရာကို သိလွယ် မြင်လွယ်အောင် မြတ်စွာဘုရားသည် အဇာတသတ်မင်းအား ဟောကြားတော် မူပြန်လေ၏။ လူ့ဘောင်၌ နေသူသည် မြတ်သော အကျင့်ကို စင်စစ် ပြည့်စုံစွာ ခရုသင်းပွတ်သစ်နှင့် တူစွာ ကျင့်ခြင်းငှာ မလွယ်။ ထိုမြတ်သော အကျင့် စရဏကို အကြင်သူသည် ကောင်းစွာ ဆောက်တည် ပြည့်စုံ စေလျက် စင်ကြယ်စွာ အသက် မွေးလိုသော် လူ့ဘောင်မှ ရဟန်း ဘောင်သို့

http://www.dhammadownload.com



ရောက်မှသာ ပြည့်စုံစွာ ကျင့်ကြံ အားထုတ်နိုင်လေသည်။ ထိုသဘောကို မစ္စတာ ကီတာတာနီသည် ကိုယ်တွေ့ သိသူ ဖြစ်ပေလိမ့်မည်။

ကြည်ညိုဖွယ် အဆင်း ရှိသော ဂျပန် ရဟန်းတော်၏ အသွင် သဏ္ဌာန်ဝယ် အကျွန်ုပ်သည် ရဟန်း ပြုခြင်း၏ မြတ်သော အခြင်းအရာ များကို ရှာဖွေနေမိလေသည်။

'လူ့ဘောင်၌ နေသော သူသည် မြတ်သော အကျင့်ကို ပြည့်စုံစွာ စင်ကြယ်စွာ ခရုသင်းပွတ်နှင့် တူစွာ ကျင့်ခြင်းငှာ မလွယ်' ဆိုသော စကား၏ အတိမ်အနက်ကိုလည်း အကျွန်ုပ်သည် ရှည်လျားသော အတွေး စဉ်ဝယ် နှိုင်းထောက် ဆင်ခြင်နေမိလေသည်။

'အဘယ်ကြောင့် လူ့ဘောင်၌ နေသူသည် မြတ်သော အကျင့်ကို ပြည့်စုံစွာ စင်ကြယ်စွာ ခရုသင်းပွတ်နှင့် တူစွာ ကျင့်ရန် မလွယ်သနည်း'

အကျွန်ုပ်သည် ဤသို့လျှင် ပုစ္ဆာကို ဖွေရှာပြန်သည်။ အဖြေကား ရှည်ဝေးသည် မဟုတ်။ တိုသည်။ ရှင်းသည်။ သိလွယ်ယောင်နှင့် နက်နဲ သည်။ တကယ်တော့ လူ့ဘောင်သည် လွတ်လပ်သော အခြင်းအရာ မရှိ။ မလွတ်လပ်။ ဒါပဲ ဖြစ်သည်။ ရဟန်း အဖြစ်သည်သာ လွတ်လပ်ခြင်း အခြင်းအရာဖြင့် လူ့ဘဝထက် သာလွန် မြင့်မြတ်သည် ဆိုသော ဘဝ၏ အနက် အဓိပ္ပာယ် တစ်စုံတစ်ခုကိုလည်း အကျွန်ုပ် ရှုမြင်မိလေသည်။

စိတ်အစဉ်ဝယ် လွတ်လပ်ခြင်း၏ အနက် အဓိပ္ပာယ်သည် ပိုမို စိတ်ဝင်စားဖွယ် ကောင်းလာသည်။ မြတ်စွာဘုရားက 'လူ့ဘောင်၌ နေရခြင်း သည် ကျဉ်းမြောင်း၏၊ (ကိလေသာ) မြူထရာ လမ်းကြောင်း ဖြစ်၏၊ ရဟန်း အဖြစ်သည် လွင်ပြင်နှင့် တူသည်' ဟု ဟောကြားတော်မူဖူးသည် ကိုလည်း အကျွန်ုပ်သည် သတိရလျက် နေလေသည်။

ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လာသောသူ ပုဂ္ဂိုလ်၏ ထူးမြတ် သော အခြင်းအရာကို လောကီ အာရုံ ကာမဂုဏ် တရားများကိုသာ ဘဝ၏ အဆုံး၊ ဘဝ၏ တန်ဖိုး၊ ဘဝ၏ အနက် အဓိပ္ပာယ်ဟု မှတ်ယူ ထားသော ယနေ့ မျက်မှောက်တွင် တိုးတက် ကြီးပွားလျက် ရှိသည့် နိုင်ငံကြီးသားတို့သည် သဘောပေါက်လွယ်ပါသလား။ စွန့်ပယ်ခြင်းဖြင့်

http://www.dhammadownload.com



ချမ်းသာသောနည်း *(Pleasure of the renunciative way of life)* ကို အမေရိကန်လို ဂျပန်လို ပစ္စည်း ချမ်းသာ၌ တပ်ငြိ တွယ်ကပ်နေသော နိုင်ငံသား တစ်ဦးသည် သိနားလည်ဖို့ လွယ်ကူပါမည်လား။ တိုးတက်ကြီးပွားနေသည်ဟု အထင်ကြီးခြင်း ရှိသော နိုင်ငံကြီးသားများအား ထိုတရားကို ဘဝင်ကျသွားအောင် ပြောဆိုဖို့ လွယ်ပါမည်လား။ သူတို့ စိတ်ထဲတွင် လောကီ အာရုံ ကာမဂုဏ် တရားများကို စွန့်ပြီး အနှောင်အဖွဲ့များမှ ရုန်းထွက်ခြင်းကို ဆုံးရှုံးခြင်းဟု မထင်ဘဲ နေပါမည်လား။ ထေရဝါဒ ဗုဒ္ဓဘာသာ တရားတော်၏ လေးနက် ခိုင်ခံ့သော ကျင့်စဉ်သည် စွန့်ခြင်းတရား၌ တည်သည် ဟူသော အချက်ကို အကျွန်ုပ်သည် ကာလ အတန်ကြာကပင် သဘောပေါက်၍ နေမိလေသည်။

ထိုစွန့်ခြင်းသည် ဘဝ၏ ဆုံးရှုံးခြင်း မဟုတ်၊ ဘဝ၏ တိုးပွားခြင်း၊ ဘဝ၏ မြင့်တက်ခြင်းသာ ဖြစ်သည် ဟူသော ဘဝ၏ လျှို့ဝှက်သော သော့ချက်ကိုပါ အကျွန်ုပ် နားလည်ခဲ့ပါသည်။ အကျွန်ုပ် အဖို့မူ ပါရမီ ဟူသော ပြီးပြည့်စုံခြင်း တရား ဆယ်ပါးသည်ပင် စွန့်ခြင်း ဒသနၵ် ထည့်ထားသည်ဟု ရှုမြင် နားလည်ထားခဲ့ပါသည်။ ဒါနသည် စွန့်ခြင်း ဖြစ်ပါသည်။ သီလသည် စွန့်ခြင်း ဖြစ်ပါသည်။ ခန္တီသည် စွန့်ခြင်း ဖြစ်ပါသည်။ မေတ္တာသည် စွန့်ခြင်း ဖြစ်ပါသည်။ နိက္ခမသည် စွန့်ခြင်း ဖြစ်ပါသည်။ ထိုသဘောတို့၏ အကျယ်အပွားကို မဆိုသေးမီ ဗုဒ္ဓဘာသာ တရားတော်များ၏ အစ မူလသည်ပင် စွန့်ခြင်း၌ တည်ရှိခဲ့ပါသည်။ ဤတရားဝယ် ဗုဒ္ဓသည် ပထမဆုံး စွန့်ခဲ့သော အရာမှာ 'အာဏာ' ဖြစ်ပါသည်။ ဗုဒ္ဓ မြတ်စွာဘုရားသည် စကြဝတေးမင်း၏ အချုပ်အခြာ အာဏာကို ဦးစွာ စွန့်လျက် လောကီ အာရုံ ကာမဂုဏ် အနှောင်အဖွဲ့မှ ဝေးရာ တောထွက်ခြင်းဖြင့် ဗုဒ္ဓ သာသနာကို စတင်ခဲ့သည်ကိုလည်း အကျွန်ုပ် ကောင်းစွာ နှလုံးသွင်းလျက် နေခဲ့ပါသည်။

ယခုလည်း ကုလသမဂ္ဂ ဌာနေ ကိုယ်စားလှယ်တော်ကြီး ဟူသော ရာထူး ဌာနန္တရ အခွင့် အာဏာတို့ကို တဒင်္ဂအားဖြင့် မစ္စတာ ကီတာတာ နီသည် စွန့်ခွာခဲ့ပြီ မဟုတ်လား။ နိုင်ငံကြီးသားတို့တွင် စွန့်ခြင်း၏ လေးနက် ခိုင်ခံ့သော ဘဝ အဓိပ္ပာယ်ကို အကျွန်ုပ်သည် မချီးမွမ်းဘဲ မနေနိုင်ပါ။

http://www.dhammadownload.com



သူ၏ ထူးခြားသော အခြင်းအရာနှင့် ပြင်းထန်သော စိတ်ဆန္ဒများကို အသိအမှတ် မပြုဘဲလည်း မနေနိုင်ပါ။ သူသည် ယခုအခါ ထေရဝါဒ ဗုဒ္ဓဘာသာ ကမ္ဘာပေါ်မှာ ပြန့်ပွားရေး အတွက် အခိုင်ခံ့ဆုံးသော သက်သေ သာဓကကြီး တစ်ခု ဖြစ်လျက် နေပြီပဲ။

သူသည် စွန့်ခြင်းဖြင့် ဘဝ အဆင့်မြင့်ကို ဖန်တီးနိုင်သည် ဆိုသော 'ဘဝ သမ္ပတ္တိ ကျင့်စဉ်' *(Ascensionism)* ၏ လျှို့ဝှက်ချက်ကို ကောင်းစွာ သဘောပေါက်နေပြီ ဖြစ်ကြောင်းမှာ ထင်ရှားပါသည်။ တရားတော်ကို တစ်စုံတစ်ခုသော အကျိုး ရလဒ် ထင်ရှားအောင် ကျင့်ကြံ အားထုတ်မည် ဆိုလျှင် ထိုသူသည် လူဝတ်ကြောင်ဖြင့် ကျင့်ကြံခြင်းထက် ရဟန်း အဖြစ်ကို ခံယူခြင်းဖြင့် ကျင့်ကြံခြင်းသည်သာ အမြတ်ဆုံး ဟူသော အချက်ကို နောင်လူတို့ သိရှိ နားလည်နိုင်စေရန် ဤ ဂျပန် ဒုလ္လဘ ရဟန်းတော်သည် နမူနာ စံပြ ဖြစ်ခဲ့ပါပြီ။

ဖန်ရည် စွန်းသော အဝတ်ဖြင့် တင့်တယ် ကြည်ညိုဖွယ် အဆင်း ရှိသော ဂျပန် ရဟန်းတော် ဦးပညာနန္ဒကို စူးစူးစိုက်စိုက် ကြည့်လေ ထူးခြားစွာ၊ ပြောင်းလဲကြီး ပြောင်းလဲစွာ ဖြစ်ပေါ်နေသော သူ၏ အဇ္ဈတ္တ သန္တာန်ကိုပါ ထွင်းဖောက် ရှုမြင်၍ နားလည်နေမိလေသည်။

သူသည် အန္ဓ ပုထုဇဉ်နှင့် မတူတော့ချေ။ သူသည် အနည်းငယ် မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ ရှိနေပြီပဲ။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်သော အကျင့်ကို ကျင့်ရန် အားထုတ်နေပြီပဲ။ သီလနှင့် ပြည့်စုံခြင်း အဖြစ်သို့လည်း ရောက်တော့မည်ပဲ။ ဣန္ဒြေတို့၌လည်း ပိတ်ဆို့သော တံခါး ရှိတော့မည်ပဲ။ စားဖွယ် အတိုင်းအရှည်ကို သိခြင်း၊ အောက်မေ့သော သတိ ရှိခြင်း၊ ဆင်ခြင်သော သမ္ပဇဉ်နှင့် ပြည့်စုံခြင်း၊ ရောင့်ရဲလွယ်ခြင်း စသော မြတ်သော ဘဝ၏ အခြင်းအရာ ဂုဏ်အင်္ဂါတို့သည်လည်း ဤပုဂ္ဂိုလ်ထံပါးသို့ ရောက်လာကြတော့မည်ပဲကိုး။

သူသည် ဤမြတ်သော ရဟန်းဘောင်သို့ ရောက်သည့် ဤအခါ ကာလမှ စ၍ ရဟန်း သိက္ခာပုဒ်တော်ကို ဦးထိပ်မှာ တင်ထားသမျှတော့ သူ့ အသက်ကို သတ်ခြင်းမှလည်း စွန့်ပြီးလေပြီ။ တုတ် ဓား လက်နက် တို့ကိုလည်း ချထားပြီးလေပြီ။ သူ၏ အဖို့ ရှက်ခြင်းသည်လျှင် ပဓာန

http://www.dhammadownload.com



ကိုယ့်စောင့်တရား ရှိလေပြီ။ သူ့ နှလုံးသားသည် သနား ကြင်နာခြင်း၌ တည်လေပြီ။ ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုး စီးပွားကို လိုလားသော စိတ်ကောင်း စိတ်မြတ်သည် သူ့ နှလုံးသားကို ထုံလွှမ်းလေပြီ။ မပေးသော ပစ္စည်းကို ယူလိုသော စိတ်ယုတ် စိတ်ညံ့မျိုးသည် သူ့ကိုယ်သို့ လုံးလုံး မကပ်ငြိပြီ။ ခိုးဝှက်ခြင်း ဟူသော ယုတ်ညံ့သည့် စွပ်စွဲခြင်းမျိုးလည်း သူ့ ထံသို့ မရောက်တော့ပြီ။ ယခု ကာလသည် သူ့အဖို့ ရှာသူတို့၏ ဓလေ့ အကျင့် ဖြစ်သော မေထုန် အကျင့်မှလည်း ကင်းလွတ်ပြီး ဖြစ်လေပြီ။ ရဟန်း ဖြစ်သည်က စ၍ သူ၏ နှုတ်ဖျားမှ မမှန်သော မုသား စကားကို တစ်ရံတစ်ဆစ် မကြားရပြီ။ သူ့ စကား အားလုံးသည် တည်သော စကား ဖြစ်ကြပြီ။ ယုံထိုက်သော စကားတွေ ဖြစ်သွားကြပြီ။ ယခုအခါ သူသည် လောကကို လှည့်စားသူ လုံးလုံး မဟုတ်တော့။ ညီညွတ်သူတို့ကို ကွဲပြား ခြားနားစေသော ကုန်းစကားလည်း သူ့ နှုတ်ဖျားဝယ် ကင်းလေပြီ။ ကွဲပြား သူကို စေ့စပ်သော စကား၊ ညီညွတ်သူကို အားပေးသော စကား၊ ညီညွတ် ခြင်း၌ မွေ့လျော်သော စကား၊ ညီညွတ်ခြင်း၌ ပျော်ပိုက်သော စကား၊ ညီညွတ်ခြင်း၌ နှစ်ခြိုက်သော စကား၊ ညီညွတ်ခြင်းကို ပြုသော စကားတို့ကို သာ သူ ဆိုတတ်ပြီ။ သူ့ နှုတ်ဖျားမှ ယခုအခါ ထွက်ကျလာသော စကားလုံးတိုင်းသည် အပြစ် ကင်း၍ နားချမ်းသာစေပါသည်။ နှစ်လိုဖွယ် စကားတွေ ဖြစ်ပါပြီ။ ယဉ်ကျေး၍ လူအများ နှစ်သက်ကြပါပြီ။ ယခုအခါမှ စ၍ သိမ်ဖျင်းသော စကားလုံးများ သူ့ နှုတ်ဖျားမှာ မရှိတော့။ သူ့ထံမှ ဟုတ်သော စကား၊ မှန်သော စကား၊ အကျိုးနှင့် စပ်သော စကား၊ တရားနှင့် စပ်သော စကား၊ အဆုံးအမနှင့် စပ်သော စကားတို့ကိုသာ ကြားရပေတော့မည်။

သူသည် ဆွမ်းကိုပင် တစ်ထပ်တည်းသာ စားခြင်းဖြင့် အစာ၏ နှောင်ဖွဲ့ခြင်းမှ သက်သာရာ ရပြီ။ သီဆို တီးမှုတ် ကခုန်ခြင်း စသော ပျော်လွင့်မှု အပေါင်းမှလည်း ဆိတ်ကွယ်ရာ ရပြီ။ မြင့်သော နေရာ မြတ်သော နေရာ ရွှေ ငွေတို့မှ ရှောင်ရှားနိုင်သော ငြိတွယ်ခြင်း ကင်းသည့် နှိမ့်ချသော စိတ်ကိုလည်း ရရှိပြီ။ သူသည် ရှောင်ကြဉ်ခြင်း ဟူသော စွန့်ခြင်း အကျင့် မြတ်ကို အခါမလပ် ကျင့်သုံး နေထိုင်တတ်ပေတော့မည်။

http://www.dhammadownload.com



လွှတ်လပ်ခြင်း ထူးမြတ်ခြင်း အပေါင်းနှင့် ပြည့်စုံသော ဥပသမ္ပဒါကံ ဆောင် ရဟန်းဘောင်သို့ တက်လှမ်းလာပြီ ဖြစ်သော ရဟန်းလောင်း နာဂ၏ မျက်နှာပေါ်မှာ စွန့်ခြင်း လက္ခဏာနှင့် စွန့်ခြင်းကြောင့် ဖြစ်သော စွမ်းအင် *(Energy produced by renunciation)* သတ္တိတို့ ဖြစ်ပေါ်နေသည်ဟု အကျွန်ုပ် စိတ်မှာ ထင်နေလေသည်။

အသင့် စောင့်ဆိုင်းနေကြသော ချမ်းမြေ့ ဆရာတော် အမှူးပြုသော ရဟန်းတော်များသည် အနုသာသနဆရာနှင့် အတူ ပြန်ကာ ရဟန်းဘောင်သို့ ဝင်လာသော ရဟန်းလောင်း နာဂအား ဥတ်ကမ္မဝါ (သံဃာကို သိစေခြင်း) ဖြင့် ရဟန်းဘောင်တွင် သိမှတ်ခြင်းကို ပြုကြလေသည်။

ဝါတော် ကြီးမြင့်သော သံဃာတော်များ၏ တစ်ပြိုင်နက် ရွတ်ဆိုသော ကမ္မဝါစာသံသည် ချမ်းမြေ့ ရိပ်သာ ဓမ္မာရုံ သိမ်တော်ကြီး၏ ကျယ်ဝန်းသော ခန်းမကို လွှမ်းမိုးလေသည်။

'သုဏာတု မေ ဘန္တေ သံဃော အယံ နာဂေါ အာယသမတော တိဿဿ ဥပသမ္ပဒါ ပေက္ခော ယဒိ သံဃဿ ပတ္တကလ္လံ အယံ နာဂ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျ'

ယခု အချိန်အခါသည် သင် ရဟန်းလောင်း နာဂအား ပုစ္ဆာများ မေးရမည့် အချိန်အခါ ဖြစ်သည် ဆိုသော ကမ္မဝါ၏ အဆုံးဝယ် ထုံးစံ နည်းလမ်း ရှိသည်နှင့် အညီ မေးမြန်း စုံစမ်းကြလေသည်။ ဂျပန် ရဟန်းတော် ကလည်း အနုသာသန ဆရာတော် ဆိုဆုံးမ၍ ညွှန်ကြားထားသည့် အတိုင်း မကွယ်မထောင့် ဖြောင့်ဖြောင့် မတ်မတ် ဖြေဆိုခြင်း အမှုကို ပြုပြီးလေပြီ။

ထိုအခါ ဥပဇ္ဈာယ် ဆရာသည် ရဟန်းလောင်း နာဂအား ထေရဝါဒ သာသနာ အဆုံးအမဝယ် ထူးခြားသော အခြင်းအရာ ရှိသည့် ဝိနည်း သိက္ခာပုဒ်တော်များ၏ အနက် အဓိပ္ပာယ်ကို ဂျပန် ရဟန်းတော် အကျယ် သိစိမ့်သောငှာ ရည်ရွယ်တော်မူ၍ တစ်ခုချင်းကို ရှင်းလင်း၍ မိန့်ဆိုတော် မူပါသည်။

သာမန် ရဟန်းခံ အခမ်းအနားများတွင် ဥပဇ္ဈာယ် ဆရာသည် ဝိနည်းနှင့် စပ်သော အဆုံးအမ စကားကို ဆိုသောအခါ အထူးသဖြင့် ပါရာဇိကံ အာပတ်ကိုသာ အလေးထား၍ ဆိုတတ်သည်ကို အကျွန်ုပ်

http://www.dhammadownload.com



သတိထားခဲ့မိပါသည်။ ယခု တစ်ကြိမ်တွင်မူ ချမ်းမြေ့ ဆရာတော်သည် ပါရာဇိကံကိုသာမက သံဃာဒိသေသ အာပတ်၏ အကျယ်ကိုပါ ဟောကြားတော်မူလျက် ရှိလေသည်။ ဆရာတော်၏ မနောတွင် ဂျပန် ရဟန်းတော်အား ထေရဝါဒ သာသနာတွင် ဝိနည်း သိက္ခာပုဒ်တို့သည် အရေးပါကြောင်းကို သတိမူမိစေလို၍ပေလား။ အကျွန်ုပ် စဉ်းစားနေမိပြန်ပါသည်။ ဤဝိနည်း သိက္ခာပုဒ်များသည်ပင် မဟာယာနနှင့် ထေရဝါဒတို့ သိသိသာသာ ထင်ထင်ရှားရှား ဖြစ်ပေါ်လာသော ကွဲပြား ခြားနားချက်များ မဟုတ်ပါလော။ မဟာယာနတို့သည် ဝိနည်းကို ပစ်ပယ်ခဲ့ကြပြီးလေပြီ။ ပါရာဇိကံ သိက္ခာပုဒ်တွင် အဓိကထား၍ ပညတ် တားမြစ်ထားသော အ သံဝါသော၊ ရဟန်းလောင်း ဟူသမျှတို့ အတူတကွ ပေါင်းသင်းခြင်း အမှုကို မပြုရတော့သော၊ သာသနာ့ဘောင်မှ အပြီးတိုင် လျှောကျ ဆုံးရှုံးခြင်းကို ဖြစ်စေသော ပထမ ပါရာဇိကံသည် မေထုန် မှီဝဲခြင်းပင် ဖြစ်သည်။ ယခုအခါ ကမ္ဘာပေါ်မှာ မဟာယာန ရဟန်းများသည် အိမ်ထောင်မှု ပြုလျက် မေထုန်ကို မှီဝဲလျက် နေကြပါသည်။ ဂျပန် ရဟန်းတော်သည် မဟာယာန ဗုဒ္ဓဘာသာ ထွန်းကားရာ ဂျပန် နိုင်ငံမှ လာသူ ဖြစ်လေသည်။ အနောက် နိုင်ငံများတွင် အနေကြာစဉ်ကလည်း ထိုပုဂ္ဂိုလ်သည် မိန်းမများနှင့် ဆက်ဆံ ပေါင်းသင်းခြင်း၊ သားမွေးခြင်း အမှုကို ပြုနေကြသော ဝိနည်း သိက္ခာကင်းသော မဟာယာန ရဟန်းများကိုသာ တွေ့ကြုံ ဆက်ဆံ များခဲ့ပေလိမ့်မည်။ ချမ်းမြေ့ ဆရာတော်၏ စိတ်အစဉ်ဝယ် ပါရာဇိကံ သိက္ခာပုဒ် တစ်ချက်တည်းဖြင့်ပင် ထေရဝါဒ ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် တန်ဖိုးကို ထင်ရှား သိမြင်စေခြင်းပေလား။ ဆရာတော်သည် ပီသ ကြည်မြသော အင်္ဂလိပ် ဘာသာ စကားဖြင့် ဤသို့ မိန့်ဆိုတော်မူလေသည်။

*'1. Should a bhikku engage in any type of sexual intercourse with a female or male being even with an animal, it entails Parajika offence and he is no longer a bhikkhu.*

အကြင် ရဟန်းသည် လူမိန်းမနှင့် ဖြစ်စေ လူယောက်ျားချင်း ဖြစ်စေ သို့မဟုတ် တိရစ္ဆာန်မနှင့် ဖြစ်စေ သံဝါသမှုကို ပြုလုပ်လျှင် ထိုသူသည်

http://www.dhammadownload.com



ပါရာဇိကံ အာပတ်ကို ကျူးလွန်သည် ဖြစ်၍ သူသည် ရဟန်း အဖြစ်မှ ဆုံးရှုံးရကြောင်း၊ သာသနာတော်မှာ နောက်ထပ် တစ်ဖန် ရဟန်း အဖြစ်ကို ပြန်၍ မရနိုင်တော့ကြောင်းကို မိန့်ဆိုတော်မူပါသည်။

ထို့နောက် တစ်ဖန် ဒုတိယ ပါရာဇိကံ အာပတ်ကို မိန့်ဆိုတော်မူသော ချမ်းမြေ့ ဆရာတော်၏ အင်္ဂလိပ် ဘာသာဖြင့် ပြောဆိုသော အသံသည် အသံချဲ့စက်မှ တစ်ဆင့် ခန်းမဆောင်ကြီး တစ်ခုလုံးနှင့် ပရိသတ်ကြီး တစ်ခုလုံး၏ အပေါ်ဝယ် လွှမ်းမိုးနေပါသည်။

*'2. Should a bhikkhu intentionally steal or take what is not given, even a thing which is worth at least one fourth of a kyat or unit of currency officially used in a country, it entails Parajika offence and he is no longer a bhikkhu.*

အကြင် ရဟန်းသည် (တောမှသော် လည်းကောင်း ရွာမှသော် လည်းကောင်း) မပေးအပ်သော သူ့ ဥစ္စာကို ခိုးယူလိုသော စိတ်အကြံဖြင့် ယူအံ့၊ အကြင် အနည်းဆုံး တစ်ကျပ်၏ လေးပုံ တစ်ပုံ တစ်မတ်တန်လောက် သဘော ရှိသော မပေးအပ်သော ဥစ္စာကို ယူခြင်းကြောင့် ထိုရဟန်းသည် ပါရာဇိကံ ကျသည် ဖြစ်၏။

ဒုတိယ ပါရာဇိကံ အာပတ် သိက္ခာပုဒ်တော်ကို ကြားကာမျှဖြင့် ဤထေရဝါဒ သာသနာတော်၏ စင်ကြယ်သော အခြင်းအရာသည် ဂျပန် ရဟန်းတော်၏ ကြည်လင်သော စိတ်အစဉ်ဝယ် သိမြင် ထင်ရှားပြီး ဖြစ်ပါလိမ့်မည်။

ဆရာတော်ဘုရား၏ တတိယ ပါရာဇိက အာပတ်ကျပုံ သဘောကို မိန့်ကြားလျက် ရှိသော အသံကို ဆက်၍ ကြားနာနေရပါသည်။

*'3. Should a bhikkhu intentionally deprive a human being of his life or provide him with a lethal weapon for the purpose or encourage him to die, it entails Parajika offence and he is no longer a bhikkhu.*

အကြင် ရဟန်းသည် သိသော သညာနှင့် တကွ သေစေလိုသော

http://www.dhammadownload.com



စေတနာဖြင့် စေ့ဆော်၍ လူကိုယ်ကို ဇီဝိတိန္ဒြေမှ ခွင်းအံ့၊ အသက်ကို သေစေတတ်သော လက်နက်ကို ဆောင်ယူ၍ လူ၏ ကိုယ် (အနီး၌) ချထားသဖြင့် သေရခြင်း အကျိုးကို ထင်ရှား ဖြစ်စေအံ့၊ သေစေလိုသော စေတနာဖြင့်မူလည်း အားပေးအံ့၊ ထိုရဟန်းသည် ပါရာဇိကံ ကျ၏။

ဤပါရာဇိက သိက္ခာပုဒ်ကို ဟောကြား ညွှန်ပြတော်မူနေသော ဆရာတော်၏ အသံကို ကြားလျက် နေစဉ်ဝယ် အကျွန်ုပ်သည် လူတို့၏ ဖြစ်မှု ဥပဒေမှ လူသတ်မှုနှင့် ဆိုင်သော ပုဒ်မများကိုပါ သတိရနေပါသည်။ ဘယ်အခါ ဖြစ်မှု မြောက်သနည်း။ ဤကိစ္စသည် ဥပဒေ ကိစ္စ ဖြစ်၏။ ဤတွင် မြတ်စွာဘုရားက ပါရာဇိက တတိယ သိက္ခာပုဒ် အရ သေအောင် လုပ်နည်း လေးမျိုးကို ပြတော်မူပါသည်။

(၁) ကိုယ်တိုင် ဖြစ်စေ၊ ခိုင်း၍ ဖြစ်စေ သတ်ခြင်း (အနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ။)

(၂) သေချင်သူ အလွယ်တကူ ရအောင် လက်နက် ရှာ၍ ပို့ထားခြင်း (သတ္ထဟာရကံ ဝါဿ ပရိယေသေယျ။)

(၃) သေရခြင်း၌ အကျိုးရှိပုံကို ထင်ရှားပြခြင်း၊ ချီးမွမ်းခြင်း (မရဏ ဝဏ္ဏံဝါ သံဝဏ္ဏေယျ။)

(၄) သေဖို့ရာ နည်းပေး လမ်းညွှန် ပြ၍ သင်ပြခြင်း (မရဏာယဝါ သမာ ဒါပေယျ။)

ချုပ်၍ ဆိုသော် ကိုယ်တိုင် (လူကို) သတ်ခြင်း၊ အသတ်ခိုင်းခြင်း၊ လက်နက် ရှာပေးခြင်း၊ သေချင်လာအောင် ပြောဆို တိုက်တွန်းခြင်း၊ သတ်နည်း ပေးခြင်းကို လုံ့လ အားစိုက်ခြင်းသည် တတိယ ပါရာဇိကံ အာပတ် သင့်လေသည်။

ဆရာတော်၏ စတုတ္ထ ပါရာဇိက သိက္ခာပုဒ်တော်ကို ပညတ်သည့် အသံတော်ကို ကြားရပြန်သည်။

*'4. Should a bhikkhu who has not attained Jhana (higher concentration of mind, absorption, concentration), Magga (Path knowledge) and Phala (Fruition knowledge) suggest that he has attained one of them, it*

http://www.dhammadownload.com



*entails Parajika offence and he is no longer a bhikkhu.'*

အကြင် ရဟန်းသည် မိမိ၌ ဈာန် မဂ် ဖိုလ်ကို မရပါဘဲလျက် မိမိမှာ ထို ဈာန် မဂ် ဖိုလ် တစ်စုံတစ်ခုကို ရပြီး ရောက်ပြီး ဖြစ်လေဟန် ပြောဆိုအံ့၊ ထိုသို့ ပြောဆိုခြင်းသည် စတုတ္ထ ပါရာဇိကံ ကျလေသည်။

ဂျပန် ရဟန်းတော်သည် ထေရဝါဒ၏ စင်ကြယ်ခြင်း အနက်ကို ဤသိက္ခာပုဒ်ဖြင့်လည်း သိနိုင်သည် ဖြစ်၍ ဝမ်းသာ ကြည်နူးနိုင်ပါလိမ့်မည်။

ဤသာသနာတော်ဝယ် ရဟန်း၏ မြင့်သော အဖြစ်၊ မြတ်သော အဖြစ်၊ စွန့်ပြီးသော (ကြည်ပြီးသော) အဖြစ်၏ ထူးခြားသော အခြင်းအရာကို ဤပါရာဇိကံ သိက္ခာပုဒ်တော် လေးခုဖြင့်ပင် အလေးအနက် ပေါ်လွင်စေနိုင်ပြီ ဖြစ်ပါသည်။

ထိုအခါ အကျွန်ုပ်သည် မြတ်စွာဘုရား ဝါတော် ဆယ့်နှစ်ဝါသို့ ရောက်သော ကာလ ဝေရဉ္ဇာမြို့၏ အနီးတွင် ဝါကပ်တော်မူစဉ် အရှင် သာရိပုတြာ လျှောက်ထား မေးမြန်းတော်မူခဲ့ဖူးသော အမေး ပုစ္ဆာ တစ်ခုကို လည်းကောင်း၊ ထိုပုစ္ဆာကို ဖြေကြားတော်မူသော မြတ်စွာဘုရား၏ အဖြေ စကားကို လည်းကောင်း သတိရနေမိပြန်ပါသည်။

ထိုအခါ မြတ်စွာဘုရားအား အရှင် သာရိပုတြာ မဟာထေရ်မြတ်က 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ သာသနာတော် သန့်ရှင်းကြောင်းနှင့် အရှည် တည်တံ့ကြောင်း ကောင်းမြတ်သော ပြုအပ်သည့် အမှုသည် အဘယ်ပါနည်း' ဟု မေးတော်မူပါသည်။ ထိုအခါ မြတ်စွာ ဘုရားက 'ချစ်သား၊ ဤသာသနာတော် သန့်ရှင်းကြောင်း အရှည် တည်တံ့ ကြောင်း ကောင်းမြတ်သော အမှုသည်ကား ဝိနည်း သိက္ခာပုဒ်တော် ပြဋ္ဌာန်း ခြင်းပင် ဖြစ်သည်' ဟု ဟောတော်မူလေသည်။

ချမ်းမြေ့ ဆရာတော်သည် ဂျပန် ရဟန်းတော်အား ဤတစ်ကြိမ်တွင် ဝိနည်း သိက္ခာပုဒ်တော်များကို အကျယ်တဝင့် ရှင်းလင်း ဆုံးမတော်မူခြင်း သည်လည်း သာသနာတော် စင်ကြယ် သန့်ရှင်းဖို့၊ အရှည် တည်တံ့ဖို့ပင် ရည်ရွယ် ဟောကြားတော်မူနေခြင်း ဖြစ်တန်ရာ၏။

သို့ပင် သိနားလည်နေသော်လည်း အကျွန်ုပ်၏ အဇ္ဈတ္တ သန္တာန်ဝယ် ထို့ထက် ပိုပြီး လျှို့ဝှက် နက်နဲသော အဓိပ္ပာယ် တစ်ခုကိုပါ နားလည်နေသလို

http://www.dhammadownload.com



ရှိ၏။ ထိုအဓိပ္ပာယ်မှာ တခြား မဟုတ်၊ နိုင်ငံခြားသား တစ်ဦးမှ တစ်ရာသို့ တိုင် မြန်မာ ထေရဝါဒ ဗုဒ္ဓဘာသာ၏ ထူးခြားသော ထုံးတမ်း စည်းကမ်း များကို သိစေရန် ဖြစ်လေသလား ဆိုသော အနက်ပေတည်း။

ဝိနည်း သိက္ခာပုဒ်တို့သည်သာ သာသနာ၏ သန့်ရှင်းကြောင်းလည်း ဖြစ်၍ အရှည် တည်တံ့ကြောင်းလည်း ဖြစ်ပေရကား အခွင့်အခါ၏ ခက်ခဲ ခြင်း၊ အချိန်ကာလ၏ ကျဉ်းမြောင်းခြင်းကို လုံ့လဖြင့် ကျော်နင်းလျက် ရသည့် အခွင့် ရသည့် အချိန်ကို ယူကာ သာသနာ့ဘောင်ဝယ် မြတ်သော ရဟန်း အသွင်ဖြင့် တရားကို အားခဲ ကြိုးပမ်းရသော ဂျပန် ရဟန်းတော် အရှင် ပညာနန္ဒသည် ထိုဝိနည်း သိက္ခာပုဒ်တို့၏ လေးနက်သော အနက် အဓိပ္ပာယ်နှင့် တန်ဖိုးကို သိအပ်သည်ဟု ချမ်းမြေ့ ဆရာတော် ယူဆခြင်း ဖြစ်ပေလိမ့်မည်။ ဤတစ်ကြိမ်တွင်မူ ဆရာတော်သည် ဥပဇ္ဈာယ်ဆရာ၏ ပါတိမောက် ပြဆို ဆုံးမခန်းတွင် ပါရာဇိကကိုသာမက သံဃာဒိသေသ သိက္ခာပုဒ်တော်များကိုပါ အကျယ် ဟောတော်မူပါသည်။

ဦးစွာ ဆရာတော်ဘုရားက သံဃာဒိသေသ၏ အနက် အဓိပ္ပာယ်ကို အင်္ဂလိပ်လို ရှင်းပြပါသည်။

*'Sanghadisesa means ''an offence which requires meeting of the Sangha at the initial, middle and final stages of redressing it''.'*

သံဃာဒိသေသ ဆိုသည်မှာ သံဃာဒိသေသ် အာပတ်သင့်၍ အာပတ် မှ စင်ကြယ်လိုသည့်အခါ အစ၌ သံဃာက ပရိဝါသ် (ထက်ဝန်းကျင်မှ ဝတ်ကို ကျင့်သုံးစေခြင်း) ကို ပေးရသည်။ အလယ်၌လည်း သံဃာသည်ပင် မာနတ် (ရဟန်း အပေါင်းတို့ နှစ်သက် မြတ်နိုးရသော ကျင့်ဝတ်) ကို ပေးရသည်။ အဆုံးတွင်လည်း သံဃာသည်ပင် အဗ္ဘာန် (သံဃဘောင်သို့ ပြန်သွင်းခြင်း) ကို ပြုရသည်။ ဤလုပ်ထုံး လုပ်နည်းကို ရည်ရွယ်၍ ဆရာတော်သည် သံဃာဒိသေသ၏ အနက်ကို အကျဉ်း ဟော်တော်မူခြင်း ဖြစ်လေသည်။

ထိုအခါ အကျွန်ုပ်သည် နိုင်ငံခြားသားများ၏ နေရာတွင် မိမိကိုယ်ကို ထားလျက် စဉ်းစားကြည့်ပြန်၏။ အာပတ်သည် အဘယ်နည်း။ ရဟန်း

http://www.dhammadownload.com



သံဃာ အနေနှင့် အာပတ် ဟူသော စကား၏ အနက်ကို အပြစ်ဟု ဆိုအပ်သည်။ သို့ရာတွင် အပြစ်သည် ဘယ်အခါ ရောက်သနည်း။ ဤအရာ တွင် လူ့ဘောင်မှာ ထားသော ဥပဒေ သဘောသည် သက်ရောက်၏။ သတ်မှတ်ထားသော စည်းကမ်း ဥပဒေကို ကျူးလွန်ခြင်းသို့ ရောက်သော အခါ အပြစ် ရောက်သည်။ ထိုကျူးလွန်ခြင်းသို့ ရောက်ခြင်းကိုပင် အာပတ် ဟု ဆိုခြင်း ဖြစ်လေသည်။

ထေရဝါဒ သာသနာတော်တွင် အာပတ် ရောက်ခြင်း အကြောင်း သည် ခြောက်ပါး ရှိသည်ကို အကျွန်ုပ်သည် မကြာမီက ဒုလ္လဘာ ရဟန်း အဖြစ်ကို ခံယူသော အခါကမှ သိခဲ့ရ၏။ ဤဂျပန် ရဟန်းတော်နှင့် တကွ ထေရဝါဒ ဗုဒ္ဓဘာသာဟု ခေါ်အပ်သော 'ရှင်သန် ကြီးပွားဆဲ ဗုဒ္ဓဘာသာ' *The Living Buddhism* ကို စိတ်ဝင်စားနေကြကုန် သော နိုင်ငံခြားသားများသည် သိအပ်သည်ဟု အကျွန်ုပ် ထင်ပါ၏။

အာပတ် (လွန်ကျူးခြင်းသို့ ရောက်သော) အကြောင်း ခြောက်ပါး ဟူသော်ကား

(၁) အရှက် မရှိခြင်း ဟူသော (အလဇ္ဇိတာ)

(၂) မသိခြင်း ဟူသော (အညာဏတာ)

(၃) ကုက္ကုစ္စ နှိပ်စက်ခြင်း ဟူသော (ကုက္ကုစ္စာ ပကတတာ)

(၄) မအပ်သော အရာ၌ အပ်၏ဟု မှတ်ထင်ခြင်းတည်း ဟူသော (အကပ္ပိယေ ကပ္ပိယ သညိတာ)

(၅) အပ်သော အရာ၌ပင် မအပ်ဟု မှတ်ထင်ခြင်းတည်း ဟူသော (ကပ္ပိယေ အကပ္ပိယ သညိတာ)

(၆) သတိကင်းခြင်း ဟူသော (သတိသမ္မောသာ) တို့ပင်တည်း။

သာသနာတော်တွင် အာပတ် ခုနစ်ဖုံ ရှိကြောင်းကိုလည်း ချမ်းမြေ့ ဆရာတော်သည် ဂျပန် ရဟန်းတော် သိအောင် အကျဉ်း ဟောတော်မူ လေသည်။

*'There are seven types of offences for violation of the rules, namely –*

*(i) Parajika Offence.*

http://www.dhammadownload.com



(ii) *Sanghadisesa Offence.*

(iii) *Thullaccapa Offence.*

(iv) *Pacittiya Offence.*

(v) *Patidessaniya Offence.*

(vi) *Dukkata Offence.*

(vii) *Dubbhasi Offence.*

အာပတ် ခုနစ်ဖုံသည် ပါရာဇိကာ၊ သံဃာဒိသေသ၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီယ၊ ဒုက္ကဋ၊ ဒုဗ္ဘာသိတတို့ ဖြစ်ကြောင်းကို ဂျပန် ရဟန်းတော် နားလည်စေရန် ဆရာတော်သည် အင်္ဂလိပ် ဘာသာဖြင့်ပင် ပြတော်မူလေသည်။

ဤတွင် ပါရာဇိကာသည် ရဟန်းအား သံဃာ့ဘောင် သာသနာ့ ဘောင်မှ အပြီး လျှောကျစေသော အပြစ် ဖြစ်ကြောင်းကို သိစေပြီးနောက် ကြီးလေးသော အပြစ်တို့တွင် သာသနာ့ဘောင်မှ အပြီးအပြတ် ကင်းဆိတ်ခြင်း ကို မဖြစ်စေသော်လည်း သံဃာ့ အလယ်ဝယ် ဝတ်ဖြည့်ခြင်း၊ အပြစ် ပြေစေခြင်းကို ပြုပြီးမှသာ သံဃာ၏ အလယ်သို့ ပြန်လည်သွင်းခြင်း ရောက်ရှိစေနိုင်သော အာပတ်သည် သံဃာဒိသေသ် အာပတ် ဖြစ်သဖြင့် ဆယ့်သုံးပါး ရှိသော ထိုအာပတ်ကိုလည်း ချမ်းမြေ့ ဆရာတော်သည် ဂျပန် ရဟန်းတော် သိနားလည်စေခြင်းငှာ တစ်ခုချင်း အင်္ဂလိပ် ဘာသာ ဖြင့်ပင် ဟောကြားပြန်လေသည်။

*'It refers to the thirteen rules of the disciplinary code of the sangha.*

*'1. Should a bhikkhu intentionally emit semen, except in a dream, it entails Sanghadisesa Offence.*

ဆရာတော်သည် ဦးစွာ သံဃာဒိသေသ် အာပတ် ဆယ့်သုံးပါးတို့တွင် ဦးစွာ ဖြစ်သော သုက္က ဝိသဋ္ဌိ သိက္ခာပုဒ်ကို ဆိုတော်မူလေသည်။

ရဟန်း၏ အိပ်မက်၌ သုက်လွှတ်ခြင်း ကြဉ်၍ လွှတ်စေလိုသော စေတနာ ထင်ရှားရှိသော အကြင် သုက်လွှတ်ခြင်းသည် ရှိ၏။ ဤသုတ် လွှတ်ခြင်းသည် သံဃာဒိသေသ် မည်သော အာပတ် ဖြစ်၏။

http://www.dhammadownload.com



အိပ်မက် မက်ပြီး သုက်လွှတ်ခြင်းမှ တစ်ပါး စေတနာဖြင့် နှိုးနေစဉ် သုက်လွှတ်ခြင်းကို ပြုလျှင် သံဃာဒိသေသ် အာပတ်သင့်ခြင်းကို ဆိုခြင်း ဖြစ်၏။

ဤတွင် စေတနာပါမှု၊ လုံ့လပြုမှု၊ သုက်လွှတ်မှု ဟူသော အင်္ဂါ သုံးရပ် ထင်ရှား ရှိမှသာ အာပတ် သင့်သည်ကိုလည်း သိအပ်ပါသည်။

သို့မဟုတ်ပါလျှင် သာသနာတော်သည် အလွန် ကျပ်တည်း ကျဉ်း မြောင်းလှသည်ဟု ထင်ဖွယ် ရှိပေလိမ့်မည်။

အကျွန်ုပ်၏ စိတ်ထဲတွင် သံဃာ ဒိသေသ် ပထမ အာပတ်သည် ပထမ ပါရာဇိကံနှင့်လည်း တစ်နည်း တစ်ဖုံ ဆက်စပ်လျက် ရှိသည်ကို အောက်မေ့မိ၏။

ချမ်းမြေ့ ဆရာတော်၏ အင်္ဂလိပ် ဘာသာဖြင့် သံဃာဒိသေသ် ဒုတိယ အာပတ်ကို ဂျပန် ရဟန်းတော်အား ပြဆိုတော်မူသော တည်ကြည် လေးနက်သည့် အသံသည် အသံချဲ့စက်မှ တစ်ဆင့် သိမ်တော် ဓမ္မာရုံ ခန်းဆောင်ကြီးကို လွှမ်းမိုးပြန်သည်။

*'2. Should a bhikkhu with lustful intention touch any part of the body of a woman, even of a female body who was born today, it entails Sanghadisesa Offence.*

ဤကား ကာယ သံသဂ္ဂ သိက္ခာပုဒ်ကို ပြခြင်း ဖြစ်၏။ ရဟန်းသည် ရာဂ ဘီလူး ဝင်ပူးအပ်သည် ဖြစ်၍ ဖောက်ပြန်သော စိတ်ဖြင့် မာတုဂါမနှင့် တကွ ကိုယ်ဖြင့် နှီးနှောခြင်းသို့ ရောက်၏။ လက်ကို ကိုင်ခြင်းသော် လည်းကောင်း၊ ဆံထုံးကို ကိုင်ခြင်းသော် လည်းကောင်း၊ တစ်ပါးပါးလည်း ဖြစ်သော အင်္ဂါကြီးငယ်ကို သုံးသပ်ခြင်းသို့သော် လည်းကောင်း ရောက်အံ့၊ သံဃာဒိသေသ် အာပတ်သည် ရောက်၏။

ဤသိက္ခာပုဒ်တွင် ရဟန်းသည် ရာဂစိတ်ဖြင့် မာတုဂါမ၏ မည် သည့် ခန္ဓာကိုယ် အင်္ဂါ အစိတ်အပိုင်းကိုပင် ဖြစ်စေ ကိုင်ဆွဲလျှင် ထိုရဟန်း သည် သံဃာ ဒိသေသ် အာပတ်သင့်လေတော့သည်။ ဤတွင် ဆရာတော် ၏ အင်္ဂလိပ် ဘာသာဖြင့် ဟောပြတော်မူရာ၌ ယနေ့ မွေးခါစ မိန်းကလေး၏

http://www.dhammadownload.com



ကိုယ်အင်္ဂါ အစိတ်အပိုင်းကိုပင် ဖြစ်စေ ရာဂစိတ်ဖြင့် ကိုင်မိလျှင် ဤအာပတ်သင့်ကြောင်း အတိုအရှင်း နည်းဖြင့် ဖော်ပြထားလေသည်။ ဤမျှလောက် ဖော်ပြရုံဖြင့်ပင်လည်း ပညာ ရှိပြီးသော၊ ဉာဏ်လျှင် ဦးစီးရှေ့ဆောင် ပြုသော ဂျပန် ရဟန်းတော်သည် ထေရဝါဒ သာသနာ၌ ရဟန်း ပြုခြင်းသည် ရဟန်းနှင့် မာတုဂါမ ရောယှက်သော မဟာယာနနှင့်မူ မတူနိုင်၊ မာတုဂါမနှင့် ကင်းပြီး ဖြစ်သော ထေရဝါဒ သာသနာသည် မာတုဂါမနှင့် မကင်းသော မဟာယာနနှင့် မအပ်စပ်နိုင်၊ အတူ မပြုနိုင်သည့် အကြောင်းကိုလည်း သိလောက်ပြီ ဖြစ်ပါသည်။ ထိုအခါ ချမ်းမြေ့ ဆရာတော်သည် တတိယ သံဃာဒိသေသ် အာပတ် သိက္ခာပုဒ်ကို အင်္ဂလိပ်ဘာသာဖြင့် ဤသို့လျှင် မိန့်တော်မူပြန်လေ၏။

*'3. Should a bhikkhu with lustful intention talk to a woman with lewd words about covered parts of her body, it entails Sanghadisesa Offence.*

ဤသိက္ခာပုဒ်ကို ဒုဋ္ဌုလ္လဝါစာ ခေါ်သည်။ အကြင် ရဟန်းသည် ရာဂနှင့် ယှဉ်သော စိတ်ဖြင့် ရုန့်ရင်းကုန်သော ဝစ္စမဂ် ပဿာဝမဂ် မေထုန်နှင့် စပ်ဆိုင်သော စကားတို့ဖြင့် မာတုဂါမအား ယုတ်မာစွာ ပြောဆိုအံ့၊ ထိုရဟန်းသည် သံဃာဒိသေသ် အာပတ်ကျသည်။

ဤသိက္ခာပုဒ်တွင် ကာယကံမြောက်အားဖြင့် မာတုဂါမ၏ အင်္ဂါ အစိတ်အပိုင်းကို သုံးသပ်ခြင်းကို မဆိုထားဘိ၊ ဝစီကံအားဖြင့် နှုတ်ဖြင့်သော်လည်း မိန်းမတို့၏ အင်္ဂါ နိမိတ်နှင့် စပ်သော စကား၊ မေထုန်နှင့် စပ်သော စကားမျိုးကို ပြောဆို ကာမျှဖြင့် ကျူးလွန်ရာ ကျရောက်သည်ကို ထင်ရှားစေပြီ။ သို့ရာတွင် ဤအာပတ် သင့်ရန်မှာ အင်္ဂါ ငါးပါး ပြည့်စုံရလေသည်။ အင်္ဂါ ငါးပါး ဟူသည်ကား

(၁) လူဇာတ် ရှိသော မိန်းမ ဖြစ်ခြင်း

(၂) မိန်းမမှန်း သိခြင်း၊

(၃) ရာဂစိတ် ရှိခြင်း၊

(၄) ရာဂ (ဝစ္စမဂ် မေထုန်နှင့် စပ်သော) ယုတ်မာသော စကားကို ပြောခြင်း၊

http://www.dhammadownload.com



(၅) ပြောလျှင် ပြောချင်း အပြောခံရသူက သဘောကို သိလွယ်ခြင်းတို့ ဖြစ်၏။

သံဃာဒိသေသ် သိက္ခာပုဒ်တို့သည် ပါရာဇိကံ ကျမည့် ရဟန်းကို ကြိုတင် ကာကွယ်ထားသော သိက္ခာပုဒ်တော်များ ဖြစ်နေခြင်းမှာ ထင်ရှားလှပါသည်။ အစကမူ ပွတ်သစ်သော ခရုသင်းနှင့် တူစွာ မြတ်သော တရားကို ပြည့်စုံစွာ စင်ကြယ်စွာ ကျင့်လိုသူသည် ရဟန်း အဖြစ်ဖြင့်သာ ကျင့်သင့်သည် ဆိုသော စကား၏ အနက် အကျယ်ကို သဘောကုန်အောင် နားလည်ရန် ခက်ခဲ၍ နေခဲ့၏။ ယခုမူ မြတ်စွာဘုရားသည် လူ့ဘောင်မှာ နေသူနှင့် ရဟန်းဘောင်မှာ နေသူ၏ အဆမတန် ကွာခြားသော အခြင်းအရာကို ဤသိက္ခာပုဒ်တော်များဖြင့် ထင်ရှားစေတော် မူခဲ့ပြီးလေပြီဟု အကျွန်ုပ် စိတ်မှာ ဘဝင်ကျနိုင်ပါပြီ။ စင်ကြယ်ခြင်းနှင့် ပြည့်စုံခြင်း ဟူသော ဝိသေသပုဒ် နှစ်ခုဖြင့် တန်ဆာ ဆင်အပ်သော၊ မြတ်သော အကျင့်ကို ကျင့်ရာတွင် ထားအပ်သော စည်းကမ်း၏ အတိုင်းအဆနှင့် တန်ဖိုးကိုလည်း အကျွန်ုပ် အောက်မေ့တတ်ပါပြီ။ ဤသိက္ခာပုဒ်ပါ အခြင်းအရာတို့သည် မြတ်သော အကျင့်၏ ညစ်နွမ်းကြောင်းများ ဖြစ်သည်ကို မည်သူမျှ ပြောပြနေစရာ မလိုတော့ပါ။ အလိုလို ထင်ရှားပြီး ဖြစ်၍ သဘောပေါက်ဖို့ လွယ်လှပါသည်။ ထေရဝါဒ သာသနာသည် ကြည်ညိုဖွယ် ဖြစ်ခြင်း ဟူသော ပသာဒဂုဏ်ဖြင့် တင့်တယ်နေသော သာသနာ ဖြစ်သည်ကို ဂျပန် ရဟန်းတော်သည်လည်း မြင်အပ်ပါပြီ။

ဆရာတော်၏ စတုတ္ထ သိက္ခာပုဒ်ကို ပြောဆို ဟောကြားတော်မူသော အသံတော်သည် ပဲ့တင်ထပ်၍ ပေါ်လာပြန်ပြီ။

*'4. Should a bikkhu with lustful intention speak in the presence of a woman in praise of offering sexual intercourse, it entails Sanghadisesa Offence.*

ဤကား အတ္တကာမ ပါရိစရိယ သိက္ခာပုဒ် မည်ပါသည်။ အကြင်ရဟန်းသည် ရာဂစိတ်ဖြင့် မာတုဂါမ အထံ၌ မေထုန်ဖြင့် ပြုစုခြင်း၏ ဂုဏ်ကို ပြောဆို ချီးမွမ်းလျှင် သံဃာဒိသေသ် အာပတ် သင့်တော့သည်ကို ဆရာတော်သည် ဂျပန် ရဟန်းတော် သိလွယ်အောင် ဟောတော်မူသည်။

http://www.dhammadownload.com



ဤ၌တွင် မေထုန်၏ ဂုဏ်ကို ပြောဆို ချီးမွမ်းသည် ဆိုသော စကား၏ အနက်ကို အရှင်း သဘောဖြင့် နားမလည်သူသည် ထိုစကား၏ ဆိုလိုရင်းသည် အဘယ်နည်းဟု သိချင်ပေလိမ့်မည်။ ထိုသဘောကို ဤသို့ သိအပ်ကြောင်းကို တောင်မြို့ ဆရာတော် အရှင် ဇနကာဘိဝံသက ပါတိမောက် ဘာသာ ဋီကာ* တွင် ဤသို့ ဆိုတော်မူလေသည်။ 'ငါကဲ့သို့ သီလ သိက္ခာ ပြည့်စုံစွာဖြင့် ဗြဟ္မာ့စာရီ ပီသ၍ ကလျာဏဓမ္မ ဖြစ်သူမှာ မေထုန် အမှုသည် လွန်စွာ ရခဲ၏။ ထိုသို့ ရခဲသော မေထုန် အမှုဖြင့် ပြုစု၍ မေထုန်ပေးခြင်းသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း လေးပါး အလှူများနှင့် လားလားမျှ မတူအောင် မြင့်ခေါင်သော အကျိုးကို ရတတ်သဖြင့် အမြတ်ဆုံး အလှူမျိုး ဖြစ်သည်' ဟု ပြောဆိုခြင်းကို ဆိုလိုသည်။ ဤ၌တွင်လည်း အထက် သိက္ခာပုဒ်မှာ ပြခဲ့သော အင်္ဂါ ငါးရပ် ပြည့်စုံခြင်း ရှိမှသာ အာပတ်သင့်၏။ (လူမိန်းမ ဖြစ်ခြင်း၊ မိန်းမမှန်း သိခြင်း၊ ရာဂစိတ်ရှိခြင်း၊ ရာဂ ဂုဏ်ကို ပြောဆို တောင်းခံခြင်း၊ ပြောဆို အတောင်းခံရသူက နားလည်ခြင်း အင်္ဂါ ငါးရပ် ဖြစ်ပါသည်။)

ရဟန်းသည် ကျူးလွန်ခြင်း တစ်ရပ်ကို ပရိယာယ် အမျိုးမျိုးဖြင့် မပြုလုပ်နိုင်စေရန် မြတ်စွာဘုရား ကာကွယ် စောင့်ရှောက်တော်မူခဲ့ပုံကို တွေးမိသည် ဖြစ်၍ အကျွန်ုပ် ရင်ထဲတွင် ကြည်ညိုခြင်း လွန်ကဲ ပွားများရပြန်သည်။

ချမ်းမြေ့ ဆရာတော်သည် ပဉ္စမ သိက္ခာပုဒ် ဖြစ်သော သဉ္စရိတ္တ သိက္ခာပုဒ်ကို အင်္ဂလိပ် ဘာသာအားဖြင့် ပညတ်ပုံကို အသံချဲ့စက်မှ တစ်ဆင့် ကြားရပြန်သည်။

*'5. Should a bikkhu act as go-between, it entails Sanghadisesa Offence.*

ထေရဝါဒ သာသနာတော်သည် ကြည်ညိုဖွယ် အခြင်းအရာဖြင့် တည်တံ့ ပြန့်ပွားခဲ့သည် ဖြစ်ရာ အကြည်ညိုပျက်ဖွယ် ကိစ္စ မှန်သမျှသည် သာသနာတော်၏ ဆူးညှောင့် ဖြစ်ရပေလိမ့်မည်။

---

* ပါတိမောက် ဘာသာ ဋီကာ၊ သံဃာဒိသေသခန်း၊ နှာ ၆၇

http://www.dhammadownload.com



ရဟန်းသည် ယောကျာ်း၏ အလိုကို မိန်းမအား မယား ဖြစ်စေလို၍ ပြောဆိုပေးခြင်း၊ မိန်းမ၏ အလိုကို ယောကျာ်းအား လင် ဖြစ်စေလို၍ ပြောဆိုပေးခြင်း၊ ဤသို့ ကြားက အောင်သွယ်ခြင်း အမှုကို ပြုလျှင် အယုတ်သဖြင့် ခေတ္တ ခဏ ပေါင်းသင်းရန်ပင် ဖြစ်စေ သံဃာဒိသေသ် အာပတ် သင့်ကြောင်းကို ဆရာတော်က ပြောဆို ဆုံးမခြင်း ဖြစ်လေသည်။ လောက စကားဖြင့် ပြောလျှင် ဤအမှုသည် ကာမ ပွဲစား အမှုမျိုး ဖြစ်သည်။ လူတို့ ချီးမွမ်းအပ်သော အမှုမျိုး မဟုတ်။ ကဲ့ရဲ့အပ်သော အမှုမျိုး ဖြစ်သည်။ ထိုအမှုကို ပြုခြင်းဖြင့် ရဟန်းမှာ ဂုဏ်တက်စရာ အကြောင်း မရှိ။ ကြည်ညို စရာ အကြောင်း မရှိ။ အကြည်ညို ပျက်ဖွယ်ရာသာ အကြောင်း ရှိသည်။ မြတ်သော ရဟန်းသည် ထိုအောင်သွယ်ခြင်း ဟူသော ယုတ်ညံ့သော အမှု ကိစ္စဖြင့် မိမိ၏ အကျင့် သီလဂုဏ်ကို မညစ်နွမ်းစေရာ။ ဤတွင် အောင်သွယ်ခြင်း ကိစ္စသည် အင်္ဂါ ငါးပါးဖြင့် ပြည့်စုံမှသာ သံဃာဒိသေသ် အာပတ်သင့်လေသည်။ ထိုအင်္ဂါ ငါးပါးသည်

(၁) လူဇာတ် မိန်းမ ယောကျာ်း ဖြစ်ခြင်း၊

(၂) အောင်သွယ်ထိုက်ခြင်း (တစ်ယောက်နှင့် တစ်ယောက် အဆက် အသွယ် မရှိ ဖြစ်နေခြင်းကို ဆိုလိုသည်။)၊

(၃) ဝန်ခံခြင်း (ရဟန်းက တစ်ယောက်သောသူ အတွက် ဆက် သွယ်ပေးရန် တာဝန်ယူ ခေါင်းညိတ်ခြင်းကို ဆိုလိုသည်။)၊

(၄) စုံစမ်းခြင်း (ဝန်ခံသည့် အတိုင်း တခြား တစ်ဦးထံသို့ သွား၍ သဘောတူ မတူကို စုံစမ်းခြင်း။)၊

(၅) ပြန်ပြောခြင်း (ပြောခိုင်းသူသို့ တစ်ဖက်လူ၏ သဘောထားကို ပြန်ကြားခြင်းကို ဆိုလိုသည်။)။

အမှန်ပင် ဤအပြုအမူသည် ရဟန်းအား အသရေ ယုတ်လျော့ စေသော၊ မတင့်တယ်စေသော အမှုမျိုး ဖြစ်သည်မှာ ထင်ရှားလှပါသည်။ မြတ်စွာဘုရားသည် ဤသိက္ခာပုဒ်တော်ကို ပညတ်ရခြင်း၌ အတွေ့အကြုံ ရှိ၍သာ ဖြစ်ပေလိမ့်မည်။ ရဟန်းသည် ကြည်ညိုသူ ဒကာ ဒကာမများနှင့် ဆက်ဆံရသော ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ ပရိသတ်နှင့်လည်း နီးစပ်သည်။ မြတ်စွာဘုရား လက်ထက်တွင် ဤအမှုမျိုးကို ပြုသော ရဟန်းသည် ရှိပေ

http://www.dhammadownload.com



လိမ့်မည်။ ထိုအခါ ထိုရဟန်း၏ မကောင်းသော ဂုဏ်သတင်းသည် ပျံ့တက်လာပေလိမ့်မည်။ မြတ်စွာဘုရား ကြားသိတော်မူ၍သာ ဤသို့ ပညတ်ခြင်းဖြစ်တန်ရာသည်။ အကယ်၍သာ ဤမျက်မှောက် ကာလမျိုးတွင် မြတ်စွာဘုရား ထင်ရှား ရှိပါမူကား ကာမ ပွဲစား လုပ်သော အောင်သွယ် အလုပ်ကိုတားမြစ် ပိတ်ပင်သကဲ့သို့ အာဏာ ပွဲစား လုပ်သော အောင်သွယ် အလုပ်မျိုးကိုလည်း သိက္ခာပုဒ်တော်ဖြင့် ပိတ်ပင် တားဆီးတော်မူလေမည်လား။ ဤသို့လျှင် အကျွန်ုပ်သည် စဉ်းစားမိလေ၏။ အဘယ်ကြောင့် ဤသို့ စဉ်းစားသနည်း ဆိုသော် မြတ်စွာဘုရား လက်ထက်တွင် အချို့သော သမဏဗြဟ္မဏတို့သည် ယုံကြည်၍ လှူသော အသုံးအဆောင်တို့ကို သုံးဆောင်ကြပြီးလျှင် 'ဗီလာ စကား' ကို ပြောဆို၍ နေကြသည်ကို ဗုဒ္ဓ ရှင်တော်မြတ်ဘုရား မြင်တော်မူသည်။ ကြားတော်မူသည်။ ထို ဗီလာ စကားဆိုသည်မှာ နိုင်ငံရေးနှင့် စပ်သော စကား၊ စီးပွားရေးနှင့် စပ်သော စကား၊ လူမှုရေးနှင့် စပ်သော စကား၊ စစ်ရေး အခင်းနှင့် စပ်သော စကား၊ စားဝတ်နေရေး စသော ဈေးနှင့် စပ်သော စကား၊ ယာဉ်နှင့် စပ်သော စကား၊ ရွာနှင့် စပ်သော စကား၊ လမ်းနှင့် စပ်သော စကား၊ သူရဲကောင်းနှင့် စပ်သော စကား၊ မိန်းမနှင့် စပ်သော စကား၊ ယောကျ်ားနှင့် စပ်သော စကား၊ ကြီးပွားခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သော စကား စသော လောကီစကားများကို ဆိုလိုသည်။ ရဟန်းသည် ဤသို့ ဗီလာ စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်သည် ဖြစ်ကြောင်းကို အဇာတသတ် မင်းအား ရှင်းပြ ဟောကြားတော်မူခဲ့ဖူးလေသည်။*

တစ်နေ့သ၌ အကျွန်ုပ်သည် ကမ္ဘာအေးဘုရား ကုန်းမြေပေါ်ရှိ ပိဋကတ် ဘာသာပြန် အသင်း တည်ရှိရာ ဝိသာခါ တန်ဆောင်းသို့ ရောက်သွားလေ၏။ မန္တလေးမြို့မှ ကြွလာသော အရှင်ကုမာရာဘိဝံသ (ဗန်းမော်တိုက် ဆရာတော်) ကို ဖူးမြော်ရန် အတွက် ဖြစ်၏။ ထိုဆရာတော်နှင့် စကား ပြောဆိုနေစဉ် အကျွန်ုပ် မမြင်ဖူးသော ဘွဲ့မည် မသိ ရဟန်းတော် တစ်ပါး ရောက်ရှိလာပြီးလျှင် ဆရာတော် ဦးကုမာရနှင့် စကား ပြောဆို

---

* သီလက္ခန္ဓဝဂ်-မြန်မာ၊ နှာ ၆၉၊ မဇ္ဈိမ သီလ

http://www.dhammadownload.com



ကြလေ၏။ ထိုအခါ သံဃာ့ အဖွဲ့အစည်းများ အကြောင်းသို့လည်း ရောက်၏။ ထိုစဉ် ထိုရဟန်းတော်က

'အရှင်ဘုရား၊ တပည့်တော်တို့ မြန်မာ နိုင်ငံမှာ ရှေးအခါကလို ဈာန် ကစားနိုင်တဲ့ မြေလျှိုး မိုးပျံနိုင်တဲ့ ရဟန်းမျိုး ပေါ်ပေါက်တာဖြင့် တစ်ဦး တစ်ယောက်ကိုမျှ တပည့်တော်တို့ တွေ့ဖူး မြင်ဖူးကြတာ မရှိပါဘူး၊ ပြောသံကြား စကားလောက်ပဲ ရှိတာပါ၊ မြတ်စွာဘုရား လက်ထက်တော် အခါကရော နောက်ပိုင်းမှာပါ ဈာနလာဘီ ရဟန်းတော် အမြောက်အမြားဟာ အိန္ဒိယပြည်မှာ ပေါ်ပေါက်ခဲ့ဖူးတာ ပါဠိတော်မှာ အထင်အရှား ရှိပါတယ်၊ အဲဒီလို မြတ်စွာဘုရား ပွင့်ပေါ်ရာ အရပ် အရိယာ သံဃာတော်များ ထွန်းပေါ် ခဲ့ဖူးတဲ့ အရပ်ဖြစ်တဲ့ အိန္ဒိယ နိုင်ငံမှာတောင် ကာလ ကြာမြင့်တဲ့ အခါ ဗုဒ္ဓ သာသနာတော် ကွယ်ပခဲ့ဖူးပါတယ်၊ တပည့်တော်တို့ တိုင်းပြည်မှာ ဘာကြောင့် သာသနာတော် ဆက်လက် တည်တံ့ ပြန့်ပွားနေရပါသလဲ၊ ဒါကို စဉ်းစားသင့်ပါတယ် ဘုရား၊ အမှန်ကတော့ တပည့်တော်တို့ သာသနာတော် တည်တံ့ ပြန့်ပွားရခြင်းဟာ ကြည်ညိုဖွယ် ရှိခြင်း ဆိုတဲ့ ပသာဒဂုဏ်နှင့် ပြည့်စုံခြင်း ဆိုတဲ့ အခြေခံ အုတ်မြစ်ပေါ်မှာ တည်ထားနိုင်လို့ပါ ဘုရား၊ ဒီတော့ အဓိကကတော့ ပုထုဇဉ် ရဟန်းတော်များ ဖြစ်ကြတဲ့ တပည့်တော်တို့ဟာ ကြည်ညိုအောင် နေတတ်ဖို့ အများကြီး လိုပါတယ်၊ ခု တပည့်တော် မြင်နေတာကတော့ အကြည်ညိုပျက်စရာ အကြောင်းများ ပေါများလာခြင်းပါပဲ ဘုရား'

ထိုဆရာတော်ဘုရား အမိန့်ရှိသော ထိုစကားကို အကျွန်ုပ်သည် နှလုံးသည်းပွတ်ဝယ် ကမ္ပည်း ကျောက်သား၌ ထိုးထွင်းအပ်သော ကျောက်စာ ပမာ ခိုင်ခံ့ မြဲမြံစွာ မှတ်သားထားခဲ့ဖူးလေသည်။ အချိန်ကာလ ရှိတိုင်း မှာလည်း လူလူချင်း ကြည်ညိုစဖွယ် နေနိုင်ရေး ကိစ္စကို တွေးခေါ် ဆင်ခြင် ခဲ့ဖူးလေသည်။

တစ်ခုသော နွေရာသီ၌ အင်းလေး ဒေသတွင် မိမိသည် ဒုလ္လဘ ရဟန်း အဖြစ်ကို ခံယူလျက် လယ်တီ ဆရာတော်ဘုရားကြီး၏ ဝိဇ္ဇာ မဂ္ဂဒီပနီကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုစဉ် အခါက မိမိ၏ ဥပဇ္ဈာယ်ဆရာ အရှင်သူမြတ်သည် မွန်မြတ်သော ဝိနည်း သိက္ခာပုဒ်တော်များကို အကြား

http://www.dhammadownload.com



အပေါက် မရှိ ပကတိ မြဲမြံသော သတိတရား ဆင်ခြင်တရားများဖြင့် ထမ်းဆောင်နေပုံ၊ တပည့်သားများအား ကြည်ညိုဖွယ် ဖြစ်အောင် နေထိုင် ဆက်ဆံတတ်အောင် သွန်သင် ညွှန်ပြပုံများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ ရဖူးလေသည်။ (ငွေတာရီ မဂ္ဂဇင်းတွင် 'ဥပဇ္ဈာယ်' အမည်ဖြင့် ထို အကြောင်းများကို အကျယ် ရေးပြဖူးပြီ။)

ယခု ဂျပန်ပြည်သား ကုလသမဂ္ဂ ဌာနေ ကိုယ်စားလှယ်တော်ကြီး မစ္စတာ ကီတာတာနီ ရဟန်းပြုသောအခါ သာသနာတော်သည် ဝိနည်း သိက္ခာပုဒ်တော်များအားဖြင့်သာ ရှင်သန် ကြီးပွား တိုးတက်နိုင်သည်လည်း ဖြစ်၍ အရှည် တည်တံ့ ပြန့်ပွားနိုင်သည်လည်း ဖြစ်ကြောင်းကို ထင်ရှား စေရန် ချမ်းမြေ့ ဆရာတော် ဘုရားသည် သံဃာဒိသေသ် သိက္ခာပုဒ်တော် များကို အကျယ် ဟောကြားတော်မူနေခြင်း အကြောင်း ယုတ္တိကို အကျွန်ုပ် သဘောပေါက်စွာ ဆင်ခြင်မိပြန်သည်။

မာတုဂါမနှင့် စပ်သော သံဃာဒိသေသ် အာပတ်များကို ဟောကြား တော်မူပြီးနောက် အဆောက်အဦ အနေအထိုင်နှင့် စပ်သော အဋ္ဌမ သံဃာ ဒိသေသ် အာပတ်ကို အင်္ဂလိပ် ဘာသာဖြင့် ပီသစွာ ဟောကြားတော်မူသော ကြည်လင် ပြတ်သားသည့် ချမ်းမြေ့ ဆရာတော်၏ အသံကို အသံချဲ့စက်မှ တစ်ဆင့် ကြားရပြန်သည်။

*'6. Should a bhikkhu, having a hut constructed with no donor, exceed the prescribed measurement, or should he not assemble bhikkhus to appoint a proper site with a surrounding area, it entails Sanghadisesa Offence.*

ဤကား ဆဋ္ဌမမြောက် ဖြစ်သော ကုဋိကာရ သိက္ခာပုဒ်တော် ဖြစ်၍ ထေရဝါဒ သာသနာတော်၌ စတင် သက်ဝင်လျက် တရားရှာသူ ဖြစ်လာသော ဂျပန် ရဟန်းတော်သည် သာသနာတော်၏ နက်နဲ ကျယ်ပြန့် သော စည်းကမ်း နည်းလမ်းတို့ကို အသေအချာ သိသင့်သည်ကား အမှန်ပင် ဖြစ်၏။

ဤသိက္ခာပုဒ်တော်၏ သဘောမှာ ဤသို့ ဖြစ်၏။

http://www.dhammadownload.com



ရဟန်းသည် ကိုယ်တိုင် ဆောက်လုပ်အပ်သော၊ လှူသူ ကျောင်းရှင် ဒါယကာ မရှိသော၊ မိမိကိုယ်တိုင် ညွှန်ပြ ဆောင်ရွက်ရသော တဲကျောင်းငယ်ကို ဆောက်လုပ်လိုသော် သတ်မှတ်ထားသော အတိုင်းအရှည် ပမာဏ ရှိသော ကုဋိကို ဆောက်လုပ်ထိုက်၏။

(ထိုပမာဏကား ဘုရား အထွာတော်ဖြင့် အလျား တစ်ဆယ့်နှစ်ထွာ အနံ အတွင်းဘက် အစွန်းဖြင့် ခုနစ်ထွာ ဖြစ်သော အကျယ်အဝန်း ဖြစ်၏။)

ဤတွင် ရဟန်းတို့ကို ကုဋိရာကို ညွှန်ကြား သတ်မှတ်ပေးရန် ပင့်ဆောင်ရ၏။ ထိုရဟန်းတို့သည် ပိုးရွ ခြပုန်း ကောက်ပဲသီးနှံ အစရှိသော ဘေးရန် မရှိသော နှစ်ကောင်ကပ်လှည်း လေးကောင်ကပ်လှည်း တစ်စီး လှည့်ပတ်လောက်စရာ နေရာ ဥပစာကို ညွှန်ပြထိုက်၏။

ရဟန်းသည် ထိုကဲ့သို့ ရဟန်း သံဃာကို ပင့်ဖိတ် ညွှန်ပြစေခြင်း မပြုဘဲ မိမိဘာသာ မိမိ သဘော အလျောက် ထိုတဲကျောင်းငယ်ကို ဆောက်လုပ်သည် ဖြစ်အံ့၊ ထို့ပြင် သတ်မှတ်ထားသော ပမာဏထက် ပိုလွန်သော တဲကျောင်းကို ဆောက်လုပ်သည် ဖြစ်အံ့၊ ထိုရဟန်းသည် ကုဋိကာရ အာပတ်သင့်လေတော့၏။

ဤသိက္ခာပုဒ်တော်တွင် ကျောင်းဒါယကာ မရှိ၍ မိမိဘာသာ ဆောက်လုပ် ရမည့် ကျောင်းငယ်၏ အတိုင်းအတာ ပမာဏကို လူတစ်ဦး တစ်ယောက် လဲလျောင်း အိပ်စက်နိုင်ရုံမျှ ပမာဏ သတ်မှတ်ပေးထား ခြင်းသည် ရဟန်းအား နေရေး ကိစ္စ၌ ရောင့်ရဲလွယ်စေမှုလည်း အဓိက ပါဝင်သည်ဟု အကျွန်ုပ် တွေးကြံ ကြည့်မိသည်။ ရဟန်း သံဃာအား ပင့်ဖိတ်၍ ကျောင်းဆောက်မည့် နေရာကို ရွေးချယ် သတ်မှတ် ပေးစေအပ် သည်ဟု သတ်မှတ်ချက် ထားရာတွင်လည်း ဘေးရန် အနှောင့်အယှက် အဖျက်အဆီးနှင့် ရဟန်း အတွက် လွတ်လပ်ခွင့်ကို အဓိက ထား၍ စဉ်းစားရန် ဖြစ်လေသည်။ ဤတွင် သံဃာ အဖွဲ့အစည်းသည် အများနှင့် ဆိုင်သော အဖွဲ့အစည်း ဖြစ်သည်ကို မမေ့အပ်။ ရဟန်းသည် အများ သံဃာကို အသိမပေးဘဲ မိမိဘာသာ ဖုံးကွယ် လျှို့ဝှက်အပ်သော အမှု ကိစ္စ မရှိအပ် ကြောင်းမှာလည်း ထင်ရှားလှပါသည်။ ဖုံးကွယ်အပ်သော ကိစ္စ မရှိသော

http://www.dhammadownload.com



အဖွဲ့အစည်းတွင် အမှုအခင်း ပေါ်ရန် အကြောင်း ယုတ္တိ နည်းသည်။ နည်းသော ပလိဗောဓ ရှိခြင်းသည်လည်း ရဟန်းအား ကြည်ညိုဖွယ် အကြောင်း တစ်ရပ်ပင် ဖြစ်၏။

ထို့နောက် အလှူဒါယကာတို့ ဆောက်လှူအပ်သော ဝိဟာရကာရ သိက္ခာပုဒ်တော်ကို ဆရာတော်သည် ဂျပန် ရဟန်းတော် သိလွယ်အောင် အကျဉ်းနည်းဖြင့် မိန့်တော်မူပြန်သည်။ ဤကား သတ္တမ သိက္ခာပုဒ် ဖြစ်၏။

*'7. Should a bhikkhu having a large dwelling constructed with a donor, not assemble bhikkhus to appoint the proper site, with a surrrounding area, it entails Sanghadisesa Offence.*

ဤသိက္ခာပုဒ်တော် အရ ရဟန်းသည် ကျောင်းဒါယကာ ရှိသော ကျယ်ဝန်းသော ကျောင်းကြီးကို ဆောက်လုပ်စေလိုလျှင် ရဟန်းတို့ကို ကျောင်းနေရာ ညွှန်ပြဖို့ရန် ဖိတ်ရမည်။ ရဟန်းတို့က ဘေးရန် မရှိရာ အရပ် လှည်းတစ်စီး လှည့်ပတ်လောက်ရာ အရပ်ကို ညွှန်ပြရမည်။ ထိုသို့ ညွှန်ပြရန် ရဟန်း သံဃာကို မပင့်ဖိတ်ဘဲ ဆောက်လုပ်လျှင် ဤ ဝိဟာ ရကာရ အာပတ်သင့်လေသည်။

သံဃာဒိသေသ် အာပတ်တို့သည် အစ အလယ် အဆုံး ကိစ္စ အားလုံးတို့၌ ရဟန်း သံဃာအား စည်းဝေး တိုင်ပင် ကြားသိစေခြင်းတို့နှင့် စပ်ဆိုင်ကြောင်း အထက်တွင် ဆိုခဲ့ပြီးပြီ။

ယခု တစ်ဖန် ဆရာတော်သည် ရဟန်း သံဃာအား အခြေအမြစ် မရှိသော စွပ်စွဲ ပြောဆိုခြင်းကြောင့် သံဃာဒိသေသ် အာပတ်သင့်ပုံ အကြောင်းကို ဂျပန် ရဟန်းတော် သိလွယ်စိမ့်သောငှာ ဟောကြားတော် မူပြန်သည်။ ဤကား အဋ္ဌမမြောက် သိက္ခာပုဒ် ဖြစ်၏။ ဒုဋ္ဌ ဒေါသ သိက္ခာပုဒ် ခေါ်သည်။

*'8. Should a bhikkhu, being angry, groundlessly accuse another bhikkhu of a case of Parajika, it entails Sanghadisesa Offence.*

ဤသိက္ခာပုဒ် အရ ဒေါသစိတ်ဖြင့် ရဟန်း တစ်ပါးသည် တခြား

http://www.dhammadownload.com



တစ်ပါးကို သာသနာမှ ရွေ့လျောကျ၍ လူထွက်စေလိုသောကြောင့် အခြေအမြစ် မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ် အာပတ်သင့်လေသည်။

ဤသိက္ခာပုဒ် အရ ရဟန်းကောင်းတို့အား ယုတ်ညံ့သောစိတ် ရှိသောသူတို့၏ ဖျက်ဆီးခြင်းမှ ကာကွယ်ထားခြင်း ဖြစ်လေသည်။ ဤတွင် အခြေအမြစ် မရှိဘဲ စွပ်စွဲခြင်း ဟူသော စကား အနက်ကို သိအပ်၏။ စွပ်စွဲခြင်း ပြုရာ၌ အခြေအမြစ်သည် သုံးမျိုး ရှိ၏။

ဒိဋ္ဌ (ကိုယ်တိုင် မြင်တွေ့ခြင်း) သည် အခြေအမြစ် တစ်ပါး ဖြစ်၏။ သုတ (တစ်ဆင့် ကြားရခြင်း) သည်လည်း အခြေအမြစ် တစ်ပါး ဖြစ်၏။ ပသင်္ကိတ (ယုံမှားခြင်း ယုန်ထင် ကြောင်ထင် ဖြစ်ရခြင်း) သဘောသည်လည်း အခြေအမြစ် တစ်ပါး ဖြစ်၏။

ရဟန်း တစ်ပါးသည် မှောင်တွင်း၌ မာတုဂါမနှင့် အတူနေသည် ဖြစ်လျှင် ပါရာဇိကမှု ကျူးလွန်လေသလောဟု ယုံမှားရန် အခွင့် ရှိ၏။ ထိုသို့ ယုံမှား သံသယ ရှိ၍ စွပ်စွဲလျှင်လည်း ထိုယုံမှားခြင်းလျှင် အခြေအမြစ် ရှိ၏။ အကြောင်းရင်း ရှိသည်။ စွပ်စွဲခွင့် ရှိသည် ဟူလို။ သို့ရာတွင် အခြေအမြစ် မရှိသော စွပ်စွဲခြင်း ပြုလျှင်ကား စွပ်စွဲသူမှာ အာပတ်သင့်တော့သည်။ ဤသိက္ခာပုဒ်ကား ကျယ်ဝန်းလှ၏။ လောကီ တရားရုံးများမှာကဲ့သို့ သမ္မုတိ သံဃာက စစ်မေးရ၏။ အာပတ္တာဓိကရဏ်းနှင့်လည်း ဆိုင်၏။ အခြေအမြစ် မရှိသော စွပ်စွဲခြင်း ပေါ်အောင် စစ်ဆေးဆုံးဖြတ်ရသော သိက္ခာပုဒ်လည်း ဖြစ်၏။ အကျယ်ကို ပါတိမောက်မှာ ရှုသင့်၏။ ဤတွင် ကိုယ်တိုင် အခြေအမြစ်မဲ့ စွပ်စွဲမှ မဟုတ် သူတစ်ပါးကို စေခိုင်း၍ စွပ်စွဲလျှင်လည်း ဤအာပတ်သင့်၏။ ဤသို့ ဒေါသစိတ်ဖြင့် စွပ်စွဲခြင်း၌ ဒုတိယ သိက္ခာပုဒ်လည်း ရှိသေး၏။ ၎င်းကို အညာဘာဂိယ သိက္ခာပုဒ်လည်း ခေါ်သည်။ ဆရာတော်သည် ထိုနဝမမြောက် သိက္ခာပုဒ်ကို မိန့်တော်မူပြန်သည်ကို အသံချဲ့စက်မှ ထင်ရှားစွာ ကြားရပြန်သည်။

*'9. Should a bhikkhu, being angry, groundlessly accuse another bhikkhu of a case of Parajika, using as*

http://www.dhammadownload.com



*a pretext some point of a legal process connected with another person's fault, it entails Sanghadisesa Offence.'*

ရဟန်းသည် အခြား ရဟန်းကို လူထွက်ရအောင် ဖျက်ဆီးလိုသော ဒေါသစိတ် ရှိရကား ထိုရဟန်းနှင့် စပ်သော နာမည်ကို အခြား သတ္တဝါ တစ်စုံတစ်ရာ၌ တင်ပြီးလျှင် 'ထိုရဟန်းကို သာသနာမှ ရွေ့လျောစေနိုင်ပါမူ ကောင်းလေစွ' ဟု သဘောထား၍ ထိုနာမည်ကို ညွှန်ပြပြီးလျှင် (ခေါ်ပြီးလျှင်) ပါရာဇိကဖြင့် စွပ်စွဲအံ့၊ သံဃာဒိသေသ် အာပတ်သင့်၏။

ဤသိက္ခာပုဒ်တော်ကို ကြားနာရသောအခါ အကျွန်ုပ်၏ စိတ် အစဉ်တွင် လောက၏ လှည့်ပတ်တတ်သော သဘော၊ ချောက်တွန်းတတ်သော သဘောကို ဦးစွာ မြင်လျက် ထိတ်လန့်ခြင်း ဖြစ်ရလေသည်။ ထို့နောက်တွင် သာသနာတော်၌ မတရားသော အမှုမျိုးကို မပြုလုပ်နိုင်စေရန် ကြိုတင် ကာကွယ်ထားသော ဥပဒေ စည်းကမ်းများကို ကြားသိရသည် ဖြစ်၍ ကြည်နူးခြင်း ဖြစ်ရပြန်လေ၏။ ဤ အညဘာဂိယ သိက္ခာပုဒ်ကား စိတ်ဝင်စားဖွယ် ကောင်းလှ၏။ လူတို့၏ ကောက်ကျစ် စဉ်းလဲတတ်သော သဘောယုတ်ကိုလည်း မြင်ရ၏။ ထိုသဘောကို သာသနာတော်က လက်မခံခြင်း သဘောမြတ်ကိုလည်း သိရသည်။

ရှေးအခါက မေတ္တိယ ဘူမဇက ရဟန်းတို့သည် ရဟန္တာ ဖြစ်သော အရှင် ဒဗ္ဗကို စွပ်စွဲလိုသောအခါ အရှင် ဒဗ္ဗမှာ စွပ်စွဲစရာ အပြစ် မရှိသဖြင့် အပြစ် ရှာ၍ နေကြစဉ် တစ်နေ့သ၌ ဆိတ်မကို မေထုန် မှီဝဲနေသော ဆိတ်ထီးကို တွေ့ရလေ၏။ ထိုအခါ ရဟန်းတို့သည် ဆိတ်ထီးကို ဒဗ္ဗမလ္လ ပုတ္တဟု နာမည် ပေးကြလေ၏။ ဤတွင် ဆိတ်ဖို၌ ရဟန်းကောင်း အရှင် ဒဗ္ဗ၏ အမည်ကို တင်လျက် စွပ်စွဲခြင်း ဖြစ်၏။ ဤသို့ အမြွက် ထောင်၍ စောင်းချိတ်၍ စွပ်စွဲခြင်း ပြုလျှင်လည်း သံဃာဒိသေသ် အာပတ် သင့်တော့သည်။

ချမ်းမြေ့ ဆရာတော်လည်း ဒသမမြောက် သိက္ခာပုဒ်တော်ကို မိန့်တော်မူပြန်၏။

*'10. Should a bhikkhu attempt to cause a schism of the Sangha, or should he persist in undertaking a*

http://www.dhammadownload.com



*legal process condusive to schism of the Sangha, he should be admonished by bhikkhus. Should he, being admonished, attempt as before, then he should be remonstrated by the Sangha. If he, on being remonstrated up to the third time, relinquishes his attempt, that is good. It he does not, it entails Sanghadisesa Offence.*

ယခု ချမ်းမြေ့ ဆရာတော် မိန့်တော်မူသော သိက္ခာပုဒ်တော်ကား သံဃဘေဒက သိက္ခာပုဒ် ဖြစ်၏။ ဤကား သံဃာ အချင်းချင်းကို စိတ်ဝမ်းကွဲပြားအောင် အားထုတ်သော ရဟန်းအား တားမြစ်သော သိက္ခာပုဒ် ဖြစ်သည်။

တစ်သိမ်တည်း၌ ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားထုတ်လျှင် ထိုရဟန်းအား 'သံဃာ ကွဲပြားအောင် အားမထုတ်ပါနှင့်' ဟု တားမြစ် ပြောဆိုရမည်။ ထိုသို့ တားမြစ်သည် ဖြစ်ပါလျက် ရှေးနည်းအတိုင်းပင် မိမိ၏ အယူဝါဒကို ချီးမြှောက်နေသေးလျှင် ထိုရဟန်းအား အခြား ရဟန်းများက သမနုဘာသနကံ (ဉတ်ကမ္မဝါဖြင့် ဆုံးမခြင်း ကံ) ကို ဦးစွာ ပြုရမည်။ ထိုသို့ ကံပြုစဉ် ထိုရဟန်းသည် သူ၏ ဝါဒကို စွန့်လိုက်လျှင် သံဃာဒိသေသ် အာပတ် မသင့်သဖြင့် ကောင်း၏။ မစွန့်လျှင်ကား အာပတ်သင့်တော့သည်။

သာသနာတော်သည် သံဃာကို စိတ်ဝမ်းကွဲပြားအောင် အားထုတ်ပြောဆိုသော ရဟန်းကိုပင် သည်းခံ စိတ်ရှည်သောအားဖြင့် ဦးစွာ တားမြစ်ခြင်း၊ တားမြစ် မရမှ ကံပြုခြင်း၊ ကံပြု၍ မရသည့် အဆုံး ရောက်မှ အပြစ် ထိုက်သင့်စေသည်မှာလည်း ဉာဏ်ပညာ ရှိသူတို့ စဉ်းစားတတ်လေ ကြည်ညိုဖွယ် ဖြစ်လေပါတကား။

သာသနာတော်၏ လေးနက် တည်ကြည်ခြင်း၊ သန့်ရှင်း စင်ကြယ်ခြင်း အခြင်းအရာသည် ဤသံဃာဒိသေသ် အာပတ် သိက္ခာပုဒ်တော်များကို ပြစဉ်မှာပင် ဂျပန် ရဟန်းတော်၏ စိတ်မှာ ကြည်လင် ထင်ရှားလာပေလိမ့်မည်။ ရဟန်းတော်၏ မျက်နှာပေါ်တွင် ရွှင်လန်း အားရခြင်းဖြင့် ထွန်းပ

http://www.dhammadownload.com



သော ဉာဏ်အလင်းရောင်သည်လည်း ပြက်ပြက်ထင်လျက် ရှိသည် ထင်ပါ၏။

ဆရာတော်ကား ပင်ပန်းသည် မရှိ။ ဧကဒသမ သိက္ခာပုဒ်ကို ဆက်လက် မိန့်တော်မူပြန်သည်။

*'11. Should one or two or three bhikkhus follow that bhikkhu and take his side, they should be admonished by bhikkhus. Should they, being admonished, persist in taking his side, they should be remonstrated with by the sangha. If they, on being remonstrated up to the third time, relinquish it, that is good. If they do not, it entails Sanghadisesa Offence.'*

ဤသိက္ခာပုဒ်သည် အထက် သိက္ခာပုဒ်၏ အဆက် ဖြစ်၏။ သံဃာ သင်းခွဲသော ရဟန်း၏ နောက်လိုက်များ သံဃာဒိသေသ် အာပတ် သင့်ကြောင်းကို ပြသော သိက္ခာပုဒ် ဖြစ်၏။ ဤတွင်လည်း နောက်လိုက် ရဟန်းတို့ကို သံဃာ သင်းခွဲသော ရဟန်းကို ကံပြုသကဲ့သို့ ကံပြုပြီးချိန် အထိ ထိုသူတို့၏ ဝါဒကို မစွန့်မှ သံဃာဒိသေသ် အာပတ်သင့်ကြောင်း ကို ပြဆိုခြင်း ဖြစ်ပါ၏။

အကျွန်ုပ်သည် ရှေးအခါကမူ သီတင်း သုံးဖော် ရဟန်းတော်တို့၏ ဥစ္စာ ဖြစ်သော၊ သာသနာတော် သန့်ရှင်းကြောင်း တည်တံ့ကြောင်း ကြီးပွား ကြောင်းလည်း ဖြစ်သော ဝိနည်း သိက္ခာပုဒ်တော်များကို ကြားမြင် ကျွမ်းဝင် ဖူးသည် မဟုတ်ချေ။ ယခုမှသာ တစ်စ တစ်စနှင့် ဝိနည်းတော်များကို သိမြင် နားလည်လာရသည်။ နားလည်လာရသော အခါ ဝိနည်းတော် တို့သည် အတူတကွ သီတင်းသုံးဖော် ဖြစ်ကြကုန်သော ရဟန်း သံဃာ ပရိသတ်မှာသာမက အတူတကွ နေထိုင် ဆက်ဆံ လုပ်ကိုင် စားသောက် လျက် ရှိကြသော လူပရိသတ် (နိုင်ငံရေး စကားဖြင့် ပြောလျှင် လူ့ဘောင် အဖွဲ့အစည်း) မှာလည်း များစွာ အကျိုးထင်နိုင်ကြောင်း၊ တန်ဖိုး ကြီးမား ကြောင်းကိုပါ သဘောပေါက်လာရလေသည်။ ထိုအချက်သည် ချမ်းမြေ့ ဆရာတော် ဘုရားက ဂျပန် ရဟန်းတော် ဦးပညာနန္ဒအား ဒွါဒသမ

http://www.dhammadownload.com



မြောက် သံဃာဒိသေသ် သိက္ခာပုဒ်တော်ကို ပညတ်သောအခါ အလွန် ထင်ရှားလာလေသည်။ ဒွာဒသမမြောက် သိက္ခာပုဒ်တော်သည် ဒုဗ္ဗစ သိက္ခာပုဒ် ဖြစ်ပါသည်။ ထိုသိက္ခာပုဒ်သည် ကာလ စကားဖြင့် ပြောရလျှင် ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး တရား၏ အခြေခံ သဘောပင် ဖြစ်လေသည်။ သင့်ရာ နေရာ၌ အနက် အကျယ်ကို ရှင်းပြပါမည်။ ယခုမူ သိက္ခာပုဒ်တော်ကိုပင် ဆိုပါဦးမည်။ ချမ်းမြေ့ဆရာတော်သည် အင်္ဂလိပ် ဘာသာဖြင့် ထိုသိက္ခာပုဒ်တော်ကို ဤသို့ ပညတ်တော်မူသည်။

*'12. A bhikkhu may be naturally difficult to admonish. When he is lawfully admonished by bhikkhus concerning training precepts, he makes himself unadmonishable. Then he should be admonished by bhikkhus not to make himself unadmonishable. If he, being admonished, endeavours as before, he should be remonstrated with by Sangha. If he, on being remonstrated up to the third time, relinquishes it, that is good. If he does not, it entails Sanghadisesa Offence.*

ဆရာတော်ဘုရား၏ ကြည်လင် ပြတ်သားသော အသံတော်သည် ရဟန်းခံပွဲ ပရိသတ်သို့ တစ်လုံးချင်း ရောက်လာကြသည်။ နက်နဲ ခိုင်မာသော သိက္ခာပုဒ်တော်၏ အနက် အဓိပ္ပာယ်သည် ဆရာတော်၏ တည်ငြိမ် လေးနက်သော အသံတော်ကြောင့် ပို၍ပင် အနက် အဓိပ္ပာယ် တစ်ခဲနက် ပါသည်ဟု ထင်ရလေသည်။ အကျွန်ုပ်သည် ဤ ထူးခြား ပြောင်မြောက်လှသော သိက္ခာပုဒ်တော်ကို ကြားသိရသောအခါ ကြက်သီးမွေးညင်းပင် ထမိတော့သည်။ ခိုင်ခံ့လှချေကလား၊ သဘောထား ကြီးလှချေကလား၊ သည်းခံလှချေကလား၊ အမြော်အမြင် ကြီးလှချေကလားဟုလည်း ရင်ထဲမှာ အောက်မေ့ ကြည်နူးရလေသည်။

ဒုဗ္ဗစသိက္ခာပုဒ်တော်၏ အနက် အဓိပ္ပာယ် သက်ရောက်ပုံကို အကျွန်ုပ် နားလည်လိုက်သည့် အတိုင်း ယခု ဖွင့်ဆိုပါမည်။ အထက်ပါ ဆရာတော်

http://www.dhammadownload.com



အင်္ဂလိပ် ဘာသာဖြင့် ပြဋ္ဌန်းတော်မူသော သိက္ခာပုဒ်တော်ကို မြန်မာပြန် လျှင် အောက်ပါ အတိုင်း နားလည်နိုင်ပါသည်။

ရဟန်းသည် သဘာဝအားဖြင့် 'မအပ်စပ်ကြောင်း မလုပ်ကောင်း ကြောင်း' ပြောလျှင် အပြောမခံ၊ ထိုသို့ အပြောမခံသောအခါ အပြောခံအောင် အကျိုးအကြောင်း ပြ၍ ပြောဆို ဆုံးမရပေဦးမည်။ မည်သို့ပင် ဆုံးမသော် လည်း အဆုံးမ မခံ၊ အပြော မခံ၊ အဝေဖန် မခံဘဲ နေလျှင် ထိုရဟန်းအား သမနုသာသကံ ပြုရပေဦးမည်။ သုံးကြိမ်တိုင်တိုင် ဆုံးမ၍ နာခံသူ ဖြစ်လျှင် မူကား အာပတ်မသင့်တော့ဟု ဆိုလိုပါသည်။

ဤတွင် ပြောဆို ဆုံးမခြင်း ဆိုသော စကား၏ အနက်ကို ကာလ စကားဖြင့် ပြောရလျှင် ဝေဖန်ရေးပင် ဖြစ်၏။ ရဟန်း တစ်ပါးသည် မပြု အပ် မလုပ်ကောင်းသည်ကို ပြုမူ လုပ်ကိုင်နေကြောင်း ကြားသိရသော အခါ ထိုရဟန်းအား ချက်ချင်း အရေးမယူအပ်။ ဦးစွာ ပြောဆို ဆုံးမရပေ မည်။ တစ်နည်း ဝေဖန် သုံးသပ်ပြအပ်ပါသည်။ ထိုသို့ ဝေဖန် သုံးသပ် ဆုံးမအပ်ခြင်းကို သာသနာတော်၏ အစဉ်အလာ၌ ချီးမြှောက်ခြင်း (သမ္ဘာဝန) မည်ပါသည်။ မိမိနှင့် အတူတကွ စားအတူ နေအတူ ကျင့်အတူ ကြံအတူ သီတင်းသုံးဖော် ဖြစ်သူအား မြင့်မြတ်သော ရဟန်း ဘဝ (ဝါ) အထက်တန်း ကျသော ဘဝ အဆင့်အတန်း တစ်ခုမှ ယုတ်လျော့ နိမ့်ကျ မသွားရအောင် စောင့်ရှောက်ခြင်း အမှုသည် ဝေဖန်ခြင်း မည်အပ်ပါသည်။ မြင့်မြတ်သော ရဟန်း၏ ထုံးစံမှာ ပြောဆို ဆုံးမ (ဝေဖန်) လျှင် လွယ်ကူစွာ နာခံရိုး ဖြစ်၏။ ယခုမူ ရဟန်း ဖြစ်လျက် ဆုံးမရ ခက်ခဲနေသူ ဖြစ်၏။ အပြောရ ခက်နေသူ ဖြစ်၏။ အပြောရ ခက်သူ၏ သဘောကား ဤသို့ ဖြစ်၏။ အကြင် ရဟန်းအား ပြောဆို ဆုံးမ (ဝေဖန်) သည် ရှိသော် 'အရှင်တို့က တပည့်တော်ကို ကောင်းကောင်း ဆိုးဆိုး ဘာကိုမျှ မပြောကြပါနှင့်၊ တပည့် တော်ကလည်း အရှင်တို့ကို ပြောလိမ့်မည် မဟုတ်ပါ၊ အရှင်တို့သည် တပည့်တော်ကို ပြောဆိုကြောင်း စကားမှ ရှောင်ကြပါ' ဟု နှုတ်လှန် ခံပက် ပြောဆိုတတ်၏။ အပြောမခံဘဲ နေတတ်၏။

သာသနာတော်သည် ထိုကဲ့သို့ အပြော မခံဘဲ နေသော ရဟန်းအား ပစ်ပယ်ခြင်း နှိမ့်ချခြင်း မပြု။ ထိုသူ အပြောအဆို အဝေဖန်ခံပြီး ပြုပြင်လာ

http://www.dhammadownload.com



အောင် စိတ်ရှည်လက်ရှည် အားထုတ်ရပုံကို ဤသိက္ခာပုဒ်တွင် အထင်အရှား ပြညွှန်ထားလေသည်။ ဆုံးမ မခံသော ရဟန်းအား အခြားသော ရဟန်း သံဃာများက 'အရှင်သည် မိမိကိုယ်ကို အပြောအဆို ခံနိုင်သူ ဖြစ်အောင် လုပ်ပါ၊ အရှင်ကလည်း အခြားသော ရဟန်းများကို သိက္ခာပုဒ်ဖြင့် ပြောဆိုပါ၊ ရဟန်းတို့ကလည်း အရှင့်အား သိက္ခာပုဒ်ဖြင့် ပြောကြပါလိမ့်မည်၊ ဤသို့ အချင်းချင်း ပြောဆိုခြင်း၊ အချင်းချင်း အာပတ်မှ ထစေခြင်းကြောင့် ဘုရား ရှင်၏ ပရိသတ်သည် ယခုလို ကြီးပွားနေပါသည်' ဟု ဆိုရသည်။ မာယသ္မာပေ အညမည ဝုဋ္ဌာပနေန ဆိုသော ပါဠိဖြင့် ထင်ရှားပါသည်။

ဤတွင် မြတ်စွာဘုရား၏ တရားတော်သည် ဝိဘဇ္ဇ တရားမျိုး ဖြစ်၍ မြတ်စွာ ဘုရား၏ သာသနာတော်နှင့် တကွ ရဟန်း သံဃာ အဖွဲ့အစည်းသည် ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး သဘောတရားမှာ အခြေခံထားကြောင်း ပေါ်လွင်လှပါသည်။

မြတ်စွာဘုရားသည် ဝေဖန်ရေးကို မည်သို့ သဘောထားတော်မူသနည်း။ အဖြေကား ထင်ရှားပါသည်။ အထက်ပါ ပါဠိ အရ 'အချင်းချင်း ပြောဆိုခြင်း၊ အချင်းချင်း အာပတ်မှ ထစေခြင်းကြောင့် ဘုရားရှင်၏ ပရိသတ် သည် ကြီးပွားရသည်' ဟု ဆိုပါသည်။ ဝေဖန်ရေး တရားသည် အချင်းချင်း၌ ကျရောက်တတ်သော အပြစ် ဒေါသကို ကင်းပစေပါသည်။ ထိုအပြစ် ဒေါသမှ ကင်းစေခြင်းဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းကို ကြီးပွား တိုးတက် စေပါသည်။ ဝေဖန်ရေးသည် အပြစ်ကို ဖွင့်လျှော်ခြင်းလည်း ဖြစ်၍ အဖွဲ့အစည်းကို အားကြီး ရှင်သန် တိုးပွားစေကြောင်း တရားကောင်း တရားမြတ် အဖြစ် မြတ်စွာဘုရား လက်ခံခဲ့ကြောင်း အကျွန်ုပ်၏ မှန်ဝါးသော ဉာဏ် အမြင်တွင် ထင်လင်း၍ လာပါသည်။

ဤတွင် ဝေဖန်သော စကား၏ အတိုင်း အရှည်နှင့် တန်ခိုး ရှိပုံကို တိုင်းတာရာ စံကိုလည်း သိအပ်ပါသည်။ ဝေဖန်ရေး စကား၏ စံတို့သည်

(က) အကြောင်း အကျိုးကို ပြ၍ ပြောအပ်သော စကား ဖြစ်ရခြင်း၊
(ခ) ကြည်ညိုဖွယ် ရှိအောင် နေနည်း ပြောနည်းကို ပြညွှန်နိုင်ခြင်း၊
(ဂ) အပြစ် ရှိလျှင် အချင်းချင်း သတိပေးသည့် အနေ ပြောဆိုခြင်း၊
(ဃ) ထိုအပြစ်မှ ကင်းအောင် ကူညီခြင်း

http://www.dhammadownload.com



သဘောတို့ ပါရှိရအပ်ပါသည်။ သို့မှသာ ထိုဝေဖန်ရေးသည် ကြီးပွားကြောင်း မည်ပါလိမ့်မည်။

အကျွန်ုပ်သည် ချမ်းမြေ့ဆရာတော်၏ သံဃာဒိသေသ် အာပတ် သင့်ရောက်ပုံ ပြည့်နှင့်ချက်ကို ကြားရသောအခါ ပါတိမောက်၌ ပြဆိုထားသော မြတ်စွာဘုရား၏ ဝိနည်း ဥပဒေသများကို အကျယ် အပွား တွေးနေမိလေသည်။ ဂျပန် ရဟန်းတော်သည် သာသနာတော်၏ လေးနက်သော ဤ အယူဝါဒ အနက် အကျယ်တို့ကို ကိုယ်တိုင် ခံစား သိမြင်ပါစေဟုလည်း ဆုတောင်းနေမိ၏။

ထိုအခါ နောက်ဆုံး သံဃာဒိသေသ် သိက္ခာပုဒ်ကို ဟောတော်မူသော ချမ်းမြေ့ ဆရာတော် ဘုရား၏ တရား စကားကို အသံချဲ့စက်မှ ကြားရပြန်ပါသည်။

*'13. A bhikkhu is a corrupter of familes by gifts of flowers, fruits, different kinds of beautifying powder, etc, with the hope of gaining someting from them. He should be admonished by bhikkhus. Should he, being admonished, persists as before, he should be remonstrated with by the Sangha. If he, on being remonstrated entails Sanghadisesa Offence.'*

သာသနာတော်သည် ကြည်ညိုခြင်း အခြင်းအရာ ထင်ရှားရှိကြောင်း၊ ရဟန်း သံဃာသည် ကြည်ညိုဖွယ် ဖြစ်အောင် ပြုမူ ပြောဆို နေထိုင်အပ်ကြောင်းကို အကျွန်ုပ်သည် ပထမ အကြိမ် ရဟန်းပြုပြီး ဥပါသကာ ဖြစ်လာသည်မှ နောက်၌ အစဉ်ပင် နားလည် သဘောပေါက်၍ နေခဲ့ပါသည်။ ချမ်းမြေ့ ဆရာတော် နောက်ဆုံး မိန့်တော်မူသော ဤကုလဒူသက သိက္ခာပုဒ်သည်လည်း ရဟန်း သံဃာတို့ အကြည်ညို ပျက်ကြောင်း မကောင်းသော အပြုအမူကို တားမြစ်လို၍ ကြိုတင် ကာကွယ်ခြင်း ဖြစ်သည်ဟု သဘောပေါက်ပါသည်။ ဤတွင် အကြည်ညို ပျက်ရာသော တရားသည် အဘယ်နည်း။ 'ဆန္ဒာဂတိ' ဖြစ်ပါသည်။ အဂတိသည် အစဉ်သဖြင့် လူတို့အား အကြည်အညို ပျက်စေပါသည်။ ရဟန်း သံဃာသည် အဂတိ

http://www.dhammadownload.com



တရားများ၌ မကျက်စားအပ်။ ဤကား လူသားတို့ အဖို့လည်း ထားအပ်သော သိက္ခာ ဖြစ်ပါသည်။

ဤသိက္ခာပုဒ် အရ အကြင် ရဟန်းသည် ကုလဒူသက ဖြစ်ကြောင်း မျက်မြင် ထင်ရှားလျှင် ထိုရဟန်းအား ကျောင်းတိုက် အတွင်းကပင် နှင်ထုတ်ရပါမည်။ ထိုသို့ နှင်ထုတ်သည်ကို ဆန္ဒာဂတိ လိုက်စားသည်ဟု ပြောလျှင် ပြောသော ရဟန်းအား ထိုသို့ မပြောဆိုရန် တားမြစ်ရပါမည်။ တားမြစ်ပါလျက် ထိုအပြောမျိုးကို မစွန့်လျှင် သမနုဘာသနကံ ပြုပါ။ ကံပြု၍ မပြီးခင် စွန့်လျှင် ကောင်း၏။ ပြီးသည့် တိုင်အောင် မစွန့်လျှင်ကား သံဃာဒိသေသ် အာပတ်သင့်ပါသည်။

ဤတွင် သိက္ခာပုဒ်တော်၏ နက်နဲသော အခြင်းအရာကို သိအပ်ပါသည်။ အထက်က ပြည့်နှစ်ခဲ့သော သာသနာတော်ဝယ် ဝေဖန်ခြင်းကို အားပေးခြင်း သဘောသည် ရဟန်း သံဃာကို ချီးမြှောက်ခြင်း မည်ပါသည်။ မြင့်သော ဘဝ မြတ်သော ဘဝသို့ ပို့ဆောင်ခြင်း မည်ပါသည်။ သို့ပါလျက်လည်း အကြင် ရဟန်းသည် မြင့်မြတ်သော အခြင်းအရာအားဖြင့် မနေ။ အမျိုး လေးပါးကို ဖျက်ဆီးခြင်းကို ပြု၏။ ထိုရဟန်းကို ကုလဒူသက ရဟန်း ခေါ်ပါသည်။ ဤတွင် ဖျက်ဆီးခြင်း ဆိုသော စကားသည် အမျိုး လေးပါးတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းကို သိအပ်၏။ အမျိုး လေးပါး၏ ယုံကြည်မှု သဒ္ဓါတရားကို ဖျက်ဆီးကြောင်း ဝတ္ထုကား ရှစ်ပါး ရှိ၏။ ရဟန်းသည် အမျိုး လေးပါးအား ပန်းကို ပေး၏၊ သစ်သီးကို ပေး၏၊ အမွှေး နံ့သာကို ပေး၏၊ ရေချိုး ဆပ်ပြာမှုန့်၊ မြေညက် (သနပ်ခါး) မှုန့်၊ ဝါး သွားပွတ်တံ (ဒန်ပူ)၊ ခြေဖြင့် သွားခြင်း၊ ဆေးကုသပေးခြင်းအားဖြင့် ရှစ်ပါး ရှိ၏။ မိန်းကလေး တစ်ယောက်အား ပန်းကို ပေးလျှင် ထိုရဟန်းသည် ထိုမိန်းကလေး၏ သဒ္ဓါတရားကို ဖျက်ဆီးသည် မည်၏။ ဖျက်ဆီးပုံမှာ ရဟန်းက ထိုအမျိုးသမီးကို ပန်းပေးခြင်းဖြင့် မိမိအား ကြည်ညိုအောင် ပြု၏။ ထိုမိန်းကလေးသည် ထိုရဟန်းအား လှူချင်စိတ် ဖြစ်ရုံမျှမက ချစ်ခင်ခြင်းလည်း ဖြစ်ပေလိမ့်မည်။ ထိုအခါ လဇ္ဇီသူမွန် သီလဝန် ရှိသော အရှင်မြတ်တို့အား ထိုအမျိုးသမီးသည် မလှူချင် မဆည်းကပ်ချင် မကိုးကွယ်ချင်တော့။ မိန်းမ၏ အစစ်အမှန် အဖိုးတန် သဒ္ဓါတရား ပျက်စီးသွားရ

http://www.dhammadownload.com



တော့သည်။ ဤတွင် ခြေဖြင့် သွားခြင်း ဆိုသည် တစ်စုံတစ်ယောက်က ခိုင်းသည်ကို ရဟန်းက လိုက်နာ ဆောင်ရွက်ပေးခြင်းကို ဆိုပါသည်။ ရဟန်းသည် ဆေးကုခြင်းဖြင့်လည်း အမျိုး ဖျက်ဆီးရာ ကျသည်။ ရဟန်းသည် ဆေးကုရန် တာဝန် မရှိ၊ ဆေးမကုအပ်ဟု ဆိုသော်လည်း ခြွင်းချက်ကား ရှိ၏။ အောက်ပါ လေးမျိုးကိုကား ဆေးကုနိုင်၏။ လေးမျိုးသော်ကား

(က) မိဘကို ဆေးကုနိုင်သည်၊

(ခ) မိမိ၏ ဝေယျာဝစ္စ ပြုသူကို ဆေးကုနိုင်သည်။

(ဂ) ရိက္ခာပြတ်၍ ကျောင်း ကပ်လာသူ၊ ကျောင်းမှာ နာမကျန်းသူနှင့်

(ဃ) ကျောင်းသား ရှင်လောင်းတို့ကို ဆေးကုနိုင်သည်။

တစ်နည်း လာဘ်ရအောင် အားထုတ်သော နည်းဖြင့် အသက်မွေးခြင်းကား ကုလဒူသန ဖြစ်ပါသည်။

ဤသိက္ခာပုဒ် အရ မကောင်းသော အသက် မွေးမှု၊ ယုတ်ညံ့သော အကျင့် ကျင့်မှုတို့ကို ကျင့်သော ကုလဒူသက ရဟန်းကို မြင်လျှင် ကျန်ရဟန်းများက ထိုရဟန်းအား ပဗ္ဗာဇနီယကံ ပြုထိုက်သည်။ အထက်မှာ ပြခဲ့သော ကုလဒူသက ရဟန်းကို ဤကျောင်းတိုက်တွင်းမှ ထွက်၍ အခြားကျောင်းတိုက်မှာ သွားရောက် သီတင်းသုံးပါဟု နှင်အပ်၏။ ထိုသို့ နှင်ခြင်းသည် အာပတ်ဖြင့် အရေးယူခြင်း မဟုတ်။ ထိုသူသည် ပြောဆိုသည့်အတိုင်း ထွက်ခွာသွားလျှင်ကား အာပတ် မသင့်။ (ကျောင်းတိုက်မှ နှင်ထုတ်ခြင်း ကံကို ပဗ္ဗာဇနီယကံ ခေါ်သည်။) ကုလဒူသကကြောင့် သင့်မိသော ဒုက္ကဋ်ကို ဒေသနာ ပြော၍ အခြား တစ်ရပ်မှာ ကောင်းစွာ နေလျှင် စင်ကြယ်ပါသည်။ ကုလဒူသက ပြုထားသော ရွာ နိဂုံးမြို့တို့မှ ရအပ်သော ပစ္စည်း ဖြစ်လျှင် ထိုရဟန်းမှာလည်း မအပ်ပါ။ သီတင်း သုံးဖော်တို့အားလည်း မအပ်တော့ပါ။ ထိုရဟန်းသည် ထိုကျောင်း ထိုရွာ နိဂုံးမြို့ကို မှီ၍ အသက်မွေးသမျှ ကာလပတ်လုံး အာပတ်သင့်နေလေတော့သည်။ ဤတွင် သိအပ်သည်မှာ ထိုကံ ပြုခံရသော ရဟန်းသည် ဆိုင်ရာ ကျင့်ဝတ်ကို ကျင့်၍ ကံငြိမ်းပြီးနောက် ရဟန္တာ အဖြစ်သို့ ရောက်သော်လည်း ကုလဒူသကဖြင့် ဆက်ဆံမိသော ဒါယကာ ဒါယိကာမတို့ထံမှ ပစ္စည်းကို အလှူ

http://www.dhammadownload.com



မခံရတော့။ အဘယ်ကြောင့်နည်းဟု လူတို့က လျှောက်ထားလျှင် 'ရှေးတုန်းက သင်တို့အား ကုလဒူသက အမူဖြင့် ချီးမြှောက်မိလို့' ဟု ပြောဆိုဝန်ခံရမည်။ ဒါယကာ ဒါယိကာမများက ရှေးက ထိုသို့ပြု၍ ယခု လှူသည် မဟုတ်ပါ၊ ယခု ကောင်းစွာ နေသဖြင့် ကြည်ညို၍ လှူသည် ဆိုမှ လက်ခံခွင့် ရှိသည်။

ဤတွင် ကုလဒူသကပြုသော ရဟန်းက ကံပြုသော အခြား ရဟန်းများကို စွပ်စွဲ ပြောဆိုနိုင်သည်ကို မြတ်စွာဘုရား သိမြင်တော်မူပြီး ဖြစ်ပါသည်။ ကံပြုခံရသော ရဟန်းက ကံပြုသော ရဟန်းများကို အဂတိ လိုက်စားသည်ဟု ဆိုဖွယ် ရှိ၏။ ထိုအခါ ထိုရဟန်းအား ထိုသို့ မစွပ်စွဲထိုက်ကြောင်းကို ပြောဆို ဆုံးမရပေမည်။ ဆုံးမ မရလျှင် သာမနုသာသနကံ ပြုရဦးမည်။ ကံပြုနေစဉ် ထိုရဟန်းက စွပ်စွဲနေသော စကားကို စွန့်လျှင် ကောင်း၏။ ကမ္မဝါစာ ဆုံးသည့်တိုင် မစွန့်မူကား သံဃာဒိသေသ် အာပတ် သင့်လေတော့သည်။

ဤသို့လျှင် လေးနက် ခိုင်မာသော သဘောတရားများဖြင့် ကြီးပွားအောင် တည်ဆောက်ထားသော ထေရဝါဒ သာသနာတော် အစုအစဉ်ကို သိမြင်ရသဖြင့် ပြုံးရွှင်သွားသော ဂျပန် ရဟန်းတော်၏ ဝင်းပနေသည့် မျက်နှာကို အကျွန်ုပ်လည်း ကြည့်ရင်း များစွာပင် ကြည်ညိုနေမိတော့၏။

အကျွန်ုပ်၏ ရင်ထဲတွင် ထိုကြည်နူးမှုများနှင့် အတူ အကယ်၍သာ ဗုဒ္ဓ မြတ်စွာ၏ အဆုံးအမတော်များကို အကြင် ပညာရှိသော သူတို့သည် ထိုးထွင်း သိမြင်နိုင်သည် ဖြစ်၍ လောက ကြီးပွားခြင်း အကျိုးငှာ ထုတ်ယူ အသုံးချတတ်မည် ဆိုလျှင် ဤလူ့ဘောင် လောကသည်လည်း အစဉ် ကြီးပွား တိုးတက်နေအောင် ဖန်တီးမည့် အစွမ်း အင်အားများ ရှိနေသည်ကို ရှုမြင် တွေးတောနေမိပါသည်။

ရဟန်းခံပွဲ ပြီးဆုံးခြင်းသို့ ရောက်သော အခါ ပရိသတ်များကိုလည်း အကျွေးအမွေးဖြင့် ဧည့်ခံလေသည်။ မမစု (ဒေါ်ခင်နှင်းယု) က ထမင်းစားပြီးမှ ပြန်ပါ ဆို၍ ထမင်းစား အဆောင်သို့ သွားရသည်။ စားသောက်ပြီးသော အခါ အချိန် နှောင်းပြီ။ ယနေ့ အဖို့ ဆရာတော်ကို ဖူးတွေ့နေလျှင်

http://www.dhammadownload.com



ဆရာတော် ပင်ပန်းနေပေတော့မည်။ မမစုကိုသာ အကျိုးအကြောင်း ပြောခဲ့ပြီး ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။ ထမင်း စားအပြီးမှာ မမစုနှင့် တွေ့သည်။ မစ္စတာ ကီတာတာနီအား ဒုတိယ အကြိမ် တွေ့ဆုံ မေးမြန်းရမည့် ရက်ကို သတ်မှတ်ပေးရန်နှင့် တွေ့ဆုံပွဲ မတိုင်မီ တစ်ရက် ကြိုပြီး ဆရာတော်ဘုရားက ဂျပန် ရဟန်းတော်အား နံနက်ခင်း တရား စစ်မေးပုံကို သီးခြား လေ့လာလိုသေးကြောင်း ဆရာတော်ကို လျှောက်ထားပေးဖို့ မမစုအား မှာခဲ့ရ၏။ မမစုက ဆရာတော်ကို လျှောက်ထားပြီးနောက် မိုးဝေတိုက်သို့ ဖုန်းဆက်မည်ဟု ကတိပြုလိုက်ပါသည်။

နောက်ရက်တွင် မမစု မိုးဝေတိုက်သို့ ဖုန်းဆက်လေသည်။ နံနက် ခြောက်နာရီခွဲမှာ နေ့စဉ် ဆရာတော်သည် ဂျပန် ရဟန်းတော် ဦးပညာနန္ဒအား ဝိပဿနာ တရား စစ်ဆေးသည့် အစီအစဉ် ရှိကြောင်း၊ လေ့လာလိုလျှင် နံနက် ခြောက်နာရီခွဲ အရောက် ချမ်းမြေ့ ရိပ်သာသို့ လာရန် အကြောင်းကြားလေသည်။

နောက်နေ့တွင် ဆရာတော်၏ ကျောင်းသို့ နံနက် ခြောက်နာရီ အရောက် သွားသော်လည်း ကားတိုးစီးနေရ၍ နောက်ကျလေသည်။ မိုးဝေ ကိုသိန်းဦးနှင့် မမစုတို့ လမ်းထိပ်က ထွက်၍ ကြိုနေကြသည်။ အားနာသော စိတ်ဖြင့် ကတိုက်ကရိုက် လှမ်းရသည်။ ကံကောင်းချင်တော့ နံနက် စောစော ကျောင်းမှာ နိုင်ငံခြားက ပြန်လာသော ဆရာတော်၏ တပည့် ဒကာများ ဆရာတော်ကို အရုဏ်ဆွမ်းကပ် ဖူးမြော်နေကြသောကြောင့် အခန့်သင့် သွားသည်။ နောက်ကျခြင်းက အံကိုက် ဖြစ်နေသည်။ ထိုဧည့်သည်များ ပြန်ကြသော အခါ ဂျပန် ရဟန်းတော် ရှိရာ စံကျောင်းငယ်သို့ ဆရာတော် ကြွသည်။ အကျွန်ုပ်တို့က ဆရာတော်၏ နောက်မှ လိုက်ကြပါသည်။

ဂျပန် ရဟန်းတော်၏ မျက်နှာကို နံနက် စောစော ဖူးရသည်မှာ နံနက် စောစော ကန်ရေပြင်ပေါ်တွင် လရောင်ဖြင့် ပွင့်ခဲ့သော ပဒုမ္မာ ကြာပန်းကြီးကို မြင်လိုက်ရသည်နှင့် တူပါသည်။ လန်းဆန်း၍ အေးမြခြင်း အရသာကို ကောင်းစွာ ခံစားရသည်။ ဤတစ်ကြိမ်တွင် ဂျပန် ရဟန်းတော်၏ မျက်နှာ၌ ပိုမို၍ အင်အား ရှိသော ငြိမ်သက်ခြင်းနှင့် အတူ ခိုင်မာ တောင့်တင်း တည်ကြည်ခြင်းများကိုပါ ထင်ထင်လင်းလင်း မြင်ရပါသည်။

http://www.dhammadownload.com



မြန်မာပြည်သို့ ရောက်ကတည်းက ထိုပုဂ္ဂိုလ်သည် အချိန်ကာလ များစွာကို ဝိပဿနာ ကမ္မဋ္ဌာန်း လုပ်ငန်း အတွက် အသုံးပြုခဲ့ကြောင်း ကြားသိရပါသည်။

သူသည် နှစ်ပရိစ္ဆေဒ များစွာကို ဘဝ၌ အဓိပ္ပာယ်နှင့် တန်ဖိုးကို လိုက်လံ ရှာဖွေခဲ့ပြီး ဖြစ်သည်။ ဝမ်းဘဲ ဟသ်ာ ချောင်းကို ပစ်၍ မြစ်ကို ရှာ ရေသာ များ၍ ငါး မတွေ့ ဆိုသော စကားကဲ့သို့ အချိန်သာ ကုန်ခဲ့သည်။ ဘဝ၏ စစ်မှန်သော အနက် အဓိပ္ပာယ်နှင့် အနှစ်သာရ တန်ဖိုး (သစ္စာ) များကိုကား မတွေ့ခဲ့ရ။ လူတို့ သိမှတ်နေကြသော စည်းစိမ် ချမ်းသာ ဆိုသော ရုပ်ဝတ္ထု ပစ္စည်းများ၊ ပြုပြင် ဖန်တီးအပ်သော သင်္ခါရ တရားများသည် ချမ်းသာ မဟုတ်မှန်း ဒုက္ခ ဖြစ်မှန်း ကိုယ်တွေ့ သိမြင်ခဲ့ရလေသည်။

ဘယ်အခါ သိရသနည်း။ ခန္ဓာသို့ ဉာဏ် ရောက်သော အခါ သိရလေသည်။ ဘယ်အခါ ခန္ဓာသို့ ဉာဏ်ရောက်ပါသနည်း။ သူ၏ ခန္ဓာက သူ့ကို နှိပ်စက်နေကြောင်း၊ ထိုခန္ဓာသည် သူ့အဖို့ အားထားရသော မိတ်ဆွေ (ကလျာဏ) မဟုတ်ကြောင်း၊ ဘယ်လောက်ပင် ထိုခန္ဓာကို ပြုစု ယုယသော်လည်း ထိုခန္ဓာသည် မိမိ ဖြစ်စေလိုသကဲ့သို့ မဖြစ်၊ မိမိကို ရန်ပြုလျက်သာ နေသည်၊ ဘယ်လောက် ကျန်းမာအောင် နေနေ ဘယ်လောက် သပ္ပာယ ဖြစ်အောင် စားစား တိတ်တဆိတ် ကင်ဆာ ခေါ်သော ရောဂါဆိုးကို မိမိ အိမ်တွင်းသို့ သွင်းထားလေသည်။ မိမိက ဘယ်လောက် ချစ်ချစ်၊ ဘယ်လောက် ခင်ခင်၊ ဘယ်လို စေတနာ ထားထား မိမိ ကွယ်ရာမှာ ဖောက်ပြန်သော သစ္စာမဲ့သော မိန်းမယုတ်နှင့် တူစွာ ဤခန္ဓာသည် မိမိ အပေါ်မှာ ပြုကျင့်ရက်လေသည်ကို ထိုပုဂ္ဂိုလ် မြင်ခဲ့ပြီးပြီပဲ။

ယခုမှသာ ရေလိုက်လွဲသဖြင့် ကုန်ဆုံးသွားပြီးသော အချိန် ကာလများကို နှမြောလျက် သူသည် လမ်းပျောက်သူ လမ်းမှန် တွေ့သကဲ့သို့ ထေရဝါဒ သာသနာတော်မှာ အမှန် သစ္စာ၏ အနက် အဓိပ္ပာယ်၊ ဘဝ၏ တန်ဖိုး၊ ဘဝ၏ အနှစ်သာရများကို တူးဖော် ရှာဖွေနေပြီ ဖြစ်လေသည်။

ယခု သူသည် ဓမ္မစရ တရားကို ဆောင်သူ ဖြစ်ဖို့ ကြိုးပမ်းနေလေပြီ။ တရားတော်သည် သူ့အား တစ်စုံတစ်ခုသော ဝဲသြဃ အဏ္ဏဝါ သံသရာ

http://www.dhammadownload.com



သမုဒ်ပြင်ကို ကျော်လွှန် ကူးမြောက်ရေး အတွက် စီးနင်းစရာ ဖောင် အဖြစ် တည်ရှိနေပြီကို သူ မြင်နေပါပြီ။

ယနေ့ ချမ်းမြေ့ ဆရာတော်က သူ့ကို စစ်မေးသော တရားမှာ ထူးခြားသော ဝိပဿနာ တရား ဖြစ်၏။ ဆရာတော်သည် ဂျပန် ရဟန်း တော်အား လေးနက်သော ဒဿနကို ခန္ဓာမှာ မြင်အောင် တစ်ချက်ချင်း ရှင်းပြလေသည်။

အနောက် နိုင်ငံသားများက လောကကို ရှုမြင်ရာတွင် အပေါ်မြင် အသွင် သဏ္ဌာန်များကို *appearence* ဟု ခေါ်ကြလေသည်။ ထိုအသွင် သဏ္ဌာန်၏ နောက်ကွယ်တွင် အနှစ်သာရ အစဥ် ထာဝရ ဝတ္ထု အစစ်အမှန် တစ်ခု ရှိသည်ဟု သူတို့က ထင်ကြလေသည်။ ထိုအစစ်အမှန် ထာဝရ ဝတ္ထုကို ၄င်းတို့က *reality of substance* ဟု ခေါ်ကြပါသည်။ ထို *substance* ကို ဟိန္ဒူတို့၏ ဒဿနများဝယ် အတ္တ၊ အတ္တမံဟု ခေါ်လေ သည်။

တစ်နည်းအားဖြင့် *appearence* သည် ပညတ် တရားများ ဖြစ်သည်ဟု ဆိုနိုင်သည်။ *reality* သည် ပရမတ် တရားများ ဖြစ်သည်ဟု ဆိုသင့်ပါသည်။

နောက်တစ်နည်း ပြောရလျှင် အပေါ်ယံ ပုံပန်း သဏ္ဌာန် အဆင်း အရောင်တို့သည် မမြဲသော တရားများ ဖောက်ပြန်သော သင်္ခါရ တရားများ ဖြစ်ကြကုန်သည်။ သို့သော် ပရမတ် တရားတို့မှာ မြဲသော ထာဝရ တရား များ ဖြစ်ကြသည်ဟု ဒဿန ဆရာများက လက်ခံ ယုံကြည်ထားကြသည်။ ထိုမြဲသော ထာဝရ တရား ပရမတ္ထ သစ္စာသည် အဘယ် သဘော ရှိပါ သနည်း။ ထိုအချက်တွင် အတွေးအမြင် ဆရာများ သဘောကွဲကြလေသည်။

အတ္တဝါဒီတို့က ထိုထာဝရ တရားသည် အမြဲ တည်နေသော အရှိတရားကြီး တစ်ခု ဖြစ်သည်ဟု မြင်ခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာ ပွင့်တော် မူသော အခါ ထိုအယူဝါဒကို တော်လှန်ပစ်လိုက်သည်။ ပရမတ္ထ တရားစစ် သည် အရှိတရား အတ္တကြီး မဟုတ်၊ မရှိတရား အနတ္တကြီး ဖြစ်သည်ဟု ကြေညာတော်မူလေသည်။ ထိုအနတ္တ ဆိုသော တရားကြီးကို သာမန်လူတို့ ကို မဆိုထားဘိ၊ သိပ္ပံဆရာများ အတွေးအခေါ် ဆရာကြီးများပင် မြင်နိုင်

http://www.dhammadownload.com



ရန် ခက်ခဲခဲ့ကြလေသည်။ အနတ္တကို အမြင်ပေါက်ဖို့မှာ မလွယ်။ ဝိပဿနာ ဉာဏ်အဆင့်ဆင့် ဖြစ်ပေါ်မှ ရရှိမှသာ ကွင်းကွင်း ရှင်းရှင်း မြင်ရသည်။ ယခု ချမ်းမြေ့ ဆရာတော်ဘုရားသည် ဂျယန် ရဟန်းတော်အား ထိုဝိပဿနာ ဉာဏ်အမြင်ပေါက်ရေးကို ရှေ့ရှုလျက် တရား ပြတော်မူလေသည်။

'သင် တရားမှတ်တဲ့ အခါ ဘယ်လို မှတ်သလဲ'

ဆရာတော်က မေးစစ်တော်မူသည်။

'စင်္ကြံ သွားတဲ့ အခါ တပည့်တော်က ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ်ပါတယ်၊ ထိုင်ပြီး မှတ်တဲ့ အခါ ဝမ်းဗိုက် ပိန်တယ်၊ ပူလာတယ်၊ ဖောင်းတယ်၊ ပြန်ပိန်သွားတယ်၊ ဒါကို မှတ်ပါတယ်'

'မှန်တယ်၊ စင်္ကြံ သွားတဲ့ အခါ ခြေကို ကြွတယ်၊ လှမ်းတယ်၊ ပြီးတော့ ချလိုက်တယ်၊ ဒါက ရုပ်ပိုင်းက လုပ်နေတာ၊ ဒီလို ရုပ်က မလုပ်ခင် ကြွလိုတဲ့ စိတ် လှမ်းလိုတဲ့ စိတ် ချလိုတဲ့ စိတ်က ရှေ့က ဦး ဆောင်နေတယ်၊ ဒါကိုကော သဘော မြင်ရဲ့လား'

'မြင်ပါတယ် ဘုရား'

'ဒါဖြင့် စိတ်က စေ့ဆော်တယ်၊ ဒါကို ရုပ်က ဆောင်ရွက်တယ်၊ စိတ်ဖြစ်လိုက် ရုပ်ဖြစ်လိုက် ဖြစ်နေတယ်၊ ဒါကိုကော မြင်သလား'

'တင်ပါ၊ မြင်ပါတယ် ဘုရား'

'မြင်ရင် စိတ်က ရုပ်ကို လှုံ့ဆော်တဲ့ အကြောင်း၊ ရုပ်က လိုက်လုပ်တဲ့ အကျိုး၊ အကြောင်းနှင့် အကျိုး ဆက်စပ် ဖြစ်ပေါ်နေတယ်၊ နာမ်နှင့် ရုပ် ဆက်စပ်ပြီး ဖြစ်နေတာကိုကော သဘောကျအောင် မြင်ရရဲ့လား'

'မှန်ပါ၊ တပည့်တော် ဉာဏ်မှာ ရှင်းလာပါပြီ ဘုရား'

'ခု ရုပ်ပိုင်းကို ပြောကြစို့၊ ကြွ လှမ်း ချရာမှာ ကြမ်းပြင်နှင့် ထိတဲ့ အခါ ပူတာ အေးတာကို သိတယ်၊ မာတာ ပျော့တာကို သိတယ်၊ ရွေ့သွားတာ လှုပ်ရှား သွားတာကို သိတယ်၊ ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် ဘုရား'

'ထိုင်နေတဲ့ အခါ ခန္ဓာကိုယ်မှာ တောင့်တင်းနေတာ ပျော့ပျောင်း နေတာကို မြင်ရဲ့လား'

http://www.dhammadownload.com



'မြင်ပါတယ် ဘုရား'

'အဲဒီ မာတဲ့ သဘော၊ တောင့်တင်းတဲ့ သဘော၊ နူးညံ့ ပျော့ပျောင်းတဲ့ သဘောတွေကို အင်္ဂလိပ်လို ဆိုတော့ *earth element* လို့ ခေါ်တယ်၊ ပါဠိလို ဆိုရင် ပထဝီ ဓာတုလို့ ခေါ်တယ်၊ မြန်မာလိုတော့ မြေဓာတ်လို့ ခေါ်ပါတယ်၊ သို့သော် ပထဝီဓာတ် ဆိုတာ လူသာမန်တွေ ပြောနေတဲ့ မြေကြီးကို ပြောတာ မဟုတ်ဘူး၊ ပြောခဲ့ပြီးတဲ့ အခြေခံဓာတ် မာမှု ပျော့မှု တောင့်မှု တင်းမှု နူးညံ့မှုများကို ပြောတာ၊ ဉာဏ်မှာ ထင်ပြီလား'

'ထင်ပါပြီ ဘုရား'

'ဒါဆိုရင် သင် (အရှင်ဘုရား) ရဲ့ ပတ်ဝန်းကျင်မှာ မြင်နေ တွေ့နေရတဲ့ အရာဝတ္ထုတိုင်းမှာ မာတဲ့ သဘော ပျော့တဲ့ သဘောတွေ ရှိနေတာ သတိထားကြည့်စမ်း၊ မြင်ရဲ့လား'

'မြင်ရ လွယ်ပါတယ် ဘုရား'

'မာတယ် ပျော့တယ် ဆိုတာဟာ ဝတ္ထု ပစ္စည်း မဟုတ်ဘူး၊ ဒါဟာ ဓာတ်သဘော ဖြစ်တယ်၊ ဒီဓာတ်သဘောကို မဟာဘူတ ဓာတ်လို့ ခေါ်တယ်၊ ဝတ္ထု ပစ္စည်းတွေကတော့ မမြဲဘူး၊ ဖြစ်ပြီးရင် ပျက်သွားကြမှာပဲ၊ တော်တော် ကြာရင် ပျောက်ကွယ်သွားကြမှာပဲ၊ မာမှု ပျော့မှု ဆိုတဲ့ အခြေခံဓာတ်သဘောကတော့ အမြဲပဲ ရှိမယ်၊ မာမှု ပျော့မှုဟာ အထည်ဒြပ် တစ်ခု မဟုတ်ဘူး၊ သဘောမျှသာပဲ၊ ဒီသဘောကို ဉာဏ်မှာ မြင်အောင် ရှုရမယ်၊ ရှုတဲ့အခါ ယောဂီရဲ့ ဉာဏ်မှာ ပထဝီ ဓာတ်ရဲ့ သဘောဟာ အစိုးမရတဲ့ အနတ္တ လက္ခဏာ ရှိနေတာ ပေါ်လွင်လာလိမ့်မယ်။

'နောက်ပြီး ဖွဲ့စည်း ယိုစီးမှု သဘောကို မိမိ ခန္ဓာမှာ မြင်အောင် ရှုတဲ့ အခါ ယောဂီရဲ့ ဉာဏ်မှာ ဒီဖွဲ့စည်းမှု ယိုစီးမှုတွေကို ပြတ်ပြတ်သားသား မြင်လာမယ်၊ ဒီသဘောကို အင်္ဂလိပ်လို *water element* ခေါ်တယ်၊ ပါဠိလိုတော့ အာပေါဓာတ်လို့ ခေါ်တယ်၊ အာပေါဓာတ်ကို ရေဓာတ်လို့ လူပြိန်း နားလည်အောင် ဘာသာပြန်ရသော်လည်း တပည့်တော်တို့ တွေ့နေတဲ့ ရေကို ပြောတာ မဟုတ်ဘူး၊ ဉာဏ်မှာ ထင်လာတဲ့ ရေရဲ့ သဘော အာပေါဓာတ်ရဲ့ သဘောမျှပဲ ဖြစ်တယ်၊ ဒီသဘောကို အာရုံမှာ ထိတွေ့ပြီး ဉာဏ်မှာ ထင်လာအောင် ရှုရမယ်။

http://www.dhammadownload.com



'နောက်တစ်ခါ ခန္ဓာမှာ ပူမှု အေးမှု သဘောတွေ ကိုယ်တွေ့ သိမြင်နေမယ်၊ ယောဂီဟာ ဓာတ်အားဖြင့် ဖြစ်တဲ့ ပူမှု အေးမှုတွေကို ပညတ်အားဖြင့် အင်္ဂလိပ်လို ဆိုရင် *fire element* လို့ ခေါ်တယ်၊ သို့သော် လူတွေ သိနေကြတဲ့ မီး မဟုတ်ဘူး၊ ပါဠိလို ဆိုတော့ တေဇောပဲ၊ တေဇော ဆိုတာ တန်ခိုး အရှိန် စွမ်းအင်ကို ဆိုတာပဲ၊ ဝတ္ထု ပစ္စည်းတွေ ထဲမှာရော ရှုမှတ်နေသူ ယောဂီရဲ့ ခန္ဓာမှာရော သီတ ဥဏှ ခေါ်တဲ့ အေးမှု ပူမှု သဘောတွေ ထင်ရှား ဖြစ်နေတာ တွေ့အောင် ရှုရမယ်။

'နောက်ပြီး တစ်ဖန် ကြွတယ် လှမ်းတယ် ချတယ် ဆိုပြီး ရှုမှတ်နေသူရဲ့ ဉာဏ်မှာ တွန်းကန်မှု သဘော ရွေ့လျားမှု သဘော ထောက်ကန်မှု သဘောတွေကို မြင်မိလိမ့်မယ်၊ အဲဒါဟာ ဝါယောဓာတ်ရဲ့ သဘောပဲ၊ ဝါယောဓာတ်ကို အင်္ဂလိပ်လိုတော့ *air element* လို့ ခေါ်တယ်၊ မြန်မာလိုတော့ လေဓာတ်လို့ ခေါ်တယ်၊ သို့သော် ရိုးရိုးလေ *wind* သဘောကို ဆိုတာ မဟုတ်ဘူး၊ လှုပ်ရှား ရန်းကန်ခြင်း သဘောကိုသာ ဆိုတာ။

'ခု ဓာတ်ကြီး လေးပါး ဖြစ်တဲ့ ပထဝီ အာပေါ တေဇော ဝါယောရဲ့ ဉာဏ်မှာ ရှေးရှု ထင်တဲ့ သဘောတွေကို ယောဂီဟာ ဝိပဿနာ ရှုစဉ်အခါ မြင်လာပြီး ခု စဉ်းစားကြည့်တဲ့ အခါ အရာဝတ္ထု အကောင်အထည် ဒြပ်ဆိုလို့ ဘာဆို ဘာမှ မပါ၊ သဘော သက်သက်မျှသာ ဖြစ်တဲ့ ဒီဓာတ်လေးပါးကို မြင်ရပြီး ဝတ္ထုပစ္စည်း မှန်သမျှ ဒီဓာတ်များနှင့် ဖွဲ့စည်းထားတာပဲ၊ ယောဂီရဲ့ ဉာဏ်မှာ ခွဲခြား ရှုမြင်တတ်လာတာနှင့် အမျှ၊ ယောဂီဟာ စိတ် တည်ငြိမ်မှု သမာဓိ အားကောင်းလာတာနှင့် အမျှ မိမိ ခန္ဓာမှာ ဖြစ်နေ ပျက်နေတဲ့ အခြင်းအရာများ အားလုံးဟာ မာမှု ပျော့မှု ဖွဲ့စည်းမှု ယိုစီးမှု ပူမှု အေးမှု ထောက်ကန်မှု လှုပ်ရှားမှု ဆိုတဲ့ သဘောက လွဲပြီး ဘာမှ အပို မရှိဘူး၊ အထည် ဒြပ်လိုမျိုး အတ္တ ဘာမှ မရှိဘူး ဆိုတာ ချက်ကျကျ နားလည်နိုင်တယ်၊ ဒီအထိ သဘော ပေါက်ပြီလား'

ဂျပန် ရဟန်းတော်က တုံ့ဆိုင်းခြင်း မရှိဘဲ ချက်ချင်း ဖြေသည်။

'တပည့်တော် သဘောကျပါတယ် ဘုရား'

'ကောင်းပြီ၊ ဒါဆိုရင် ဓာတ်ကြီး လေးပါးရဲ့ ပြုပြင် ဖန်တီးမှု အရ ဖြစ်နေကြတဲ့ ဝတ္ထု ပစ္စည်း အထည်ဒြပ်တွေဟာ ဝိပဿနာ ဉာဏ်နှင့်

http://www.dhammadownload.com



ရှုသူ အမြင်မှာ အမြဲ မရှိကြဘူး၊ ဖောက်ဖောက်ပြန်ပြန် ဖြစ်နေကြတာ တွေ့ရမယ်၊ ဖြစ်လိုက် ပျက်လိုက်ပဲ နေကြတယ်၊ ဒီလို မမြဲတဲ့ သဘောဟာ လည်း ထင်ရှား ရှိတယ် မဟုတ်လား'

'မှန်ပါတယ် ဘုရား'

'မှန်တယ်၊ မမြဲဘူး၊ ဖောက်ပြန် ပြောင်းလဲနေကြတာချည်းပဲ၊ ဒါကြောင့် ဒီမမြဲတဲ့ သဘောကို ယောဂီဟာ ဝိပဿနာ ဉာဏ်ပေါ်မှာ ပေါ်အောင် ရှု ဆင်ခြင်ရတယ်၊ ဒီလို မမြဲခြင်း သဘောကို ပါဠိလို အနိစ္စ လို့ ခေါ်တယ်။

'မမြဲတဲ့ အနိစ္စ သဘောကို လောဘ ဒေါသ မောဟ မာန တရား များနှင့် ဖုံးကွယ်ထားတဲ့ အတွက် ဉာဏ် အလင်း မရတဲ့ ပုထုဇဉ်များမှာ လိုချင် တပ်မက်နေတယ်၊ စွဲလမ်း နှစ်ခြိုက်နေတယ်၊ ဒီလို စွဲလမ်း တပ်မက် ခြင်းကို အင်္ဂလိပ်လိုတော့ *attachment* (တဏှာ) လို့ ခေါ်တယ်၊ တဏှာ ခေါ်တဲ့ စွဲလမ်းခြင်း တပ်မက်ခြင်း တောင့်တခြင်းဟာ လူသားကို အစဉ် နှိပ်စက်နေတယ်၊ ဒီတော့ ဘာတွေ ဘယ်လောက်ပဲ ရရ လူမှာ အလို မပြည့်ဘူး၊ အလို မပြည့်တဲ့ အတွက် လူသတ္တဝါတွေဟာ ဆင်းရဲခြင်းကို ဗုဒ္ဓဘာသာ တရားမှာ ဒုက္ခလို့ ခေါ်တယ်၊ ဘာကြောင့် ဆင်းရဲ ကြရသလဲ၊ အစိုးမရတဲ့ အနတ္တ သဘောတွေကို အတ္တလို့ စွဲနေကြလို့လည်း ဖြစ်တယ်၊ တစ်နည်း ဆိုတော့ သဘောတရားရဲ့ တကယ့် အမှန် သဘော (သစ္စာ) ကို မြင်တဲ့ ဉာဏ် မရကြလို့သာပဲ၊ ဝိပဿနာက ဘဝရဲ့ အဖြစ်မှန် သဘော ကို ဖြစ်တတ်တဲ့ ဉာဏ်ကို ဖြစ်ပေါ်စေတယ်၊ အဲဒီလို ဉာဏ်ဟာ အနတ္တကို သိတဲ့ ဉာဏ် ဒုက္ခကို သိတဲ့ ဉာဏ် အနိစ္စကို သိတဲ့ ဉာဏ်မျိုး ဖြစ်ပါတယ်'

'တပည့်တော် တရား အားထုတ်နေစဉ်မှာ ဒီဉာဏ်မျိုး တစ်ချက် တစ်ချက်မှာ ရပါတယ်၊ အမြဲတော့ မရပါဘူး ဘုရား'

'ဟုတ်ပါတယ်၊ သမာဓိ ရပြီး ယောဂီ ပုဂ္ဂိုလ်ရဲ့ စိတ်က ငြိမ်သက်လာ လေလေ၊ တည်ကြည်မှု နက်ရှိုင်းလာလေလေ၊ ဝိပဿနာဉာဏ် ထက်သန် အားကောင်းလာလေလေ ဖြစ်ပါတယ်၊ ဒါကြောင့် ဝိပဿနာ တရားကို အားထုတ်သူဟာ ဆက်တိုက် အားသွန်ခွန်စိုက်ပြီး လုပ်ရတယ်၊ အလေ့ အကျင့် ရလေလေ ဉာဏ်အား ကောင်းလာလေ ဖြစ်ပါလိမ့်မယ်'

http://www.dhammadownload.com



ဆရာတော်၏ ချိုမြ တည်ငြိမ်သော အင်္ဂလိပ် စကားသံများကို အကျွန်ုပ် နားဝယ် ကြားနေရသည်မှာ အင်္ဂလိပ် စကားသံများဟုပင် မအောက်မေ့တော့။ မြန်မာဘာသာဖြင့် ဟောနေသည်ဟုသာ အောက်မေ့ရလောက်အောင် လွယ်ကူ ရှင်းလင်းနေလေတော့၏။ အကျွန်ုပ်ကဲ့သို့ လူပြိန်း တစ်ယောက်၏ စိတ်မှာပင် ထိုမျှ အမြင် ရှင်းရှင်း သိလိုက်ရလျှင် အကျွန်ုပ်ထက် အဆများစွာ ဉာဏ်ပညာ ပါရမီ ဓာတ်ခံ ကောင်းလှသူ ဂျပန် ရဟန်းတော် အဖို့မူ အဘယ် ပြောဖွယ်ရာ ရှိတော့အံ့နည်း။ တရားတော်၏ ချိုမြိန်သော အရသာကို ခံစားရသဖြင့် နှစ်သက် ကြည်နူးခြင်း အမူအရာသည် ဂျပန် ရဟန်းတော်၏ ကြည်လင်သော မျက်နှာတော်မှာ ထင်ရှားစွာ ပေါ်နေပါသတည်း။

ဒုတိယ အကြိမ် အားထုတ်ရန် ရဟန်းခံသော အခါ မစ္စတာ ကီတာတာနီမှာ ခွင့်ရက်ရှည် မရပါ။ ကုတ်ကုတ်ကတ်ကတ် တစ်ပတ်တည်းသာ အချိန်ရပါသည်။ ထိုအချိန်တိုကလေးကို သူသည် အကျိုး အရှိဆုံး အသုံးချခြင်း ဖြစ်ပါသည်။

တနင်္ဂနွေနေ့တွင် သူ၏ ဒုတိယ အကြိမ် အားထုတ်ခြင်း အဆုံးသို့ ဆိုက်ရောက်ပါသည်။

ထိုနေ့တွင် နောက်ထပ် အင်တာဗျူးကို ပြုလုပ်ရန် စီစဉ်ထားပြီး ချမ်းမြေ့ ဆရာတော် ဘုရားကလည်း ခွင့်ပြုထားပါသည်။ ညနေ ငါးနာရီမှ သိက္ခာချမည်။ ထိုအချိန် မတိုင်မီ တစ်နာရီခန့် စော၍ အင်တာဗျူး လုပ်ရခြင်း ဖြစ်သည်။

ဤတစ်ကြိမ်သည် ယခင် တစ်ကြိမ်ကထက် ထူးခြားပေလိမ့်မည်။ ပထမ အကြိမ်တွင်မူ မစ္စတာ ကီတာတာနီမှာ ရဟန်း ဘဝ အတွေ့အကြုံ မရှိသေးပါ။ ဤတစ်ကြိမ်၌မူကား သူ့မှာ ရဟန်း ဘဝ အတွေ့အကြုံ ရှိပြီးပြီ။ ပထမ အကြိမ် ရဟန်းတက်ပြီး နောက်ပိုင်းတွင်လည်း မစ္စတာ ကီတာတာနီသည် ဝိပဿနာ တရားကို အိမ်မှာ မပြတ် အားထုတ်လျက် ရှိကြောင်းကိုလည်း ကြားရပါသည်။

ထိုမျှ မကသေး၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် ရုံးအမှုထမ်းများ ကိုလည်း ရုံးမှာ နေ့လယ် အလုပ် နားချိန် တစ်နာရီကို ဝိပဿနာ တရား

http://www.dhammadownload.com



အားထုတ်နိုင်းသည်ဟုလည်း ကြားရသည်။ ရင်ထဲက ကျိတ်ပြီး သာခု ခေါ်နေရ၏။ သည်ကြားထဲ နိုင်ငံခြားမှာ နေသော သူ့ ယောက္ခမကြီးနှင့် သူ့ သားငယ် ကင်ကို ခေါ်ပြီး မြန်မာနိုင်ငံ၏ ထေရဝါဒ၏ အရသာ ဝိပဿနာ တရားကို အမြည်း သဘောဖြင့် အားထုတ်နိုင်းသေးသည်ဟု ဆိုပါသည်။

သူသည် အမှန်တကယ်ပင် ထေရဝါဒ ဗုဒ္ဓဘာသာ အစုအစဉ်ဝယ် ရတနာ သုံးပါးကို နှလုံးသားဖြင့် သက်ဝင် ယုံကြည်သူ ဥပါသကာ စစ်စစ် ဖြစ်နေပြီကို ကြားရ မြင်ရ သိရသမျှဖြင့်ပင် ရင်ထဲက သာခု အကြိမ်ကြိမ် ခေါ်နေရလေသည်။

ထို့ကြောင့်ပင် ယခု အပတ် တွေ့ဆုံကြသည့် အခါ ပိုမို လေးနက်သော မေးခွန်းများကို မေးဖို့ ဆုံးဖြတ်ထားပါသည်။ သူသည် ယခုအခါ ဂျပန် ရဟန်းတော် ဦးပညာနန္ဒ အသွင်ဖြင့် တည်နေပါသေးသည်။ ထို့ကြောင့် သူ့အား အင်္ဂလိပ် ဘာသာဖြင့် ဤသို့ လျှောက်ထားလိုက်ပါသည်။

*'Venerable U Pannya Nanda Sir,*

*'At this time when I come to an end of writing a series of articles on your first ordination in Chammye Yeiktha last year, very coincidentally, now you have taken another ordination to make second attempt in vipassana practice.*

*'I am very glad to inform you that we are trying to put the first series into a booklet form and we are also trying to render it into English.'*

ဂျပန် ရဟန်းတော် ဦးပညာနန္ဒအား ဝမ်းမြောက်စေလိုသော စေတနာဖြင့် တိုက်တိုက်ဆိုင်ဆိုင် 'တရား တွေ့ဖို့ ချမ်းမြေ့ဖို့' ဆောင်းပါးစဉ် ရေးအပြီးမှာ ဒုတိယ အကြိမ် အရှင်ဘုရားက ဝိပဿနာ တရားကို အားထုတ်ရန် အတွက် ရဟန်း ခံပြန်ပါသည်။

ဝမ်းမြောက်ဖွယ် သတင်း စကား ကြားသိစေလိုသည်မှာ တပည့်တော်တို့သည် ပထမ ဆောင်းပါးစဉ်ကို စာအုပ်ငယ် အသွင် ပြုပြင် ထုတ်ဝေ

http://www.dhammadownload.com



ရန် စီစဉ်လျက် ရှိပါသည်။ ထို့ပြင် ၄င်းကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုရန် ကိုလည်း အားထုတ်နေကြောင်းပါ ဘုရား။ (စာရေးသူ မအားလပ်၍ ပြန်ဆို မပြီးသေးပါ။)

(မစ္စတာ ကီတာတာနီ၏ အားထုတ်မှုကို အင်္ဂလိပ် ဘာသာ ပြန်ဆိုခြင်းအားဖြင့် ဂျပန် နိုင်ငံသားများ ဖြစ်စေ၊ တခြားသော နိုင်ငံသားများ ဖြစ်စေ ဖတ်ရလျှင် ထေရဝါဒ ဗုဒ္ဓဘာသာသည် မည်သို့ ထူးခြားသဖြင့် ဤကဲ့သို့သော ကမ္ဘာ့ အဆင့် အတန်းရှိ ပုဂ္ဂိုလ်များက ဤမျှ နှစ်သက်နေကြ သနည်းဟု သိချင်သော စိတ်ကို နှိုးဆော်ရန် ရည်ရွယ်ပါသည်။)

သို့ဖြစ်ရာ ဤတစ်ကြိမ် မေးသော အမေး ပုစ္ဆာများမှာလည်း နိုင်ငံတကာ အဆင့် ရှိသင့်သည်ဟု အကျွန်ုပ် တွေးထင်ခဲ့ပါသည်။ ထို့ကြောင့်ပင် ဂျပန် ရဟန်းတော်အား ကြိုကြိုတင်တင် စကားပလ္လင် ခံလိုက်ပါသည်။

*'This time we shall be dealing with rather deeper questions as to make our readers more interesting and thought provoking, sir.'*

ဤတစ်ကြိမ်တွင် အတန် နက်နဲသော မေးခွန်းများကို မေးလိုပါသည်။ သို့မှသာ စာဖတ်သူများအဖို့ စိတ်ဝင်စားဖွယ်လည်း ဖြစ်ပြီး အတွေးကို ဆွပေးရာ တွေးချင်စဖွယ်များလည်း ဖြစ်ပါလိမ့်မည် ဘုရား။

ဤသို့ လျှောက်ထားပြီးနောက် အောက်ပါ မေးခွန်းများကို မေးပါသည်။ ထိုမေးခွန်းများသည် ဤတွင် မှတ်တမ်းတင်အပ်သည် ဖြစ်၍ တစ်ခုချင်း ဖော်ပြပါမည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အဖို့ ထိုအမေး ပုစ္ဆာများသည် နိုင်ငံခြားသားများနှင့် ဗုဒ္ဓဘာသာကို လေ့လာနေကြသူများ သိချင်သော အမေး ပုစ္ဆာများ ဖြစ်ကြောင်း သဘောပေါက်ကြပါလိမ့်မည်။

ပထမ မေးခွန်းမှာ သမ္မာသမာဓိ သမ္မာဒိဋ္ဌိ ဖြစ်အောင် အားထုတ်ရာတွင် ရဟန်း ပြုခြင်း၏ အကျိုး မည်သို့ ရှိသည်ကို မေးမြန်းခြင်း ဖြစ်ပါသည်။ ထိုအမေးကို မေးခြင်းမှာ အကြောင်း များစွာ ရှိပါသည်။

ထိုအကြောင်းများကိုမူ ဤဆောင်းပါးစဉ်ကို အဆုံးသတ်တော့မည်

http://www.dhammadownload.com



ဖြစ်၍ ယခု မဆိုတော့ပါ။ ယခု မေးခွန်းကိုသာ မှတ်တမ်း အဖြစ် ထည့်သွင်းလိုက်ပါသည်။

*'1. Do you find any advantage in living the life of a monk (bhikkhu) in attempting to attain right concentration and right view, Sir?'*

ဒုတိယ မေးခွန်းသည် စိတ်ပညာ ဒဿန ပညာများ အပေါ် အခြေခံ၍ ခေတ်သစ် စိတ်ပညာက လက်ခံထားသော 'စိတ်' ဆိုသော သဘောတရားနှင့် ဗုဒ္ဓ ဟောကြားတော်မူသော 'စိတ်' စေတသိက် သဘောတို့၏ ကွဲပြား ခြားနားပုံကို ဝိပဿနာ အားထုတ်စဉ်အခါ ဘယ်သို့ မြင်လာရပါသနည်းဟု မေးသော အမေး ပုစ္ဆာ ဖြစ်ပါသည်။ အင်္ဂလိပ် ဘာသာဖြင့် ဤသို့ မေးထားပါသည်။

*'2. As you had been once a student of Liberal Arts, you would probably have studied modern psychology and western philosophy. Thereby, you would have come across the notion of mind or thought in those subjects. Now, you are practicing in the Buddhist insight meditation (Vipassana). Do you find any difference between the Buddhist notion of mind and that of the western thinkers?'*

မစ္စတာ ကီတာတာနီသည် တက္ကသိုလ်မှာ စာသင်စဉ် အခါက *Liberal Arts* ခေါ်သော ဘာသာရပ်ကို သင်ကြား လေ့ကျင့်ခဲ့သူ ဖြစ်ပါသည်။ ထိုဘာသာရပ်သည် ယခုအခါ အလွန် ကြီးကျယ်သော ကမ္ဘာ့ တက္ကသိုလ်ကြီးများမှာသာ သင်ကြား ပို့ချပေးသော ဘာသာရပ် ဖြစ်ပါသည်။ ထိုဘာသာရပ်ကို သင်ယူသူသည် ဒဿန ပညာ၊ စိတ်ပညာ၊ သမိုင်းပညာ၊ စာပေ ဂန္ထဝင် အားလုံး၊ သိပ္ပံ ပညာ သဘောတရားများ အားလုံး၊ လူမှုရေး သိပ္ပံ စသည်တို့ကို ကျယ်ပြန့်စွာ အကြား အမြင် များအောင်၊ စာသင်သားတို့ အနေနှင့် မှန်ကန်စွာ စဉ်းစား ဆုံးဖြတ်တတ်အောင် သင်ပေးသော ပညာရပ် ဖြစ်ပါသည်။ သူသည် ထိုပညာရပ်ကို လေ့လာ သင်ကြား

http://www.dhammadownload.com



ခဲ့ပြီး ဖြစ်ရာ အနောက်တိုင်းသားတို့၏ စိတ်ပညာ၊ ဒဿန ပညာမှ စိတ်ပိုင်းဆိုင်ရာ အမြင် သဘောတရားများကိုလည်း သိပြီး ဖြစ်သည်ဟု အကျွန်ုပ်ထင်မြင်မိပါသည်။ သို့ဖြစ်လျှင် အောက်ပါ ပြဿနာကို အဖြေ ပေးရမည်ဖြစ်သည်။ ထိုပြဿနာမှာ စိတ်ကို ရှုမြင် နားလည် ကြရာတွင် ဗုဒ္ဓ၏အမြင်က မှန်သလား၊ အနောက်တိုင်းသားများ၏ အမြင်က မှန်သလား။ 'မှန်သလား' ဆိုသည်ကို သိရန်မှာ ကိုယ်တိုင် သိမြင်မှု အပေါ်မှာသာတည်ပေလိမ့်မည်။ ယခု သူသည် ဝိပဿနာ တရားကို အားထုတ်နေပြီပဲ။ သူသည် စိတ်ကို လိုက်လံ ရှုပွားနေပြီပဲ။ သို့ဆိုလျှင် ဗုဒ္ဓ ဟောကြားသော စိတ်စေတသိက် သဘောတရားက မှန်သလား၊ အနောက်တိုင်းသားများ ဟောကြားနေသော စိတ်စေတသိက် သဘောတရားများကပင် မှန်သလား။ ထိုအချက်ကို သူ ဘယ်လို အဖြေ ပေးမည်လဲ။ အကျွန်ုပ် သိချင်လှပါသည်။ ဤမေးခွန်းကို မေးရခြင်း၏ အကြောင်း အကျယ်ကို ရေးနေလျှင် ဤဆောင်းပါးစဉ်သည် အဆမတန် ရှည်လျား နေပေလိမ့်မည်။

တတိယ မေးခွန်းသို့ ဆက်ပါမည်။ ထိုမေးခွန်းသည် ပို၍ လေးနက်လာပါသည်။ ဝိပဿနာ အားထုတ်စဉ် တွေ့ကြုံရသော အတွေ့အကြုံအပေါ်မှာ မူတည်ပါသည်။ မိမိ၏ ကိုယ်တွေ့မှာ ဝိပဿနာ အားထုတ်သည့်အခါ စိတ်တည်ငြိမ်မှု (သမာဓိ) *concentration* ရရှိရေး ကိစ္စတွင်တောင်စဉ် ရေမရ တွေးတောခြင်း *thinking* က အလွန် ဒုက္ခ ပေးပါသည်။ ဆိတ်ငြိမ်သော အရပ်မှာ တစ်ယောက်တည်း ထိုင်ပြီး မိမိ စိတ်ကိုပထမ တည်ငြိမ်မှု ရရှိအောင် သမာဓိကို အားထုတ်စဉ် အတွေး အမျိုးမျိုးကသတိကို လွှတ်ချပြီး စိတ်ကို အာရုံ အမျိုးမျိုးသို့ ခေါ်သွားတတ်ပါသည်။ ထိုအတွေ့အကြုံသည် ခါးသီးသော အတွေ့အကြုံ ဖြစ်ပါသည်။ ထိုအခက်အခဲကို လွန်မြောက်အောင် သူ၏ အားထုတ်ပုံတို့ အကျွန်ုပ် သိချင်ပါသည်။ နည်းမှီလို၍ ဖြစ်ပါသည်။ ထိုမေးခွန်းကို အကျွန်ုပ်က အောက်ပါ အတိုင်းမေးပါသည်။

*'3. To my experience thinking and concentration are the two opposing elements of mind, one seeks to destroy the other in the insight meditation of a yogi.*

http://www.dhammadownload.com



*Do you find such a mental crisis in your experiences, Sir? It so, how do you try to overcome that nuisance, Sir?'*

ဤမေးခွန်း၏ အနက် အကျယ်ကို ဝိပဿနာ တရား အားထုတ်ဖူးသူတို့ သိကြပါလိမ့်မည်။ တရား အားမထုတ်ဖူးသူများမှာ ထိုသဘောကို သိမြင်နိုင်မည် မဟုတ်ပါ။ ဤတရားကို လူသာမန်တို့ သဘောပေါက်အောင် အကျယ် ရေးပြရမည် ဆိုလျှင်လည်း ဤဆောင်းပါးစဉ်သည် ဆုံးနိုင်တော့မည် မဟုတ်ပါ။

ယခု မေးခွန်း အမှတ် ၄ ကို ဆက်၍ ဆိုပါမည်။

ဤမေးခွန်းသည် ပို၍ပင် နက်ရှိုင်းပါသည်။ ပညာသည် ဉာဏ်ကြောင့် ဖြစ်သလား၊ လေ့လာ သင်ကြားမှု *learning* ကြောင့် ဖြစ်သလား ဆိုသော ရောမ ပုစ္ဆာကြီးကို အကျဉ်းအားဖြင့် မေးထားခြင်း ဖြစ်ပါသည်။

ခေတ်ပညာတတ်များသည် ပညာကို စာအုပ်ထဲမှာ ရှာဖွေကြသည်။ ဆရာ့ထံမှာ ရှာဖွေကြသည်။ ဤသို့ဖြင့် ကျောင်းသင် ပညာကို တတ်ကြသည်။ ထိုသို့ စာတတ်ခြင်းကိုပင် ပညာတတ်ခြင်းဟု အထင် ရှိကြလေသည်။ ထိုသူတို့သည် သင်ကြား မှတ်သားခြင်း *learning* ကို ဉာဏ် *intellect or insight* ဟု ထင်ကြပါသည်။ ဉာဏ်သည် သင်၍ ရအပ်သော အရာမဟုတ်၊ အားထုတ်ခြင်းဖြင့်သာ ရအပ်သော အရာဖြစ်သည်။ ထိုးထွင်း၍ သိအပ်သော အရာ ဖြစ်သည်။ သိပ္ပံ ပညာရှင်၏ ထိုးထွင်း သိမြင်မှုသည် ဉာဏ် ဖြစ်သည်။ ပညာ *wisdom* သည် *education* (ပညာ) မျိုး မဟုတ်။ ဤသို့ ကွဲပြားစွာ သိရန်မှာ ဝိပဿနာ ဉာဏ်ကို အထိုက်အလျောက် ရရှိသောအခါ ပို၍ သဘောပေါက်ပါသည်။

မိလိန္ဒမင်းသည် အရှင် နာဂသေနအား ဉာဏ်နှင့် ပညာကို တူမတူ မေးဖူးသည်။ ရှင်နာဂသေနက ဖြေဆိုရာတွင် ဉာဏ်ရှိသူသည် ပညာရှိ ဖြစ်နိုင်သည်။ ဉာဏ်သည် ပညာ မဟုတ်။ ဉာဏ်ရှိသူ တချို့လည်း တွေဝေနိုင်သည်။ အတွေ့အကြုံ မရှိဖူးသည့် ကိစ္စတွင် တွေဝေခြင်းသည် ဖြစ်တတ်ကြောင်း။ အကြင် အတတ်ကို ပညာဖြင့် ပြု၏။ ထိုပညာဖြင့် တတ်သောသူသည် မတွေဝေရာ။ အနိစ္စ ဒုက္ခ အနတ္တ တရားကို ပညာဖြင့်

http://www.dhammadownload.com



သိ၏။ ထိုပုဂ္ဂိုလ်သည် မတွေဝေတော့။ ဉာဏ်ဖြစ်ပေါ်ဆဲ ခဏတွင် မောဟ ချုပ်သည်။ ဥပမာအားဖြင့် ဆီမီး ထွန်းညှိထားစဉ် အမိုက်မှောင်သည် ပျောက်ကင်း၏။ အလင်းသည် ထင်ရှား ဖြစ်၏။ ဉာဏ်သည်လည်း ထိုနည်း တူ ဖြစ်၏။

ထိုသဘောတရားများကို နှလုံးသွင်းမိသဖြင့် ထိုအချက်ကို အကျွန်ုပ် အောက်ပါ အတိုင်း မေးလိုက်ပါသည်။

*'4. Educated people usually think that only learning and research enlarge human intellect and develop his power of knowing things as they truely are, but we, Buddhists, believe that by meditation you can enlarge your intellect and develop your power of knowing things as they are. Now you have been practicing in the Buddhist meditation for sometimes. Do you find any evidence to prove the latter view to be true, Sir?'*

ထို့နောက် သမာဓိ (သမထ) နှင့် ဝိပဿနာ အကြောင်းကို ဆက် မေးပါသည်။ ဝိပဿနာ အားထုတ်ရာတွင် သမာဓိ (သမထ) ကို ထူထောင် ပြီးမှ ဝိပဿနာသို့ တက်သင့်သည် ဆိုသော အမြင်ကို သူ ဘယ်သို့ မြင် သနည်း ဆိုသော အမေး ပုစ္ဆာ ဖြစ်ပါသည်။ ဤပုစ္ဆာသည်လည်း လက်တွေ့ အားထုတ်မှု အတွေ့အကြုံကို မူတည်၍ မေးခြင်း ဖြစ်ပါသည်။ ကျွန်ုပ်က အောက်ပါ အတိုင်း မေးခဲ့ပါသည်။

*'5. What is your idea upon the view Meditation is to be practiced only after having concentration?'*

ဤမေးခွန်း အတွက် အဖြေ အမျိုးမျိုးပင် ရှိနေပါလိမ့်မည်။ သို့သော် အကျွန်ုပ်ကမူ သူ၏ အတွေ့အကြုံ အရ သိနားလည်မှုကို သိလို၍ မေးခြင်း ဖြစ်ပါသည်။

တချို့ ဆရာတော်များက အဆင့်မြင့်သော သမာဓိ အဆင့်ကို အင်္ဂလိပ်လို *contemplation* ဟု ပြန်ဆိုပါသည်။ ဈာန်အဆင့် အဘိညာဉ် အဆင့်ကို ဆိုဟန် တူပါသည်။ သမာဓိကို အားထုတ်သောအခါ စိတ်သည်

http://www.dhammadownload.com



တည်ငြိမ်လာပြီးနောက် စူးစိုက်ခြင်းသို့ ရောက်သွားသောအခါ သဘာဝ အဖြစ်မှန် ရုပ်နာမ် ဓမ္မကို ရုတ်တရက် သိတတ်သော ထိုးထွင်းသော *intuition* ခေါ်သော ဉာဏ်သည် ဖြစ်လာသည်ဟု သဘောကျကြပါသည်။ ထိုအတွေ့အကြုံမျိုးကို ဂျပန် ရဟန်းတော်မှာ ရဖူးပါသလား။ အကျွန်ုပ် သိလို၍ မေးမြန်းခြင်း ဖြစ်ပါသည်။

*'6. A fully developed stage of concentration is usually taken to be a state of contemplation. Contemplation opens up ways of intuition and many psychological powers. Do you have any kind of such experience?'*

ဤတစ်ကြိမ် မေးသော မေးခွန်းများမှာ အဆင့်မြင့်လှကြောင်း မစ္စတာ ကီတာတာနီက ချမ်းမြေ့ ဆရာတော်ဘုရားနှင့် တွေ့ဆုံစဉ် လျှောက်ထား ပါသည်။

ထို့နောက် သိက္ခာမချမီ ဂျပန် ရဟန်းတော်က 'အရှင်ဘုရား တပည့် တော် အသက်ရှင်နေသမျှ ကာလပတ်လုံး ဘယ်သို့ ဆက်လက် ကျင့်ကြံ အားထုတ်ပြီး နေသင့်ပါသလဲ ဆိုတာဟာ အလွန် အရေးကြီးတဲ့ ပြဿနာ ဖြစ်နေပါတယ် ဘုရား၊ အမိန့်ရှိပါဦး ဘုရား'

ဤသို့ လျှောက်ထားပါသည်။

ထိုအခါ ဆရာတော်ဘုရားက 'သင် စာရေးနေတဲ့ အခါ၊ စာဖတ် နေတဲ့ အခါ၊ သင် စကား ပြောနေတဲ့ အခါ၊ သင် အိပ်မောကျနေတဲ့ အခါမှ အပ ကျန်တဲ့ အချိန်တွေ အားလုံးမှာ ဝိပဿနာ တရား အားထုတ် နေပါ၊ သတိ ပဋ္ဌာန် တရားကို စွဲစွဲမြဲမြဲ လုပ်နေပါ' ဟု နောက်ဆုံး အမှာ စကား မိန့်ကြားတော်မူပါသတည်း။

## နိဂုံး

**[မှတ်ချက်။** ။ မိုးဝေ မဂ္ဂဇင်းတွင် ဤဆောင်းပါးစဉ်ကို အခန်းဆက် ရေးခဲ့ရာ အကြောင်းကြောင်းကြောင့် ဤတွင် အဆုံးသတ်လိုက်ရပါသည်။ ယခု ဤစာအုပ်ငယ်သည် မဂ္ဂဇင်းတွင် ဖော်ပြပြီးသမျှကိုသာ စုပေါင်းပြီး စာတစ်စောင် ဖြစ်အောင် ဖန်တီးလိုက်ခြင်း ဖြစ်၍ ပြောသင့်သည်များ

http://www.dhammadownload.com



ကြွင်းကျန်နေသေးသည်ကို စာရေးသူ သတိပြုမိပါသည်။

သို့ရာတွင် စာဖတ်သူအား ဤစာအုပ်ငယ်က အတွေးစိတ်ကို လှုံ့ဆော်ပြီး သိချင်စိတ်ကို နှိုးဆွလိုက်မည်ဟု မျှော်လင့်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုသူများက စူးစမ်းသောအားဖြင့် မေးမြန်းသည် ရှိသော် ဤစာအုပ်ကို နောင်တွင် ထပ်မံ ရိုက်နှိပ်သော အခါမှ ဖြည့်စွက် ဖြေကြားပါမည်။]

**ဆန်းလွင်**

http://www.dhammadownload.com

ဘဝတက္ကသိုလ်

# ဘဝ တက္ကသိုလ် စာပေတိုက်ထုတ် ဆန်းလွင်၏ စာအုပ်များ

၁။ ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း
၂။ ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် အကြောင်း
၃။ ရွှေတောင်တက် ဒဿန
၄။ သစ္စာ ဉာဏ်ပွင့် ဒဿန
၅။ ဂိုးလ်စတိန်း ကိုယ်တွေ့ ဝိပဿနာ [ဦးဟန်ငြွေး (သုတေသန) နှင့် ပူးတွဲရေး]
၆။ တရား တွေ့ဖို့ ချမ်းမြေ့ဖို့

■